

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန

စာအုပ်အမှတ်စဉ် ( ၆ / ၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ

**ထုတ်ဝေသည့်အကြိမ်**

ပထမအကြိမ်

**အုပ်ရေ**

၂၀၀၀ အုပ်

**ပုံနှိပ်**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

## မာတိကာ


| | | |
|---|---|---|
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် | ၇ |
| – | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် | ၈ |

**မိန့်ခွန်းများ**

| | | |
|---|---|---|
| ၁။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုပြောကြားသည့်အမှာစကား | ၉ |
| ၂။ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၁) တွင် ပြောကြားသည့်အမှာစကား | ၁၃ |
| ၃။ | ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၁၉ |
| ၄။ | ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံနှုတ်ဆက်စဉ် ပြောကြားသည့်အမှာစကား | ၂၄ |
| ၅။ | ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၂၈ |
| ၆။ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း | ၃၀ |
| ၇။ | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)၊ ပြင်ဦးလွင်ဘူတာနှင့် ပြင်ဦးလွင်မြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၃၇ |
| ၈။ | ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ဆေးရုံရိပ်သာများ ထိန်းသိမ်းထားရှိမှုနှင့် နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၄၀ |
| ၉။ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံပြောကြားသည့်အမှာစကား | ၄၃ |
| ၁၀။ | ၂၀၂၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း | ၄၇ |

၁၁။ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၅၀

၁၂။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၅၃

၁၃။ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁)ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၆၀

၁၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၈/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား ၆၃

၁၅။ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားမှတ်ပုံတင်ကတ်များ ပြုလုပ်ပေးနေမှုများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၆၉

၁၆။ မန္တလေးတိုင်းဒေသကြီး တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၇၃

၁၇။ တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား ၇၅

၁၈။ မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၇၉

၁၉။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၈၁

၂၀။ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၈၇

၂၁။ ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၉၂

၂၂။ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများနှင့် သန္ဓေအရာရှိများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၉၅

၂၃။ (၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်) အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနား၌ ပြောကြားသည့်အမှာစကား ၉၉

၂၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၀၄

၂၅။ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၁၀၈

၂၆။ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၉)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၁၁၁

၂၇။ ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၁၆

၂၈။ ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၂၀

၂၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) တွင် ပြောကြားသည့်အမှာစကား ၁၂၄

## သဝဏ်လွှာများ

၁။ (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ၁၃၁

၂။ (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၁၃၃

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ
# သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ချီးမြှင့်ပွဲအခမ်းအနားတွင်
# ဂုဏ်ပြုပြောကြားသည့် အမှာစကား

( ၁ - ၁၂ - ၂၀၂၂ )




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားအား ဒီဇင်ဘာလ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်အမျိုးသားနှင့် အမျိုးသမီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး စဉ်ဆက်မပြတ် တိုးတက်ထွန်းကားပြန့်ပွားစေရန်အတွက် သံဃာတော် အရှင်သူမြတ်များက ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရနှစ်ဖြာသာသနာကို အားသွန်ခွန်စိုက် ကြိုးစားအားထုတ်ကြပြီး နိုင်ငံသူ၊ နိုင်ငံသားအပေါင်းအား ပစ္စုပ္ပန်၊ သံသရာကြီးပွားရာကြီးပွားကြောင်းနည်းလမ်းကောင်းများကို အခွင့်အခါသင့်တိုင်း ဟောကြားပြသလျက်ရှိကြပါကြောင်း၊ ဗုဒ္ဓဘာသာဝင် နိုင်ငံသူနိုင်ငံသားများကလည်း သာသနာတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းများကို ကြည်လင်သည့် သဒ္ဓါတရား၊ ထက်သန်သည့် စေတနာအားများဖြင့် ထောက်ပံ့လှူဒါန်းလျက်ရှိကြပါကြောင်း၊ ဤကဲ့သို့ အလှူရှင်အပေါင်းတို့၏ စေတနာသဒ္ဓါတရားတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်အားပေးအသိအမှတ်ပြု ဆောင်ရွက်မြဲဖြစ်သည့် မဟာကုသိုလ်တော်တစ်ရပ်မှာ သာသနာ့ဒါယကာ၊ ဒါယိကာမများကို သာသနာတော်ဆိုင်ရာ နုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပင်ဖြစ်ကြောင်း။

"**သာသနာနုဂ္ဂဟ**" ဆိုသည့်စကားသည် သာသနာတော်ကို ပစ္စည်းလေးပါးတို့နှင့် ထူးကဲစွာ လှူဒါန်းထောက်ပံ့ခြင်းဟု အဓိပ္ပါယ်ရသည်ဟု လေ့လာသိရှိရကြောင်း၊ အနက်အဓိပ္ပါယ်အားဖြင့် ရိုးရှင်းလှသော်လည်း လုပ်ငန်း ဆောင်တာအားဖြင့် "စိရံ တိဋ္ဌတု သဒ္ဓမ္မော" ဟူသောဒေသနာတော်နှင့်အညီ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး နှစ်ငါးထောင်မက အရှည်ခန့်၍ တည်တံ့စေရန်ဟူသော မွန်မြတ်သည့် သမ္မာဆန္ဒနှင့် အကြီးအမှူးပြုသူများဟု ပြောဆိုရမည်ဖြစ်ကြောင်း။

**"သာသနာနုဂ္ဂဟ" ဆိုသည့်စကားသည်**
**သာသနာတော်ကို ပစ္စည်းလေးပါးတို့နှင့်**
**ထူးကဲစွာလှူဒါန်းထောက်ပံ့ခြင်းဟု**
**အဓိပ္ပါယ်ရသည်ဟု လေ့လာသိရှိရ၊**
**အနက်အဓိပ္ပါယ်အားဖြင့် ရိုးရှင်းလှသော်လည်း**
**လုပ်ငန်းဆောင်တာအားဖြင့်**
**"စိရံ တိဋ္ဌတု သဒ္ဓမ္မော" ဟူသော**
**ဒေသနာတော်နှင့်အညီ မြတ်စွာဘုရားရှင်၏**
**သာသနာတော်မြတ်ကြီး နှစ်ငါးထောင်မက**
**အရှည်ခန့်၍ တည်တံ့စေရန်ဟူသော**
**မွန်မြတ်သည့် သမ္မာဆန္ဒနှင့် အကြီးအမှူး**
**ပြုသူများဟု ပြောဆိုရမည်ဖြစ်။**

## ဥပါသကာဂုဏ်ရည် ၁၀ ပါးနှင့် ပြည့်စုံရမည်

သာသနာနုဂ္ဂဟဘွဲ့ကို ချီးမြှင့်အပ်နှင်းရာတွင် ဥပါသကာဂုဏ်ရည် ၁၀ ပါးနှင့် ပြည့်စုံရမည်ဖြစ်သဖြင့် ထိုဥပါသကာဂုဏ်ရည်များတွင် မိမိနှင့်သံဃာ အေးအတူပူအမျှ ချမ်းသာတူဆင်းရဲမခွဲ နေတတ်သူဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ တရားတော်ကိုသာလျှင် အကြီးအမှူးထားသူ ဖြစ်ခြင်း၊ မိမိ၌ရှိသော ပစ္စည်းဥစ္စာအင်အားအလျောက် ဝေဖန်ပိုင်းခြား လှူဒါန်းခြင်း၌ မွေ့လျော်တတ်သူဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး ပျက်ပြားဆုတ်ယုတ်သည်ကို သိရ၊ ကြားရ၊ တွေ့မြင်ရသော် တိုးတက်စည်ပင်အောင် ကြိုးပမ်းအားထုတ်သူဖြစ်ခြင်း၊ ကောင်းသောအယူဝါဒရှိသူဖြစ်ခြင်း၊ သင့်တင့်ညီညွတ်ခြင်း၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူဖြစ်ခြင်း၊ အမြင်ထူး၊ အကြားထူး စသည်ကို မင်္ဂလာဟုလက်မခံဘဲ ဗုဒ္ဓမှတစ်ပါး အခြားမည်သူ့ကိုမျှ ဆရာမတင်နိုင်သူဖြစ်ခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာကိုစောင့်စည်းတတ်သူဖြစ်ခြင်း၊ ပြုစုမှုကင်းကာကောက်ကျစ်စဉ်းလဲသည့်အစွမ်းဖြင့် သာသနာတော်၌ ကျင်လည်ကျက်စားသူမဖြစ်ခြင်း၊ ရတနာမြတ်သုံးပါးကိုသာ ကိုးကွယ်အားထားရာဟူ၍ မပြတ်ဆည်းကပ်တတ်သူဖြစ်ခြင်း စသည့်အချက်များနှင့် ပြည့်စုံကြသည်သာမက သက်ဆိုင်ရာကျောင်းတိုက် အသီးသီးတွင် အထူးသဖြင့် နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြု တာဝန်ထမ်းဆောင်လျက်ရှိသည့် သာသနာပြုရဟန်းတော်များ ပစ္စည်းလေးပါးတို့ဖြင့် မပင်ပန်းရလေအောင် ထာဝရ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် နယ်စပ်နှင့်တောင်တန်းဒေသများရှိ ဗုဒ္ဓဘာသာဝင်ကလေးငယ်များနှင့် ကျေးလက်ဒေသများရှိ နွမ်းပါးသည့် ကလေးငယ်များကို ရှင်ပြုပေးပြီး ရှင်ဒါယကာ၊ ဒါယိကာမ၊ ရဟန်းဒါယကာ၊ ရဟန်း

ဒါယိကာမများအဖြစ် ရယူခြင်းဖြစ်သည့်အတွက် ဘုရားရှင်အလိုတော်ကျ သာသနာ့အမွေကို ခံယူထားသူများအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

**နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်**

ခေတ်ကာလအလျောက် သာသနာတော် ထွန်းကားပြန့်ပွားခြင်း၊ ဆုတ်ယုတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆရာတော်ကြီးများက "ခေါက်ရာငှက်များပျံသန်းတဲ့အခါ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ပျံသန်းသကဲ့သို့ သာသနာတော်၏ ဆုတ်ယုတ်ခြင်း၊ စည်ပင်ပြန့်ပွားခြင်း သဘောသဘာဝသည် လောကခံသဘောပင်ဖြစ်သည့်အတွက် ခေါက်ရာငှက်တို့၏ ပျံသန်းပုံနှင့်တူကြောင်း၊ တိုင်းပြည်အုပ်ချုပ်သော ပုဂ္ဂိုလ်တို့သည် သာသနာတော်ကို ကြည်ညိုတတ်၊ မြတ်နိုးကော်ရော်ပူဇော်တတ်၊ ချီးမြှောက်တတ်သော ပုဂ္ဂိုလ်များဖြစ်ပါက သာသနာတော်ဟာလည်း ထက်ဖျားသိုတိုင်မြင့်၍တင့်၍ စည်ပင်ပြန့်ပွားလေ့ရှိကြောင်း၊ ထိုသို့မဟုတ်ပါက နိမ့်ကျကာ ဆုတ်ယုတ်တတ်ကြောင်း" စသည်ဖြင့် ခေါက်ရာငှက်များ၏ ပျံသန်းတတ်သည့်အခြင်းအရာကိုပမာပြု၍ နှိုင်းယှဉ်မိန့်ကြားလေ့ရှိသည်ကို သတိပြုအမှတ်ရမိပါကြောင်း။

**အထူးအလေးထား ကြိုးစားဆောင်ရွက်သွားမည်**

ထို့ကြောင့် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ဗုဒ္ဓဘာသာဝင် နိုင်ငံသူ၊ နိုင်ငံသားများနှင့်အတူ လျှဒါန်းထောက်ပံ့ရေးနှင့် အခြားပံ့ပိုးဆောင်ရွက်ဖွယ်ရာများကို အထူးအလေးထားကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်ကို ထည့်သွင်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ ထူးခြားမြင့်မြတ်ကာ ဘုန်းကံကြီးမားသည့် သာသနာတော်မြတ်ကြီးကို ဘုန်းကံပါရမီရှိသူတို့သည် သာလျှင် ချီးမြှောက်ထောက်ပံ့ခွင့်၊ သာသနာပြုခွင့်ရရှိကြသည့်အားလျော်စွာ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ထိုကဲ့သို့သော ပါရမီရှင်များကို သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းသည် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်၊ ချီးမြှင့်သင့်ချီးမြှင့်ထိုက်သည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး အန္တရာယ်ခပ်သိမ်း ပပျောက်ငြိမ်းလျက် ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာအဖြာဖြာတို့ အမှန်ပင်ရရှိကြလိမ့်မည်ဟု အခိုင်အမာယုံကြည်မိပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမှူးပြုသည့် ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့နှင့်တကွ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ ပုဂ္ဂိုလ်များသည် မြတ်စွာဘုရားရှင်၏ အနှိုင်းမဲ့သည်းခံခွင့်လွှတ်ခြင်းနှင့် ငြိမ်းချမ်းရေး တရားဒေသနာတော်များကို ထွန်းသစ်စ နေဝန်းပမာ မြန်မာမှသည် ကမ္ဘာသို့တိုင်အောင် ထွန်းလင်းတောက်ပစေရေး အစဉ်အားပေးနိုင်ကြပါစေကြောင်း။

ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူနေကြသည့် ဆရာတော်သံဃာတော်များ၊ သီလရှင်ဆရာကြီးများ၊ နယ်စပ်နှင့်တောင်တန်းဒေသများတွင် အခက်အခဲပေါင်းများစွာနှင့်သာသနာပြုလျက်ရှိကြသည့် သာသနာပြုဆရာတော်များနှင့် သာသနာပြု သီလရှင်ဆရာကြီးများ၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့် သီလရှင်သင်ပညာရေးကျောင်းများတွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ပစ္စည်းလေးပါးတို့နှင့် မပင်ပန်းရစေရန် ဆရာဒကာ တွဲလက်ညီညာစွာဖြင့် လှူဒါန်းထောက်ပံ့ သာသနာပြုနိုင်ကြပါစေကြောင်း၊ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်ကြလျက် နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးတို့ကို ကျန်းမာရွှင်လန်းသော ကိုယ်စိတ်နှစ်ပါးတို့ဖြင့် ဆထက်ထမ်းပိုး ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

**ချီးမြှင့်အပ်နှင်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဦးအောင်အောင်၊ ဦးလှထွန်း၊ ဦးသန်းဝင်းနှင့် ဦးလီကျန်းချန် (ခ) ဦးလျှိုအားပေါက်တို့ကိုလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ ဒေါက်တာလှဝင်းအောင်၊ ဦးစိုးသန်းထွန်းနှင့် ဦးဇေယျာသူရမွန်တို့ကိုလည်းကောင်း ဘွဲ့တံဆိပ်များနှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်ခင်မြင့်ဦး၊ ဒေါ်မေသက်မော်၊ ဒေါ်ခင်ရွှေ၊ ဒေါ်ရွှေဥ၊ ဒေါ်သန်းသန်းစိန်၊ ဒေါ်သန်းမြ၊ ဒေါ်နန်းခင်ညွန့်နှင့် ဒေါ်ဝင်းမြင့်တို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်က အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီဘွဲ့ရ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ဌေးဌေးသိန်း၊ ဒေါ်ကြည်ပြာခိုင် (ကိုယ်စား) ဒေါ်ဝင်းဇာနည်ပိုင်၊ ဒေါ်သီတာစန်း၊ ဒေါ်ခင်သန့်ဇင်နှင့် ဒေါ်အိသန္တာဘိုတို့ကို လည်းကောင်း ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယခုပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားတွင် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရ အမျိုးသား ၇ ဦး၊ အဂ္ဂမဟာသီရိသု ဓမ္မသိင်္ဂီဘွဲ့ရအမျိုးသမီး ၁၄ ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့ပြီး ကျန်ရှိ သည့်သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ အမျိုးသား ၃၃ ဦးနှင့် အမျိုးသမီး ၅၂ ဦးတို့ကိုသက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏အစီအစဉ် ဖြင့် သတ်မှတ်နေရာများတွင် အသီးသီးချီးမြှင့်အပ်နှင်း သွားမည်ဖြစ်ပါသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

( ၃ - ၁၂ - ၂၀၂၁ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၁)ကို ဒီဇင်ဘာလ ၃ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမဦကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ ဒေါ်သီတာဦး၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒေါက်တာဌေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တာဝန်ထမ်းဆောင်ခဲ့သည့် ဆယ်လတာကာလအတွင်း အခက်အခဲများကို ကျော်လွှားကြိုးစားဆောင်ရွက်ခဲ့သကဲ့သို့ အောင်မြင်မှုများလည်းရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများတိုးတက်စေရန်ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများပင်ဖြစ်ကြောင်း၊ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး လုပ်အားများ များစွာရှိသဖြင့် ကျေးလက်ကိုအခြေခံသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ထပ်မံတိုးချဲ့ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း။

**စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်**

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်မှုများကြောင့် ထိုက်သင့်သလောက် တိုးတက်မှုများရှိလာသော်လည်း ကိုဗစ် –၁၉ ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သဖြင့် ကန့်သတ်မှုများရှိခြင်းကြောင့် ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ကိုဗစ်–၁၉ ကြောင့် စီပွားရေးကျဆင်းသကဲ့သို့ ယခင်အစိုးရတာဝန်ထမ်းဆောင်စဉ် ၂၀၁၈ ခုနှစ်မှစ၍ စီးပွားရေးကျဆင်းလာသည်ဟုသုံးသပ်ကြကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ကိုဗစ်–၁၉ ရောဂါစတင် ဖြစ်ပွားချိန်တွင် ပြည်ပနိုင်ငံများမှ အကူအညီများရရှိခဲ့ကြောင်း၊

> **အစိုးရတစ်ရပ်အနေဖြင့် အခွန်ငွေများ အပြည့်အဝရရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နိုင်မည်ဖြစ်၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေခွန်အပါအဝင် အခွန်များအပြည့်အဝ ရရှိမှုမရှိ၊ နယ်စပ်ဒေသများမှ ပြည်ပပို့ကုန် သွင်းကုန်များ၌ အခွန်ငွေကောက်ခံမှုများ စနစ်တကျမရှိမှုကြောင့် နိုင်ငံအတွက် နစ်နာမှုများ များစွာဖြစ်ပေါ်လျက်ရှိ၊ ထို့ကြောင့်နယ်စပ်ကုန်သွယ်ခွန်များ အပြည့် အဝကောက်ခံနိုင်ရေး တာဝန်ရှိသူများက စနစ်တကျဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက် ကြရန်လို၊ အခွန်ငွေများ အပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများမှ မျက်ခြည်မပြတ်စောင့် ကြည့်၍ ဆောင်ရွက်ကြရန်လို၊ အခွန်ငွေ ကောက်ခံမှုနှင့်ပတ်သက်သည့် မသမာမှုပြုလုပ် မှုများကို ဖော်ထုတ်ထိန်းသိမ်း၍ ကြပ်မတ်ဆောင်ရွက်သွားကြရန်လို။**

နိုင်ငံရေးအခြေအနေအရ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာပြီးချိန်တွင် နိုင်ငံရေးမတည်ငြိမ်မှု ဖြစ်ပေါ်လာခဲ့မှုများကြောင့် နိုင်ငံတကာမှရင်းနှီးမြှုပ်နှံမှုများမှာလည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် ကျဆင်းမှုရှိလာခဲ့ကြောင်း၊ ကိုဗစ်–၁၉ ဖြစ်ပွားနေမှုကြောင့် ကူးစက်မှုနှုန်းများကျဆင်းစေရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ရခြင်းကြောင့် အချို့လုပ်ငန်းများတွင် လစ်ဟင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုဗစ် –၁၉ ရောဂါ ဖြစ်ပွားမှုမှာလည်း ယခုအခါအတိုင်းအတာတစ်ခုအထိကျဆင်းလာပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုမြင့်တက်နေချိန်ကာလတွင်လည်း တစ်ဖက်မှ အာဆီယံအဖွဲ့နှင့် ဘုံသဘောတူညီချက် ၅ ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးကြားမှ တတ်နိုင်သလောက် အကောင်အထည်ဖော်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏စီးပွားရေးကျဆင်းမှုမရှိစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာရှားပါးမှုမရှိစေရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စားရေရိက္ခာပေါများစေရေး တပ်မတော်ကဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး အထိုက်အလျောက် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ သို့သော် ကုန်ပစ္စည်းများမှာ အကြောင်းအမျိုးမျိုးဖြင့် စျေးနှုန်းမြင့်တက်လျက်ရှိပြီး ပြည်ပသွင်းကုန်များစျေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်နိုင်ရေး နိုင်ငံတော် အစိုးရမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်သွင်းကုန်အနေဖြင့် ၂၀၂၀–၂၀၂၁ ခုနှစ် အစီရင်ခံစာအရ ၂၀၁၉–၂၀၂၀ ခုနှစ်ထက် ကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း၊ သွင်းကုန်များတွင် အဓိကသွင်းကုန်များမှာ ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီများ၊ ယာဉ်အပိုပစ္စည်းများ၊ ဆေးဝါးများ၊ ဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ လယ်ထွန်စက်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရပြီး အများဆုံးမှာ ရေနံထွက်ပစ္စည်းများနှင့် စားအုန်းဆီများ ဖြစ်ကြောင်း။

**ပြည်ပသွင်းကုန်များ အစားထိုးနိုင်**

ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်မှုကို မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်သုံးဆီချွေတာသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှု များစွာလျော့နည်းသွားမည်ဖြစ်သဖြင့် ကုန်သွယ်မှုပိုငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်

Public Transportation လုပ်ငန်းများကို ဘက်ပေါင်းစုံမှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စက်သုံးဆီများလျှော့ချနိုင်ရေး လျှပ်စစ်ဓာတ်အား အသုံးပြုသွားလာနိုင်ရေးဆောင်ရွက်ရန်လိုအပ်သဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများလုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တည်ဆောက်ရေးစီမံကိန်းများမှာ အချိန်ပေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အလားတူ စားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများစိုက်ပျိုးနိုင်သည့် နေရာဒေသများစွာရှိကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အလားတူ စိုက်နည်းစနစ်များကိုလည်း ခေတ်မီစိုက်နည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့် နိုင်ငံသားအချို့အနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်၍ ဝင်ငွေရရှိအောင် ဆောင်ရွက်နေရကြောင်း၊ ပြည်တွင်းထုတ်ကုန်နှင့်ပတ်သက်၍ ပြည်တွင်း၌ မော်တော်ယာဉ်များ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရန်လိုပြီး အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့်ပစ္စည်းများကို ပြည်ပသွင်းကုန်များ၏ အရည်အသွေးနှင့်ယှဉ်နိုင်အောင် ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် ပြည်တွင်းစီးပွားရေး တိုးတက်စေရန်အတွက် အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်အသုံးပြုသည့် မော်တော်ယာဉ်များ ပြည်တွင်း၌ထုတ်လုပ်၍ သုံးစွဲနိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာ အကျိုးရှိမည်ဖြစ်ကြောင်း။

**ကျန်းမာရေးကောင်းမွန်ရန်လိုအပ်**

ပြည်ပမှဆေးဝါးများတင်သွင်းမှုနှင့်ပတ်သက်၍ ပြည်သူလူထု၏ကျန်းမာရေးအတွက် တင်သွင်းနေရခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဆေးဝါးသုံးစွဲမှုလျှော့ချနိုင်ရေး ကျန်းမာရေးကောင်းမွန်ရန်လိုအပ်ပြီး ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများနှင့် ကိုယ်လက်လှုပ်ရှားမှုများရှိရန်လိုကြောင်း၊ အချို့သောပြည်သူများမှာ ပြည်ပနိုင်ငံများသို့သွားရောက်၍ ကျန်းမာရေးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ကုသခြင်းဖြင့် ငွေကုန်ကြေးကျများရှိသကဲ့သို့ အခြားအခက်အခဲများလည်းများစွာရှိကြောင်း၊ အဆိုပါကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ရန်လိုအပ်သဖြင့် နိုင်ငံအတွင်းရှိ ဆေးရုံ၊ ဆေးခန်းများ၌ ကျန်းမာရေးဝန်ထမ်းများသာမက အထောက်အကူပြုစက်ပစ္စည်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပုဂ္ဂလိကဆေးရုံများ စနစ်တကျရှိစေရေး ကြပ်မတ်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားများ၏ကျန်းမာရေးမြှင့်တင်မှုများဆောင်ရွက်ရန်လိုအပ်ပြီး ပြည်တွင်းဆေးဝါးထုတ်လုပ်မှုများမှ တိုင်းရင်းဆေးကို အခြေခံသည့်ဆေးဝါးများနှင့် ပဋိဇီဝဆေးဝါးများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ထိထိရောက်ရောက် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးရုံပေါင်း ၁၁၇၇ ရုံရှိပြီး ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံအတွင်းရှိ ဆေးတက္ကသိုလ်အသီးသီးမှ ဆေးပညာရှင် ပေါင်း ၅၇၀၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့သော်လည်း နိုင်ငံအတွက် တာဝန်ထမ်းဆောင်နိုင်မှုနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ တာဝန်ထမ်းဆောင်မှုနည်းပါးခြင်းကြောင့် အချို့သော တိုက်နယ်ဆေးရုံများတွင် ဆရာဝန်များ တာဝန်ထမ်းဆောင်နိုင်မှုမရှိသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများကသာ ဆောင်ရွက်၍ရသဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်တွင် အပြည့်အဝတာဝန်ထမ်းဆောင်နိုင်စေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုသည် အနိမ့်ဆုံးဖြစ်နေသည့်အတွက် ဆေးပညာနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ လူမှန်နေရာမှန်ရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း။

ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးနှင့်ပတ်သက်၍ အချို့ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လုံခြုံရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများကြောင့် ပညာသင်ကြားမှုများ အပြည့်အဝဆောင်ရွက်နိုင်မှုမရှိသေးသည်ကိုတွေ့ရှိရကြောင်း၊ ကျောင်းသား၊ ကျောင်း

သူများ ပညာသင်ကြားရာတွင် လုံခြုံမှုရှိစေရေးနှင့် ပညာအပြည့်အဝသင်ကြားနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း စသည့်လေးဖွဲ့ပူးပေါင်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ မကြာမီအချိန်တွင်လည်း တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုဗစ် – ၁၉ ရောဂါကူးစက်မှုနှင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် "ကိုဗစ်နဲ့ပတ်သက်ပြီးတော့ အခုနောက်ဆုံးအခြေအနေပြောရလို့ရှိရင် ဖြစ်ပွားသူအားလုံး ကျွန်တော်တို့နိုင်ငံမှာ ၅၂၃၃၄၆ ယောက်ရှိပါတယ်။ ပျောက်ကင်းတဲ့သူက ၄၉၈၇၄၈ ယောက်ရှိပြီး သေဆုံးတဲ့သူက ၁၉၁၂၀ ယောက်ဖြစ်ပါတယ်။ ဖြစ်ပွားတဲ့နှုန်းက ၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်ရှိပါတယ်။ နေ့စဉ်ပြောရလို့ရှိရင် အချို့လည်း ၃၀၀ လောက် ဆင်းသွားတဲ့ရက်တွေရှိသလို အချို့ရက်တွေမှာလည်း ၄၀၀ နဲ့ ၅၀၀ ကြားထဲမှာရှိနေပါတယ်။ ၂ ရာခိုင်နှုန်း ပတ်ဝန်းကျင်လောက်တော့ ဖြစ်ပွားမှုနှုန်းရှိနေပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့နိုင်ငံအတွက် ဘာပဲပြောပြော လက်ခံနိုင်တဲ့အနေအထားရှိတယ်ဆိုတာကို ကျွန်တော်တို့တွေ့ပါတယ်။ ဒါတွေဒီလိုကျေပြီဆိုပြီး ဝမ်းသာနေလို့မရဘူး။ အခု အိုမီခရွန်ဆိုပြီးထပ်ဖြစ်နေတယ်။ အိန္ဒိယမှာပဲ မနေ့က ၂ ယောက်တွေ့တယ်ဆိုပြီး Breaking News မှာ ကျွန်တော်တွေ့လိုက်တယ်။ ၂ ယောက်ဖြစ်တယ်ဆိုပြီး တွေ့လိုက်ပါတယ်။ အိန္ဒိယမှာဖြစ်နေတာ။

**အထိခိုက်ခံလို့မဖြစ်**

အဲဒီတော့ အာရှနိုင်ငံတွေမှာလည်း ဒီ အိုမီခရွန်က ဖြစ်နေတာရှိတယ်။ သူက ကူးစက်မှုလည်း တော်တော်လေးမြန်တယ်။ ဖြစ်ပွားမှုလည်း ပြင်းထန်တယ် ဒီလိုပြောတာပေါ့။ အဲဒီတော့ ကျွန်တော်တို့ ပေါ့လို့တော့မရဘူးဆိုတာလေး ပြောချင်ပါတယ်။ ကျွန်တော်တို့က ကျောင်းတွေဖွင့်ထားတာ။ ကျောင်းတွေ၊ ကလေးတွေ ကျောင်းတက်နေကြပြီ။ ကျောင်းတက်နေတော့ ဒီကလေးတွေ ပညာသင်ကြားရေးမှာ ဘယ်လိုမှ ထိခိုက်ခံလို့မရဘူး။ အထိခိုက်ခံလို့မဖြစ်ဘူး။ သူတို့ကို ကျန်းကျန်းမာမာနဲ့မတ်လကုန် ကျွန်တော်တို့ စာမေးပွဲပြီးတဲ့အထိ ကျောင်းတက်နိုင်ဖို့လိုတယ်၊ ကျန်းကျန်းမာမာ တက်နိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ တက်နိုင်ဖို့လိုတယ်။ သူတို့တင်မဟုတ်ဘူး။ ပညာရေးဝန်ထမ်းတွေလည်း ဒီအတိုင်းပဲ။ ကျန်းကျန်းမာမာနဲ့ ပညာသင်ကြားပေးနိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ ပညာသင်ကြားပေးနိုင်ဖို့လိုတယ်။ ဒါကိုကျွန်တော်တို့က တော်တော်ဂရုစိုက်ရမှာဖြစ်ပါတယ်။ တော်တော်ဂရုစိုက်ရမှာ။ ပညာရေးက ချက်ချင်းပြီးသွားတာမဟုတ်ဘူး။ ကျွန်တော်တို့က တောက်လျှောက်ကို စောင့်ရှောက်ပေးရမယ့် အနေအထားရှိတယ်။ Long Term သွားရတာ။ ဒါကြောင့် ဒါကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများရော၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့များကလည်း အလေးထားကြပ်မတ်ပေးပါလို့ ကျွန်တော်ပြောလိုပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ယနေ့အချိန်အထိ စုစုပေါင်းဆေး Dose ၄၂၆၇၁၆၀၀ ရရှိခဲ့ပြီးဖြစ်ပြီး ထိုးနှံပြီးစီးမှုအနေဖြင့် ယခုလ ၂ ရက်နေ့ အထိ ၂၉၂၁၄၉၈၀ Dose ထိုးနှံပြီးဖြစ်ကြောင်း၊ နှစ်ကြိမ်အပြည့်ထိုးနှံပြီးသူ ၁၂၀၄၈၀၀၅ ဦး၊ တစ်ကြိမ်ထိုးနှံပြီးသူ ၅၁၁၈၉၇၀ ဖြစ်ကြောင်း၊ ယခုလအတွင်း၌လည်း ရုရှားနိုင်ငံမှ လှူဒါန်းသည့်ဆေးဝါးများနှင့် ဝယ်ယူထားသည့် ကာကွယ်ဆေး အလုံးရေ တစ်သန်းထပ်မံ ရောက်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်အတွင်း မျှော်မှန်းအုပ်စု၏ ၅၀ ရာခိုင်နှုန်း ထိုးနှံနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တစ်ရက်လျှင် ဆေးထိုးနှံမှုအနေဖြင့် ၂ သိန်း ခုနှစ်သောင်းပတ်ဝန်းကျင်မှ ၃ သိန်းပတ်ဝန်းကျင်အထိ ထိုးနှံပေးလျက်ရှိကြောင်း၊ ဆေးထိုးနှံမှု အရေအတွက် တိုးတက်စေရေး ထပ်မံကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးများထိုးနှံထားမည်ဆိုပါက ရောဂါကူးစက်မှုကို အထိုက်အလျောက် ကာကွယ်နိုင်ပြီး ရောဂါကူးစက်ခံရပါကလည်း အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိစေနိုင်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်ကြရန်လို**

စားရေရိက္ခာ ပေါများစေရေးနှင့် ဒေသအလိုက် ရိက္ခာဖူလုံမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဥစားကြက်မွေးမြူရေး၊ နို့စားနွား၊ အသားစားနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊

စနစ်ကျသည့် မွေးမြူရေးဖြစ်စေရန် ဆောင်ရွက်ကြရန်လိုအပ်ပြီး ဒေသအလိုက် စားရေရိက္ခာဖူလုံမှုရှိပါက နိုင်ငံသာယာဝပြောခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေး အထွက်နှုန်းများ နည်းပါးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွင်းဓာတ်မြေဩဇာများ လုံလောက်စွာရရှိနိုင်ရေး အစိုးရမှကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကိုလည်း သဘာဝဓာတ်မြေဩဇာများအဖြစ် ထုတ်ယူသုံးစွဲနိုင်ရေး အသိပညာပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သဘာဝဓာတ်မြေဩဇာ များပြားစွာရရှိစေရေး စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်တွင်းတွင် ဓာတ်မြေဩဇာ ထုတ်လုပ်နိုင်ရေးအတွက်လည်း စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်စိုက်ပျိုးရာသီအတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရာတွင်လည်း မျိုးတူသည့်မျိုးကောင်းမျိုးသန့်များနှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုအပ်သကဲ့သို့ စိုက်ပျိုးရေများလုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း။

မြို့သာယာလှပရေးနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ပြီးခဲ့သည့်မိုးတွင်းကာလများတွင် ရေကြီးရေလျှံမှုများ မရှိသလောက် ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် လာမည့်နှစ်များတွင်လည်း ယခုကဲ့သို့ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များအားလုံးကိုလည်း Green City၊ Clean City ဖြစ်စေရန် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးပေးနိုင်ရေး၊ မြို့ပြများစနစ်တကျရှိစေရေး၊ လမ်းများစနစ်တကျရှိစေရေး၊ ရေပေးဝေခြင်းများ စနစ်တကျဖြစ်စေရေး တို့ကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

**အခွန်များ အပြည့်အဝရရှိမှုမရှိ**

အစိုးရတစ်ရပ်အနေဖြင့် အခွန်ငွေများအပြည့်အဝရရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေခွန်အပါအဝင် အခွန်များအပြည့်အဝရရှိမှုမရှိကြောင်း၊ နယ်စပ်ဒေသများမှ ပြည်ပပို့ကုန် သွင်းကုန်များ၌ အခွန်ငွေကောက်ခံမှုများ စနစ်တကျမရှိမှုကြောင့် နိုင်ငံအတွက် နစ်နာမှုများ များစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်သွယ်ခွန်များ အပြည့်အဝကောက်ခံနိုင်ရေး တာဝန်ရှိသူများက စနစ်တကျဖြင့် ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်ငွေများ အပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများမှ မျက်ခြည်မပြတ်စောင့်ကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အခွန်ငွေကောက်ခံမှုနှင့်ပတ်သက်သည့် မသမာမှုပြုလုပ်မှုများကို ဖော်ထုတ်ထိန်းသိမ်း၍ ကြပ်မတ်ဆောင်ရွက် သွားကြရန် လိုကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှုနှင့်ပတ်သက်၍လာမည့် ရွေးကောက်ပွဲမတိုင်မီ အချိန်အတွင်း နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများအဆင်ပြေစွာဖြင့် အမြန်ဆုံးပြုလုပ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအား အခြားဝန်ကြီးဌာနများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ နိုင်ငံသားဖြစ်ခွင့်ဖြစ်ထိုက်သူအားလုံး မှတ်ပုံတင်ရရှိရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တရားရုံးများနှင့် ရဲစခန်းများတွင် အမှုကိစ္စနှင့်ပတ်သက်သည့် ဖမ်းဆီးရမိ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ များပြားစွာရှိကြောင်း၊ အဆိုပါယာဉ်များမှာ အမှုကိစ္စမပြီးပြတ်သေးသည့်အတွက် ကာလရှည်ကြာစွာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် အမှုကိစ္စများကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်၍ လိုအပ်သည့်နေရာများတွင်

ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုပါ ကြိုတင်တွက်ဆ၍ ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရန် လိုကြောင်း။

ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြန်းတီးအင်အား ပြန်လည်ခန့်ထားခြင်းတို့အတွက် အရာထမ်းအမှုထမ်းများ အသစ်ခန့်အပ်ရခြင်းများရှိကြောင်း၊ ထိုသို့ခန့်အပ်ရာတွင် ဌာနအတွက် အမှန်တကယ် အကျိုးရှိရန်နှင့် မှန်မှန်ကန်ကန် ဖြစ်ရန်လိုကြောင်း၊ ရာထူးခန့်ထားရေးနှင့်ပတ်သက်ပြီး လျှော့ပေါ့စဉ်းစားပေးရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ တိကျသော မူဝါဒရှိရန်လိုကြောင်း၊ ရေရှည်အတွက် စနစ်တကျ စဉ်းစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့၏ လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ရန်လိုအပ်ကြောင်း၊ သို့မှသာ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား ၎င်းတို့၏တာဝန် ထမ်းဆောင်မှုအပေါ် မူတည်၍ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ချီးမြှင့်သင့်သည်များကိုလည်း ချီးမြှင့်ပြီး အသိအမှတ်ပြုရန် လိုကြောင်း။

**စနစ်တကျ တင်ပြဆောင်ရွက်**

ဝန်ကြီးဌာနအလိုက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဆောင်ရွက်ရန်လိုအပ်ပြီး အစီရင်ခံစာများကို စနစ်တကျတင်ပြဆောင်ရွက်ကြရန် လိုကြောင်း။

ဘဏ်များနှင့်ပတ်သက်၍လည်း အချို့ဘဏ်ဝန်ထမ်းများအနေဖြင့် စည်းကမ်းဖောက်ဖျက်မှု၊ မသမာမှုများ ရှိနေသည်ကိုသိရကြောင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် စောင့်ကြည့်ကြပ်မတ်ရန် လိုအပ်သကဲ့သို့ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များ မှန်မှန်ကန်ကန်ဖြစ်အောင် ကြပ်မတ်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး (PPP)၊ (BOT) စနစ်များသို့ပြောင်းလဲ ဆောင်ရွက်ခဲ့ကြောင်း၊ မည်သို့ဆောင်ရွက်သည်ဖြစ်စေ တိုင်းပြည်အတွက် အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာနအားလုံးအနေဖြင့် ပြည်ထောင်စုဝန်ကြီးအဆင့်မှ သေချာစွာစဉ်းစား ဆုံးဖြတ်ပြီး သက်ဆိုင်ရာကော်မတီသို့ တင်ပြဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

■ ■ ■

# ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၄ - ၁၂ - ၂၀၂၁ )




၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို စာဆိုတော်နေ့ဖြစ်သည့် ဒီဇင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများချီးမြှင့်ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြပြီး ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် သုတ၊ ရသ၊ အထွေထွေစာအုပ်များ၊ အထူးထုတ်စာအုပ်များ၊ နှစ်ချုပ်စာအုပ်များ၊ ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုရရှိကြသူများ၏

အတ္ထုပ္ပတ္တိနှင့် ဆုရစာအုပ်များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက ရှင်းလင်း ပြသကြသည်။ ထို့နောက် အခမ်းအနား စတင်ကျင်းပ ကြောင်း ကြေညာပြီး စာပေဆုနှင်းသဘင် ဂုဏ်ပြုတေး သီချင်း Video Clip ကို ပြသသည်။

**ကြည်နူးဝမ်းမြောက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြား ရာတွင် "ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာမည်၏" ဟူသည့် မြန်မာတို့၏ ဆိုရိုးစကားကို လေး လေးမြတ်မြတ် လိုက်နာကျင့်သုံးပြီး မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ခုဖြစ်သော နတ်တော်လဆန်း ၁ ရက်၊ စာဆိုတော်နေ့တွင် ကျင်းပသည့် ယနေ့ဆုနှင်းသဘင် အခမ်းအနားတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် ကြည်နူးဝမ်းမြောက်ရပါကြောင်း။

စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုမျက်နှာစာ ဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုး တိုးတက်ဖွံ့ဖြိုးရေးတွင် အရေး ပါလှသည့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကြီးတစ်ခုဖြစ်သည် ကို မြန်မာ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုများတွင် အထင် အရှားတွေ့နိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာလူမျိုးနှင့် မြန်မာ စာပေသည် ခေတ်အဆက်ဆက် မကင်းမကွာရှိနေခဲ့ပြီး အမျိုးသားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် စာပေနှင့်ပြည်သူတို့ အပြန်အလှန် အကျိုးပြုနိုင်ခဲ့သည့် သာဓကများစွာ ရှိခဲ့ပါကြောင်း။

မိမိတို့မြန်မာစာပေ၏ သက်တမ်းသည် ပုဂံခေတ် ၁၂ ရာစုအစမှ မျက်မှောက်ခေတ်အထိဆိုပါက နှစ်ပေါင်း ၁၀၀၀ နီးပါးရှိပြီ ဖြစ်ပါကြောင်း၊ မြန်မာဘာသာစကားနှင့် မြန်မာ စာပေသည် မြန်မာ့သမိုင်းရေစီးကြောင်းတွင် ခိုင်မာတည်တံ့ စွာ ထင်လင်းခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်ပါ ကြောင်း၊ မိမိနိုင်ငံနှင့် လူမျိုးအတွက် အသိဉာဏ် အမြော် အမြင်နှင့် စိတ်ဓာတ်အင်အားကို ဖွံ့ဖြိုးစေလိုသည့် စေတနာ ဖြင့် သုတရသ စာပေအဖြာဖြာကို အားထုတ်ရေးဖွဲ့ခဲ့သည့် စာပေကလောင်ရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ ကျေးဇူး တရားကို အလေးအမြတ် ဂုဏ်ပြုရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးများကို ဂုဏ်ပြု ချီးကျူးသောအားဖြင့် မြန်မာနိုင်ငံအဝန်း နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့တွင် "စာဆိုတော်နေ့" အခမ်း အနားကို ကျင်းပခဲ့ကြခြင်းဖြစ်ပါကြောင်း။

**နှစ်ပေါင်း ၇၇ နှစ်ရှိခဲ့ပြီ**

၁၉၄၄ ခုနှစ်တွင် ပထမအကြိမ် စာဆိုတော်နေ့ကို ကျင်းပခဲ့သည့်အတွက် ယခုနှစ်ဆိုပါက နှစ်ပေါင်း ၇၇ နှစ် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ စာရေးဆရာများ၊ စာပေချစ်မြတ်နိုး သူများအတွက် မြန်မာနိုင်ငံတစ်နံတစ်လျားတွင် နတ်တော် လဆန်း ၁ ရက်၊ စာဆိုတော်နေ့ ဝန်းကျင်အချိန်သည် စာပေ ဆိုင်ရာ လှုပ်ရှားမှုများဖြင့် ဝေစည်နေသည့် ကာလဖြစ်ပါ ကြောင်း၊ စာဆိုတော်နေ့အကြိုနှင့် စာဆိုတော်နေ့ နောက် ပိုင်းအချိန်အထိ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီး ဝါကြီး စာရေးဆရာကြီးများ ကန်တော့ပွဲများ၊ စာပေဟော ပြောပွဲများ၊ စာပေပြိုင်ပွဲများ၊ စာအုပ်စာပေပြပွဲများ ကျင်းပ လေ့ရှိပြီး စာဆိုတော်နေ့ အထိမ်းအမှတ် စာစောင်၊ မဂ္ဂဇင်း များလည်း ထုတ်ဝေကြပါကြောင်း။

> စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာ
> အဖွဲ့အစည်းများသည် ခေတ်အဆက်ဆက်၊
> အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ချိန်တွင်လည်း
> အစိုးရ၏ မူဝါဒအပေါ်မူတည်ပြီး
> နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်
> ခဲ့ကြသည်ကို တွေ့ရ၊ အနုပညာရှင်ဆိုသည်မှာ
> ပြည်သူများအားလုံး၏ စိတ်ခံစားမှုများကို
> တက်ကြွအောင်ဆောင်ရွက်ပေးပြီး
> ခေတ်ရေစီးကြောင်းတွင်ပါဝင်လာအောင်
> ဆောင်ရွက်ပေးနိုင်ကြသူများဖြစ်၊
> ပြည်သူလူထုကို အသိပညာပေးခြင်း၊
> ဖျော်ဖြေမှုရသပေးခြင်းများနှင့်အတူ
> မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး
> စရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး
> နိုင်ငံ၏ရေစီးကြောင်းပေါ်တွင် ပါလာအောင်
> စည်းရုံးလှုံ့ဆော်နိုင်ခဲ့ကြသူများဖြစ်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြန်မာ့ယဉ်ကျေးမှု အနုပညာ နယ်ပယ်အသီးသီးဖြာထွက်ရာ ပင်မ မဏ္ဍိုင် ဖြစ်သည့် မြန်မာစာပေနယ်ပယ်ဖွံ့ဖြိုး တိုးတက်ရေးကို ရည်သန်မျှော်မှန်းပြီး စာဆိုတော်ကြီးများ၏ အကောင်းဆုံးစာပေလက်ရာများကို ရွေးချယ်ကာ အမျိုးသားစာပေဆုအဖြစ် နှစ်စဉ်စာဆိုတော်နေ့တွင် ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိပါကြောင်း၊ ဒုတိယကမ္ဘာစစ်အပြီး စစ်ဘေးစစ်ဒဏ်ခံခဲ့ရသည့် မြန်မာနိုင်ငံကို အဘက်ဘက်က ပြန်လည်ထူထောင်ရေးအတွက် ၁၉၄၇ ခုနှစ်၊ ဇွန်လ ၆ ရက်မှ ၇ ရက်နေ့အထိ ရန်ကုန်မြို့၊ ပြည်လမ်း "ဆိုရန် တိုဗီလာ အဆောက်အအုံ" ၌ "မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းကွန်ဖရင့်" ကို ကျင်းပခဲ့ပါကြောင်း၊ ယင်းကွန်ဖရင့်တွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "လူအများအတွက် အရေးကြီးသည့် စာအုပ်တွေ၊ အသုံးကျမည့် စာအုပ်တွေကို ပုံနှိပ်ထုတ်ဝေရမယ်၊ ဘာသာပြန်ဌာနကြီးတစ်ခု ဖွင့်ရမယ်"ဟု မိန့်ခွန်းတွင် ထည့်သွင်းမြွက်ကြားခဲ့ပါကြောင်း။

**စတင်တည်ထောင်ခဲ့**

ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လတွင် "မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း" နှင့် "စာပေဗိမာန်" ကို စတင်တည်ထောင်ခဲ့ပါကြောင်း၊ ကမ္ဘာကို မြန်မာကသိအောင် ဘာသာပြန်စာအုပ်များ ထုတ်ဝေခဲ့သကဲ့သို့ ပြည်သူအများ ဗဟုသုတနှင့် ဉာဏ်ပညာဖွံ့ဖြိုးစေမည့် စာအုပ်စာပေများကိုလည်း ထုတ်ဝေခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် စာပေဆုများ ချီးမြှင့်သည့်လုပ်ငန်းကိုပါ ဆောင်ရွက်လာခဲ့ပါကြောင်း၊ ၁၉၄၈ ခုနှစ်တွင် "စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု" ကို စတင်ချီးမြှင့်ခဲ့ပါကြောင်း၊ "စာပေဗိမာန်ဆု"၊ "အနုပညာစာပေဆိုင်ရာဆု"၊ "အမျိုးသား စာပေဆု" စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲချီးမြှင့်ခဲ့ပါကြောင်း၊ ဆုချီးမြှင့်မည့် ဘာသာရပ်များကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် (၁၉)မျိုးအထိ ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာစာပေအကျိုးကို တစ်သက်တာလုံး အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကို အသိအမှတ်ပြုချီးမြှောက်သည့်အနေဖြင့် "အမျိုးသားစာပေတစ်သက်တာဆု" ကို ၂၀၀၁ ခုနှစ်တွင် စတင်ပြီး ချီးမြှင့်ခဲ့ပါကြောင်း။

ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်သည့် ကလောင်ရှင်များ၏ စာမူကောင်းများကို စာအုပ်ဖြစ်စေရန်ရည်ရွယ်ပြီး ပြိုင်ပွဲဝင်စနစ်ဖြင့် "စာပေဗိမာန်စာမူဆု" အဖြစ်ရွေးချယ်ကာ ဘာသာရပ် ၁၃ မျိုးအထိ ဆုချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ စေတနာဖြင့် စာပေပညာရှင်ကြီးများကို ဂုဏ်ပြုချီးမြှောက်လိုမှု၊ စာပေပညာရှင်ကြီးများ၏ လူမှုဘဝပိုမိုဖူလုံစေမှုတို့ဖြင့် ဆုချီးမြှင့်ငွေများကို ယနေ့ ဆုနှင်းသဘင်တွင် ပိုမိုတိုးမြှင့် ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း၊ ယခင်က အမျိုးသားစာပေတစ်သက်တာဆုကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မှာဖြစ်ပြီး အမျိုးသားစာပေဆုတွင် ယခင်က ငွေကျပ် ၂၅ သိန်း ချီးမြှင့်ရာမှ ယခုနှစ်တွင် ငွေကျပ်သိန်း ၃၀ အထိ တိုးမြှင့်ပြီးလည်းကောင်း၊ စာပေဗိမာန်စာမူဆုများကိုလည်း ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ၇ သိန်း၊ တတိယဆု ငွေကျပ် ၅ သိန်းမှ ယခုပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၁၀ သိန်း၊ တတိယဆု ငွေကျပ် ၇ သိန်း တိုးတက်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ စာပေလောကသားများအားလုံး ကြည်နူးဝမ်းမြောက်ကြမည်ဟုလည်း မျှော်လင့်ပါကြောင်း။

**အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ကြ**

စာပေဆုများကို ရွေးချယ်ရာတွင်လည်း စာပေအတွေ့အကြုံပြည့်ဝသည့် ပညာရှင်ကြီး(၂၈)ဦး ပါဝင်သည့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ၊ ပညာရှင် (၂၄) ဦး ပါဝင်သည့် စာပေဗိမာန်စာမူဆု ရွေးချယ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ အမှန်တကယ် ထိုက်တန်သော စာအုပ်များ၊ စာမူများကို ရွေးချယ်ချီးမြှင့်နိုင်ရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဆိုပြီး ပညာရှင်များက အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ယနေ့အခမ်းအနားတွင် အမျိုးသားစာပေဆုအတွက် ၂၀၂၀ ပြည့်နှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၁၂ အုပ်အတွင်းမှ ဘာသာရပ် ၁၉ ခုအနက် ဘာသာရပ် ၁၂ ခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၅၉ စောင်အတွင်းမှ ဘာသာရပ် ၁၃ ခုအနက် ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၇ ခုကို ဆုများ ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာအဖွဲ့

အစည်းများသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ချိန်တွင်လည်း အစိုးရ၏ မူဝါဒအပေါ်မူတည်ပြီး နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ အနုပညာရှင်ဆိုသည်မှာ ပြည်သူများအားလုံး၏ စိတ်ခံစားမှုများကို တက်ကြွအောင်ဆောင်ရွက်ပေးပြီး ခေတ်ရေစီးကြောင်းတွင် ပါဝင်လာအောင် ဆောင်ရွက်ပေးနိုင်ကြသူများ ဖြစ်ပါကြောင်း၊ ပြည်သူလူထုကို အသိပညာပေးခြင်း၊ ဖျော်ဖြေမှုရသပေးခြင်းများနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး နိုင်ငံ၏ ရေစီးကြောင်းပေါ်တွင် ပါလာအောင် စည်းရုံးလှုံ့ဆော်နိုင်ခဲ့ကြသူများဖြစ်ပါကြောင်း။

**ရန်ပုံငွေကျပ်သိန်း ၄၀၀၀**

လွန်ခဲ့သည့် နိုဝင်ဘာ ၁ ရက်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရပ်ဝန်းအသီးသီးမှ အနုပညာရှင်များနှင့် တွေ့ဆုံအားပေးခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် ရန်ပုံငွေကျပ်သိန်း ၄၀၀၀ ကို မတည်ငွေအဖြစ် ပေးအပ်ထောက်ပံ့ခဲ့ပါကြောင်း၊ အနုပညာရှင်များအပေါ် ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် အလေးထားမှုကို ဖော်ပြခဲ့ခြင်းလည်း ဖြစ်ပါကြောင်း၊ မိမိတို့ဦးတည်ဆောင်ရွက်နေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတွင် စွမ်းရည်ထက်မြက်သည့် လူချွန်လူမွန်များ၊ အရည်အချင်းနှင့် အရည်အသွေးပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ၏ မျိုးဆက်သစ်လူငယ်များ၏ နှလုံးရည်၊ ဉာဏ်ရည်များ မှန်ကန်စွာဖွံ့ဖြိုးရေးအတွက် စာပေလေ့လာဖတ်ရှုမှု အလေ့အထကို တိုးမြှင့်ပေးရန် လိုအပ်ပါကြောင်း၊ လူငယ်များ စာပေလေ့လာမှုနှုန်း မြင့်မားလာသည်နှင့်အမျှ ခေတ်မီလူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝလာမည် ဖြစ်ပါကြောင်း။

မိမိတို့၏ နိုင်ငံသူနိုင်ငံသားများ စာပေလေ့လာဖတ်ရှုမှု အရှိန်အဟုန် မြင့်မားလာစေရန်အတွက် စာကြည့်တိုက်များကိုလည်း ခေတ်မီဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်မှတစ်ဆင့် သမိုင်းဆိုင်ရာများ၊ ဘာသာရပ်ပိုင်းဆိုင်ရာများ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ ဗဟုသုတများကို ပေးစွမ်းနိုင်သည့်အတွက် စာကြည့်တိုက်များတွင် စာကောင်းပေမွန်များ ပြည့်စုံအောင်ထားရှိရန် လိုအပ်သကဲ့သို့ စာဖတ်သူများ လွယ်ကူစွာလေ့လာဖတ်ရှုနိုင်ရေး၊ စာအုပ်စာတမ်းများ ရေရှည်တည်တံ့စွာ ထိန်းသိမ်းနိုင်ရေးတို့ကို နည်းပညာအကူအညီနှင့် ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြည့်ဆည်းကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ့သမိုင်းရေစီးကြောင်းတွင် စာပေပညာရှင်ကြီးများသည် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ခေတ်၏လိုအပ်ချက်အတိုင်း ကလောင်လက်နက်ဖြင့် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းခဲ့ကြသည်ကို အထင်အရှားတွေ့ရပါကြောင်း၊ နိုင်ငံသူ/နိုင်ငံသားများ အတွေးအခေါ်မှန်ကန်စေရန်၊ နည်းလမ်းမှန်ကန်သော အသိဉာဏ်ဗဟုသုတတိုးပွားစေရန်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊ လူသားအရင်းအမြစ် အရည်အသွေးတိုးတက်တောက်ပြောင်စေရန် “စာပေ” အားဖြင့် ထိန်းကျောင်း တည့်မတ်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာပေပညာရှင်များ၊ စာရေးဆရာများကလည်း နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ကြရန် နှိုးဆော်တိုက်တွန်းလိုပါကြောင်း။

ကမ္ဘာပေါ်တွင်ရှိသည့် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို စာပေနှင့် ယဉ်ကျေးမှုကို အထူးတန်ဖိုးထားကြရပါကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးလူးဆက်ဆံမှုမှ စာပေယဉ်ကျေးမှုများ ဖလှယ်နိုင်ပြီး စာပေမှတစ်ဆင့် ဘာသာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည်တို့ ပြန့်ပွားဖလှယ်နိုင်ကြသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ မြန်မာစာဆိုကြီးများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်ရေးခဲ့သည့် စာပေများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် ခေတ်ကာလအမျိုးမျိုးကြားက နိုင်ငံရေးစနစ်များ မည်သို့ပင် ပြောင်းစေကာမူ ကမ္ဘာ့အလယ်တွင် စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ခေတ်၊ နောင်မျိုးဆက်သစ်များ၏ ခေတ်တွင်လည်း တန်ဖိုးမဖြတ်နိုင်သည့် ဤမွန်မြတ်သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိသကဲ့သို့ နှိုးဆော်မှုများ၊ ရေးသားစပ်ဆိုမှုများကို စာပေပညာရှင်များ၊ စာပေသုတေသီများက မျိုးဆက်သစ် ကလောင်ရှင်များကို စေတနာကောင်းနှင့် လက်ဆင့်ကမ်းခဲ့ကြရန် တိုက်တွန်းလိုပါကြောင်း၊ ထပ်မံဖော်ထုတ် ထိန်းသိမ်းရမည့် မြန်မာမှု၊ မြန်မာ့အတွေးအမြင်၊ မြန်မာ့ယဉ်ကျေးမှုများကို ဆက်လက်ဖော်ထုတ် တင်ပြနိုင်ကြပါစေရန်လည်း နှိုးဆော်အပ်ပါကြောင်း။

ယနေ့ဆုချီးမြှင့်ခံခဲ့ကြရသည့် စာပေပညာရှင်ကြီးများကလည်း အမျိုးဘာသာ သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ဖော်ပြနိုင်သည့် စာကောင်းပေမွန်များကို ဆက်လက်ရေးသားဖွဲ့ဆိုနိုင်ကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း။

**ဆက်လက်ပါဝင်ကူညီ**

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ အထူးသဖြင့် ယခုကဲ့သို့ စာပေဆုများ အောင်မြင်စွာ ချီးမြှင့်နိုင်စေရန် အချိန်ကုန်၊ လူအားစိုက်ထုတ်ပြီး စာပေစေတနာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောက ခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်းပြောကြားသည်။

■ ■ ■

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံနှုတ်ဆက်စဉ် ပြောကြားသည့်အမှာစကား

( ၅ - ၁၂ - ၂၀၂၁ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၅ ရက် မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် အလုပ်အမှုဆောင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဗုဒ္ဓဘာသာအသင်းမှ ဦးဆန်းထွန်း၊ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်၊ ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်းတို့နှင့် အလုပ်အမှုဆောင်များ၊ တရုတ်ဘုံကျောင်းများမှ ကိုယ်စားလှယ် ဦးအောင်ချိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မိတ်ဆက်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တွေ့ဆုံနှုတ်ဆက်စကားပြောကြားရာတွင် ရန်ကုန်မြို့သို့ရောက်ရှိနေစဉ်အတွင်း အခါအခွင့်သင့်သဖြင့် ဘာသာပေါင်းစုံအဖွဲ့အစည်းများမှ တင်ပြလိုသည့်ကိစ္စရပ်များအား သိရှိနိုင်ရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကိုယခုကဲ့သို့တွေ့ဆုံရခြင်းဖြစ်ကြောင်း ဦးစွာပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး

များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် နိုင်ငံ၏ ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်တာဝန်များကို ခေတ္တဝင်ရောက်တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေခြင်းဖြစ်ပြီး ပြည်သူများရွေးချယ်ထားသည့် လမ်းကြောင်းဖြစ်သဖြင့် လုံးဝသွေဖယ်သွားမည်မဟုတ်ကြောင်း၊ နိုင်ငံရေးတာဝန်အား ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရခြင်းသည် မိမိတို့က ဖန်တီးဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမတိုင်မီ ကာလအတွင်း လွတ်လပ်၍မျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ နိုင်ငံရေးတွင် ရိုးသားမှုရှိစေရေးနှင့် နိုင်ငံရေးအရ လက်စားချေခြင်းများမပြုလုပ်စေရေးအတွက် မိမိအနေဖြင့် အမြဲမပြတ်တိုက်တွန်းပြောကြား ဆောင်ရွက်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရပါတီမှ ရွေးကောက်ခံကိုယ်စားလှယ်များက သမ္မတရွေးချယ်ခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သမ္မတမှတစ်ဆင့် တရားသူကြီးများခန့်အပ်ခြင်းများကို ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အထွေထွေရွေးကောက်ပွဲတွင် မျှတမှုရှိစေရေးသည် နိုင်ငံအတွက် လွန်စွာအရေးကြီးခြင်းပင်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ချိန်တွင် မသမာမှုများဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

**အားလုံးပူးပေါင်း၍ ဆောင်ရွက်**

မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ပြည်သူများရွေးချယ်ထားသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် ယခုတက်ရောက်လာကြသည့် ဘာသာပေါင်းစုံအဖွဲ့၏ ကူညီဆောင်ရွက်မှုများလည်းလိုအပ်ကြောင်း၊ နိုင်ငံ့အရေးကိစ္စများဆောင်ရွက်ရာတွင် အားလုံးပါဝင်သောစုပေါင်းအားဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အချင်းချင်းသဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း အများစု၏ဆန္ဒသဘောထားကို လက်ခံဆောင်ရွက်ရန်လိုသကဲ့သို့ အနည်းစု၏ ဆန္ဒသဘောထားကိုလည်း ထည့်သွင်းစဉ်းစား၍ ဆင်ခြင်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်၏နိုင်ငံရေးလျှောက်လှမ်းမှုတွင် အဆင်ပြေချောမွေ့စေရန်အတွက် မိမိတို့ကဝိုင်းဝန်းဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင်လည်း အားလုံးပူးပေါင်း၍ ဆောင်ရွက်မည်ဆိုပါက အကောင်းဆုံးအခြေအနေ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာအများဆုံးကိုးကွယ်ကြသော်လည်း ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် အခြားဘာသာဝင်များလည်းရှိပြီး ရှေးယခင်ကတည်းကပင် အတူတကွစုစည်းနေထိုင်ခဲ့ကြပြီး ဘာသာတရားအလိုက် ကိုးကွယ်နေကြသည့် ဓလေ့ထုံးတမ်းစဉ်လာများပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဘာသာရေးနှင့်ပတ်သက်၍ အစွန်းရောက်မှုများမရှိအောင် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ မိမိတို့အားလုံးသည် နိုင်ငံအတွင်း ကာလရှည်ကြာစွာ အတူတကွနေထိုင်လျက်ရှိသူများဖြစ်သဖြင့် အားလုံးက နိုင်ငံတော်အတွက် တူညီသည့်စိတ်ဖြင့် အတူတကွဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်၊ အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်း၊ ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ တရုတ်ဘုံကျောင်းများမှ ကိုယ်စားလှယ်ဦးအောင်ချိုတို့က ဆွေးနွေးတင်ပြကြရာတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ယခုနှစ် စက်တင်ဘာလတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဘာသာအလိုက်ပြုလုပ်သည့် ဘာသာရေးပွဲတော်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့မှုများ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှုများစသည့်ကဏ္ဍများတွင် ဘာသာပေါင်းစုံစုပေါင်း၍ နိုင်ငံသားကောင်းပီသစွာဖြင့် တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေ၊ နိုင်ငံတော်မှ ပေးအပ်လာသည့် ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားမည့် အခြေအနေ၊ ကိုဗစ်-

၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်ခဲ့သည့် ကာလအတွင်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဘာသာရေးဆိုင်ရာ ပွဲတော်များကို စည်းကမ်းစနစ်တကျဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အခြေအနေ၊ နိုင်ငံအတွင်း မည်သည့်ဘာသာတရားကို ကိုးကွယ်သည်ဖြစ်စေ ဘာသာရေးအရ လုံခြုံမှု၊ ရိုသေမှုများကို ဖော်ဆောင်ပေးနိုင်ရေး ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် အဖွဲ့ကြီး၏ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို က ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားနတ်ကိုးကွယ်မှုများကိုလည်း ကိုးကွယ်ရာဘာသာဟူ၍ အသိအမှတ်ပြုသည်ဟုပါရှိပါကြောင်း၊ ထို့ကြောင့် ဘာသာပေါင်းစုံတို့၏လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ရှိပါကြောင်းဖြင့်ပြောကြားပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အား ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် လိုအပ်သည်များဆောင်ရွက်ပေးခဲ့မှုနှင့် လိုအပ်ချက်များ တင်ပြထားရှိမှုကိုလည်း ကဏ္ဍများအလိုက် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်၊ အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်း၊ ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ တရုတ်ဘုံကျောင်းများမှ ကိုယ်စားလှယ် ဦးအောင်ချို့တို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားမှုများနှင့် ပတ်သက်၍ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိပြီး

တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်တွင်း၏ စည်းလုံးညီညွတ်မှုအားသည် အခိုင်အမာဆုံးဖြစ်၊ ထို့ကြောင့်မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးကိုအားပေးပြီး ပြည်သူများ၏လူမှုဘဝတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိ၊ ဘာသာအားလုံး၏ ရည်ရွယ်ချက်သည် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ပင်ဖြစ်၊ စည်းလုံးညီညွတ်မှုမရှိပါက အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်။

ပြည်တွင်း၏ စည်းလုံးညီညွတ်မှုအားသည် အခိုင်အမာဆုံးဖြစ်ပါကြောင်း၊ ထို့ကြောင့်မိမိအနေဖြင့် ပြည်တွင်း စီးပွားရေးကိုအားပေးပြီး ပြည်သူများ၏လူမှုဘဝတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဘာသာအားလုံး၏ ရည်ရွယ်ချက်သည်ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ပင်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုမရှိပါက အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း၊ သာယာဝပြောခြင်းမှာ ပြည်သူများ၏ လူမှုဘဝတိုးတက်မှုရှိရန်ပင်ဖြစ်ပြီး ငြိမ်းချမ်းမှုရှိသည့် နိုင်ငံအားလုံးသည် ဖွံ့ဖြိုးတိုးတက်မှုရှိပြီး အဆိုပါနိုင်ငံများအားလုံးတွင် ပြည်သူများသည် လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အားလုံးတူညီသည့် စိတ်ဆန္ဒများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊

ကိုဗစ်-၁၉ စတင်ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့တွင် ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်းဖြစ်ပေါ်ခဲ့ချိန်တွင် ရောဂါကူးစက်မှုနှုန်း မြန်ဆန်၍ ဖြစ်ပွားမှုမြင့်တက်ခဲ့သဖြင့် ထိခိုက်ဆုံးရှုံးခဲ့မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ရောဂါကူးစက်မှုနှုန်းများ မြင့်တက်ခဲ့ချိန်၌ "ပြည်တွင်း၏အားသည် ပြည်တွင်းမှာသာရှိ

သည်” ဆိုသည့်အတိုင်း ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများက မိမိတို့ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများမှရရာ နည်းလမ်းများဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့မှုများ၊ မှန်ကန်သည့် ဦးဆောင်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကြားမှ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ယခုအချိန်တွင် များစွာလျော့နည်းလာခဲ့ပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံ သားများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ရောဂါကူးစက်မှုနှုန်းများကျဆင်းလာခြင်းဖြစ်သည့်အတွက် အားလုံးကိုကျေးဇူးတင်ရှိပါကြောင်း၊ ရောဂါကူးစက်မှုကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံး စီးပွားရေးဆိုင်ရာထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ယန္တရားများတုံ့ဆိုင်းသွားခဲ့ရကြောင်း၊ အလားတူရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်ဆေးဝါးပစ္စည်းများဝယ်ယူရေးအတွက်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေများ များစွာသုံးစွဲရကြောင်း၊ ပြည်သူများ၏အသက်ထိခိုက်ဆုံးရှုံးမှုများနည်းပါးစေရေးအတွက် လိုအပ်သည့်ဘဏ္ဍာငွေများ အားခွင့်ပြုပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တပြေးညီ ဆောင်ရွက်ခဲ့ကြကြောင်း။

**အဓိကမောင်းနှင်အား တစ်ခုအဖြစ်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းသွားသည့်အတွက် နိုင်ငံတော်၏ တုံ့ဆိုင်းသွားသည့် ယန္တရားများပြန်လည် လည်ပတ်နိုင်ရန်လိုကြောင်း၊ ယခုဘာသာပေါင်းစုံအဖွဲ့ကြီးအနေဖြင့် အရေးပါသည့် ကဏ္ဍတွင်ပါဝင်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အား တစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်ပါကြောင်း၊ အားလုံးညီညီညွတ်ညွတ်ဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် အလုပ်လုပ်ရန်လိုအပ်ပြီး နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အသိပညာအတတ်ပညာများဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများပိုမို အောင်မြင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်ရှိ လုပ်ငန်းဆောင်ရွက်နေသူများအား တိုက်တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ လူငယ်များ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့် အတတ်ပညာများရရှိအောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အခြေခံပညာဖြစ်သည့် အတန်းပညာများကိုလည်း တတ်ကျွမ်းအောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ တိုးတက်ကြီးပွားလျက်ရှိသည့် နိုင်ငံများသည် စာပေပညာတတ်ကျွမ်းမှုရှိသည့် နိုင်ငံများပင်ဖြစ်ကြောင်း။

**နိုင်ငံတော်အပေါ် သစ္စာရှိရန်လို**

နိုင်ငံကောင်းအောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ်သစ္စာရှိရန်လိုကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး နိုင်ငံကောင်းအောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် ဘာသာပေါင်းစုံ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်ရှိ အင်အားစုများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး၊ အသိပညာ အတတ်ပညာများကို ရှာဖွေဆောင်ရွက်နိုင်ရေး လှုံ့ဆော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာရန်များစွာ လိုအပ်ပါကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားအတွက် မိမိတို့လုပ်ဆောင်နေရသည့်ကဏ္ဍများတွင် စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ၂၀၂၃ ခုနှစ်တွင် ၇၅ နှစ် စိန်ရတုနှစ်သို့ပင် ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ဖြတ်သန်းလာသည့်ကာလများတွင် ကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများကို အသုံးချ၍ နိုင်ငံ့ကောင်းရာကောင်းကျိုးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘာသာရေးအဖွဲ့အစည်းများဖြစ်သော်လည်း ဘာသာရေးကိုအခြေမခံဘဲ နိုင်ငံ့အရေးနှင့် အမျိုးသားရေးကိုအခြေခံ၍ တိုင်းပြည်အကျိုးစီးပွားတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုပါက ပိုမိုကောင်းမွန်နိုင်မည်ဖြစ်ပြီး တိုင်းပြည်ကောင်းအောင် ဘယ်လိုလုပ်မလဲဆိုသည့် စိတ်ဆန္ဒသည် အဓိကဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၆ – ၁၂ – ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား စက်မှုအင်ဂျင်နီယာသင်တန်းကျောင်းအစည်းအဝေးခန်းမတွင် လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်နေမျိုးဦးက သင်တန်းကျောင်းသမိုင်းအကျဉ်း၊ သင်တန်းများဖွင့်လှစ် ဆောင်ရွက်ပေးနိုင်မှု၊ သင်ထောက်ကူပစ္စည်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စက်မှုအင်ဂျင်နီယာသင်တန်းကျောင်းများအနေဖြင့် အခြေခံသင်ရိုးညွှန်းတမ်းများအား တူညီမှုရှိစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းသည် အခြေခံအကျဆုံးသော စက်မှုဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးရသည့် သင်တန်းကျောင်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းဆင်းသူများအနေဖြင့် တပ်မတော်အတွင်း စက်မှုဆိုင်ရာဘာသာရပ်များကို သင်ကြားပေးရသည့် သင်တန်းကျောင်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းဆင်းသူများအနေဖြင့် တပ်မတော်အတွင်း စက်မှုဆိုင်ရာလိုအပ်ချက်များကို သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာထမ်းဆောင်နိုင်ရေး သင်ကြားပို့ချပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ၏ စားသောက်နေထိုင်ရေးတို့အား ဆောင်ရွက်ပေးရာတွင် သတ်မှတ်နှုန်းထားများ

အတိုင်း ပြည့်မီစွာဆောင်ရွက်ရန်လိုပြီး သင်တန်းသားများအနေဖြင့် သင်ခန်းစာကို ရာနှုန်းပြည့်သင်ယူလေ့လာနိုင်ရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများအတွက် လိုအပ်သည့်သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံချုပ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းအတွင်း လှည့်လည်၍သင်တန်းဆောင်များအတွင်း သင်တန်းသား သင်တန်းသူများ၏ဘာသာရပ်အလိုက် သင်ယူနေမှုအခြေအနေ၊ သင်တန်းအထောက်အကူပြု သရုပ်ပြစက်ပစ္စည်းကိရိယာများကိုအသုံးပြု၍ သင်တန်းသားများကိုယ်တိုင် လက်တွေ့ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှု၍ သင်တန်းသားများအနေဖြင့် ၎င်းတို့သင်ယူထားသည့်သင်ခန်းစာများအား လက်တွေ့နယ်ပယ်တွင်အမှန်တကယ်အသုံးချနိုင်ရေး လူမှန်နေရာမှန်တာဝန်ပေးအပ်ရန် လိုအပ်သည့်အခြေအနေ၊ အရေးပေါ်အခြေအနေများတွင် ကိရိယာတန်ဆာပလာအနည်းဆုံးဖြင့် စက်မှုဆိုင်ရာအခက်အခဲများကို ထိုးထွင်းကြံဆ ဖြေရှင်းဆောင်ရွက်တတ်စေရေးတို့အတွက်လည်း ထည့်သွင်းသင်ကြားပေးရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအားမှာကြားသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြောင်းနှင့်သင်တန်းကျောင်းအဆင့်မြှင့်တင်ရေးအတွက် အဆောက်အအုံများ ထပ်မံတိုးချဲ့ဆောက်လုပ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

■ ■ ■

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၇ - ၁၂ - ၂၀၂၁ )




စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်နေ့၊ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ်(၆၃)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၅၈၁၁၊ ဗိုလ်လောင်း ဖြိုးမင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၇၂၊ ဗိုလ်လောင်း အောင်နန္ဒ၊ စာပေထူးချွန်ဆု (ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၅၈၉၊ ဗိုလ်လောင်း တေဇ၊ စာပေထူးချွန်ဆု(သိပ္ပံ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၁၀၊ ဗိုလ်လောင်း ဟိန်းဘိုဘိုအောင်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၄၇၁၉၊ ဗိုလ်လောင်း အာကာဇော်ဝင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာ

သရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် အမိစစ်တက္ကသိုလ်မှ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် အရာရှိကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် ပြန်တမ်းဝင်အရာရှိ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားများသည် သစ္စာလေးချက်ကို နေ့စဉ်ရွတ်ဆို ဦးထိပ်ပန်ဆင်ထားသူများဖြစ်ပြီး နိုင်ငံအတွက်အရေးကြုံလာပါက စွန့်လွှတ်စွန့်စားစွာဖြင့် တာဝန်ထမ်းဆောင်တတ်သူများလည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ကြီးလေးသော ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည့်သူများဖြစ်သဖြင့် မိမိတို့၏ တာဝန်နှင့်လုပ်ငန်းအပေါ် ဂုဏ်ယူတတ်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပေးအပ်လာမည့် ရည်မှန်းချက်တာဝန်များကို ကြိုးကြပ်ကွပ်ကဲမှု အနည်းဆုံးနှင့် ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

**လေ့ကျင့်မွေးထုတ်ပေးခဲ့**

စစ်တက္ကသိုလ်သည် ၁၉၅၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စတင်သန္ဓေတည်ခဲ့ပြီး အနာဂတ်နိုင်ငံတော်နှင့် တပ်မတော်အတွက် တန်ဖိုးထားရသည့် "နောင်တစ်ခေတ်၏ အောင်စစ်သည်" များကို လေ့ကျင့်မွေးထုတ်ပေးခဲ့သည်မှာ သင်တန်း အမှတ်စဉ်(၆၃)ခုထိ ရှိခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကိုကာကွယ်ရန်အတွက် ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဖြင့် မိမိသဘောဆန္ဒအလျောက် တပ်မတော်ကိုဝင်ရောက်လာခဲ့သူများဖြစ်သဖြင့် စစ်တက္ကသိုလ်၏ ရည်ရွယ်ချက်များနှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အတွက် ယုံကြည်အားထားရသည့် သူရ၊ သတ္တိနှင့်ပြည့်စုံပြီး အမှားအမှန်၊ အဆိုးအကောင်းကို ပိုင်းခြားဆုံးဖြတ်နိုင်သည့် ခေါင်းဆောင်ကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ခေါင်းဆောင်လုပ်သူများသည် အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်ရန်၊ တွေးခေါ်မျှော်မြင်နိုင်ရန်အတွက် မသိမဖြစ်ဗဟုသုတများ ကြွယ်ဝရန်လိုအပ်သဖြင့် အမြဲတစေ စာပေဖတ်ရှုလေ့လာရန်လိုကြောင်း၊ စာဖတ်ခြင်းသည် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုဖြစ်စေသည့်အပြင် အတွေးအခေါ်အယူအဆများ မြင့်မားစေသည့်အတွက် တစ်ဦးချင်းစီ၏ အသိပညာအတတ်ပညာ ကြွယ်ဝစေပြီး မိမိဘဝကို တိုးတက်စေနိုင်သည့် စာအုပ်စာပေဗဟုသုတများကိုလည်း လေ့လာမှတ်သားရမည်ဖြစ်ကြောင်း၊ မိမိလုပ်ငန်းတာဝန်နှင့် သက်ဆိုင်သမျှကိုလည်း သိရှိအောင် အမြဲကြိုးစားနေမည်ဆိုပါက အောင်မြင်မှု အခွင့်အလမ်းများ မလွဲမသွေ ရရှိမည်ဖြစ်ကြောင်း။

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် စစ်လက်နက်ပစ္စည်း၊ စစ်အသုံးအဆောင်ပစ္စည်း၊ စစ်နည်းဗျူဟာများနှင့် စစ်မှုနည်းပညာများကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် လေ့ကျင့်ရေးမူဝါဒအတိုင်း စဉ်ဆက်မပြတ် ကြိုးစားသွားကြရမည်ဖြစ်ပြီး စွမ်းရည်ပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**စံနမူနာပြဖြစ်ရန် လိုအပ်**

မိမိတို့တပ်မတော်သားများသည် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူများဖြစ်သည့်အတွက် ကိုယ်ခန္ဓာကျန်းမာ ကြံ့ခိုင်ရေးကို အလေးထားကြရန်လိုအပ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အထက်အောက် အပြန်အလှန်လေးစားမှုနှင့် ရဲဘော်ရဲဘက်စိတ်မွေးမြူပြီး တပ်မတော်သားကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ တပ်မတော်၏ အစဉ်အလာကောင်းများကို စောင့်ထိန်းကြရမည့်သူများဖြစ်သဖြင့် စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ရန်လိုအပ်ကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်တစ်ခုဖြစ်သကဲ့သို့ အသက်ဝိညာဉ်လည်း ဖြစ်ကြောင်း။

တပ်မတော်ကို စတင်ဝင်ရောက်စဉ် ပထမဆုံး သင်ကြားလေ့ကျင့်ပေးသည့် ဘာသာရပ်မှာ အခြေခံစစ်ရေးပြခြင်းဘာသာရပ်ဖြစ်ပြီး စစ်ရေးပြခြင်း၏ ရည်ရွယ်ချက်မှာ စစ်စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့်နှင့်တာဝန်ကိုနာခံတတ်ခြင်းပင်ဖြစ်သဖြင့် တပ်မတော်သားတိုင်း၏ အခြေခံသည် စစ်စည်းကမ်းက စတင်ခြင်းဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခုခိုင်ခိုင်မာမာနှင့် အဓွန့်ရှည်ကြာစွာ ရပ်တည်နိုင်ရန်အတွက် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာ

သည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကြီးကြပ်ကွပ်ကဲမှုများနှင့် စနစ်တကျဖွဲ့စည်းလေ့ကျင့်မှုများ ရှိရမည်ဖြစ်ကြောင်း၊ စည်းကမ်းကောင်းမွန်သည့် အဖွဲ့အစည်းသည် ကြာရှည်တည်တံ့ခိုင်မြဲပြီး ရည်မှန်းချက်တာဝန်များကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းက စည်းကမ်းနှင့် အမိန့်နာခံမှုကောင်းသည့် တပ်မတော်ဖြစ်သဖြင့် နိုင်ငံအတွက် အခိုင်မာဆုံး Institution ဖြစ်ကြောင်း။

**တိကျစွာလိုက်နာကြရမည်**

တာဝန်ထမ်းဆောင်ရာတွင် စည်းကမ်းနှင့်အမိန့်များအပြင် စစ်သည်တော်တိုင်း လိုက်နာကြရမည့် အပါး(၆၀) သော ကျင့်ဝတ်များကို တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိမည့် ခေါင်းဆောင်များဖြစ်လာကြမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် စစ်ဘက်ဥပဒေများသာမက နယ်ဘက်ဆိုင်ရာဥပဒေ၊ နိုင်ငံတကာစစ်ပွဲဆိုင်ရာဥပဒေများနှင့် ကာကွယ်ခုခံပိုင်ခွင့်အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement–ROE) ကိုလည်း တိကျစွာလိုက်နာကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင် အသေးအဖွဲ့စည်းကမ်းများကအစ စံနမူနာပြဖြစ်စေရန် ကိုယ်တိုင်ကျင့်ကြံနေထိုင်ပြီး လက်အောက်ငယ်သားများပါ လိုက်ပါ လုပ်ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ခေါင်းဆောင်ငယ်များဖြစ်သဖြင့် စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားကောင်းမွန်ရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် ဘာသာရေး၊ လူမှုရေး အဆုံးအမများနှင့်အညီ ကျင့်ကြံနေထိုင်သွားရမည်ဖြစ်သည့်အပြင် သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်မွေးပြီး လေးစားတန်ဖိုးထားရမည်ဖြစ်ကြောင်း၊ မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတအောင်သုံးစွဲတတ်ရမည်ဖြစ်ပြီး လိုချင်တပ်မက်မှုနည်းကာ ခြိုးခြံချွေတာစိတ် ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာလူမျိုးများသည် မျိုးရိုးဗီဇအားဖြင့် အမျိုးသားရေးလက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်သဖြင့် အမျိုးသားရေးလက္ခဏာများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် လိုအပ်ကြောင်း၊ အမျိုးသားရေးလက္ခဏာနှင့် အမျိုးသားယဉ်ကျေးမှုများ လျော့နည်းလာမည်ဆိုပါက

> **နိုင်ငံတစ်နိုင်ငံအတွက်**
> **နိုင်ငံသားများ၏မျိုးချစ်စိတ်ဓာတ်**
> **ရှင်သန်ထက်မြက်ရေးသည် အထူးအရေးကြီး၊**
> **မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊**
> **အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းရေးတို့သည်**
> **မိမိတို့တပ်မတော်အတွက်သာမက**
> **တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်သဖြင့်**
> **အလွန်အရေးကြီး၊ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ**
> **မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊**
> **ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊**
> **တိုင်းပြည်နှင့် လူမျိုးကိုထိပါးက**
> **မချိအောင်နာတတ်သည့်စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ**
> **တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားမည်ဆိုသည့်**
> **စိတ်ဓာတ်ပင်ဖြစ်။**

မျိုးချစ်စိတ်ဓာတ်သည်လည်း တိမ်ကောပျောက်ကွယ်သွားမည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ်ကင်းမဲ့ခြင်းသည် တိုင်းပြည်နှင့်လူမျိုးအတွက် အကြီးမားဆုံးသောအန္တရာယ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

**မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**

နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အထူးအရေးကြီးကြောင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းရေးတို့သည် မိမိတို့တပ်မတော်အတွက်သာမက တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ကိစ္စဖြစ်သဖြင့် အလွန်အရေးကြီးကြောင်း၊ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့် လူမျိုးကိုထိပါးက မချိအောင်နာတတ်သည့်စိတ်၊ ကိုယ်ကျိုးမငဲ့ဘဲ တိုင်းပြည်အတွက် စွန့်လွှတ် စွန့်စားမည်ဆိုသည့် စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး မပျက်မယွင်းအောင် ထိန်းသိမ်းလိုသည့်စိတ်များ မွေးမြူသွားကြရန် ပြောကြားလိုကြောင်း။

ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်ပြီး သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် မိမိကွပ်ကဲရသည့် လက်အောက်တပ်ဖွဲ့ဝင်များကို မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် လိုအပ်ကြောင်း၊ အခြေခံအကျဆုံး အဖွဲ့စနစ်မှစပြီး တပ်အရွယ်အစားကြီးမားလာသည်နှင့်အမျှ ခေါင်းဆောင်များ၏ အခန်းကဏ္ဍမှာ အရေးပါသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အောင်မြင်သည့်ခေါင်းဆောင်မှုဆိုသည်မှာ ငယ်သားများအနေဖြင့် ခေါင်းဆောင်လုပ်သူ၏ လိုလားချက် တာဝန်များအပေါ် ၎င်းတို့၏ သဘောဆန္ဒအလျောက် တစ်စိတ်တစ်ဝမ်းတည်း အတူတကွ အားလုံးလိုက်ပါ လုပ်ဆောင်ကြခြင်းပင်ဖြစ်ကြောင်း၊ မိမိလက်အောက်ကို ကွပ်ကဲအုပ်ချုပ်သည့်နေရာတွင် ရိုးသားဖြောင့်မတ် မှန်ကန်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ ကျောသားရင်သားမခွဲခြားဘဲ မျှတမှန်ကန်စွာ ခေါင်းဆောင်ခြင်းများ လိုအပ်ကြောင်း၊ ထို့ပြင် မိမိကိုယ်ကို စံနမူနာပြဖြစ်အောင် နေထိုင်ကျင့်ကြံရမည်၊ ခေါင်းဆောင်ကောင်းစိတ်ဓာတ်၊ မိဘသဖွယ် စိတ်ဓာတ်တို့ကို မျှတစွာပေါင်းစပ် အသုံးချပြီး လက်အောက်ငယ်သားများ၏ ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ရယူရန်လိုအပ်ကြောင်း၊ ခေါင်းဆောင်ကောင်းဆိုသည်မှာ ရောင့်ရဲတင်းတိမ်မှုရှိရန် လိုအပ်ကြောင်း။

အဖွဲ့အစည်းတစ်ခု ခိုင်မာအားကောင်းပြီး မယိုင်မလဲ ရပ်တည်သွားနိုင်ရန်အတွက် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ရေး ခိုင်မာအားကောင်းရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စည်းလုံးညီညွတ်ပြီး ခိုင်မာသည့် တပ်မတော်မရှိပါက နိုင်ငံတော်သည် ယိမ်းယိုင်ချိနဲ့သွားနိုင်သည်ကို မှတ်သားထားကြရန်လိုကြောင်း၊ စည်းရုံးရေးစွမ်းရည် ကောင်းမွန်ပါက အုပ်ချုပ်ရေးစွမ်းရည်နှင့် စစ်ရေးစွမ်းရည်ပါ တိုးတက်ကောင်းမွန်လာမည် ဖြစ်သည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုနှင့် တပ်ပြင်စည်းရုံးရေး လုပ်ငန်းများကို ပိုမိုကျစ်လျစ်ခိုင်မာအောင် အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

**အထောက်အကူများစွာပေးနိုင်မည်**

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာသာမက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (Information and Communications Technology–ICT) များ အရှိန်အဟုန်နှင့် လျင်မြန်စွာတိုးတက်လာသည့်အတွက် စစ်မှုရေးရာများတွင်လည်း ပြောင်းလဲလာခဲ့ကြောင်း၊ စစ်ဘက်ဆိုင်ရာကိစ္စရပ်များတွင် တိုးတက်လာသည့် နည်းပညာများကို မှန်ကန်စွာ အသုံးချခြင်းသည် တပ်ဖွဲ့ဝင်များအတွက် အလွန်အသုံးဝင်ပြီး အထောက်အကူများစွာပေးနိုင်မည်ဖြစ်ကြောင်း။

ဖြစ်ပေါ်နေသည့် နိုင်ငံ့အရေး၊ နိုင်ငံတကာအရေးများကို မပြတ်သိရှိနေရန် ဖတ်ရှုမှတ်သားလေ့လာနေကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာကြီး၏ တိုးတက်ပြောင်းလဲနေသည့် ခေတ်ကာလအခြေအနေအရ ပညာရည်မြှင့်တင်ရေးသည် အရေးကြီးသကဲ့သို့ စဉ်ဆက်မပြတ် လေ့လာမှု သည်လည်း အရေးကြီးပြီး မှန်ကန်သည့် လမ်းကြောင်းပေါ်တွင် လေ့လာ၍ ပညာရယူရန်လိုကြောင်း။

ဖွံ့ဖြိုးတိုးတက်လာသည့် ဆက်သွယ်ရေးကွန်ရက်များတွင် သတင်းအချက်အလက်များ များပြားလာမှုကြောင့် သတင်းမှား၊ သတင်းတုများကို တပ်မတော်သားများအနေဖြင့် အသိတရား လက်ကိုင်ထားပြီး ခွဲခြမ်းစိတ်ဖြာတတ်ရန်လိုအပ်ကြောင်း၊ လွတ်လပ်ရေးရပြီးစကာလတွင်လည်း နိုင်ငံရေးပါတီများသည် ၎င်းတို့၏အာဏာ လွန်ဆွဲပွဲတွင် အနိုင်ရရှိရေးအတွက် တပ်မတော်ကို အသုံးချရန် တပ်မတော်အတွင်း သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ထိုသို့ဆောင်ရွက်၍မရခဲ့သည့်အတွက် နောက်ဆုံးတွင် တပ်မတော်ကိုပြိုကွဲစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် အခြေအမြစ်မရှိသည့် ပြောဆိုရေးသားမှုများကိုအလေးထား လုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ လူမှုကွန်ရက်များမှတစ်ဆင့် သတင်းပေါက်ကြားမှုများ ဖြစ်ပေါ်တတ်သကဲ့သို့ သတင်းမှားများ၊ ကောလာဟလများ၊ သွေးထိုးလှုံ့ဆော်မှုများ ပါဝင်နေသည်ဖြစ်သည့်အတွက် ဉာဏ်သတိနှင့်ယှဉ်ပြီး စည်းကမ်းတကျ အသုံးပြုတတ်ကြရန် လိုအပ်ကြောင်း။

တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ရေး ဒီမိုကရေစီ ရည်မှန်းချက်များ အောင်မြင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ တပ်မတော်က

ချမှတ်ထားသည့် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ် သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက်ရှိသည်ဆိုသည်ကို ပြောကြားလိုကြောင်း။

**ဆက်လက်ကြိုးစားဆောင်ရွက်**

ဒီမိုကရေစီ၏ အခြေခံအကျဆုံးအချက်သည် စည်းကမ်းလိုက်နာခြင်းနှင့် ဥပဒေကို တန်ဖိုးထားလေးစားခြင်းတို့ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ပြည်သူလူထု၏ပကတိလိုအပ်ချက်သည် ဥပဒေနှင့်အညီ အေးအေးချမ်းချမ်းနေထိုင်လုပ်ကိုင်စားသောက်ပြီး စိတ်ချမ်းသာကိုယ်ချမ်းသာနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ခိုင်မာသည့် သန္နိဋ္ဌာန် စိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားအားလုံးကပင် မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည် ဖြစ်သည်ကို ပြောကြားလိုကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် တရားမျှတပြီး လွတ်လပ်သည့် အထွေထွေရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ် ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သကဲ့သို့ ယင်းစနစ်၏ အသက်ပင်ဖြစ်ကြောင်း၊ မိမိတို့ကဲ့သို့ ဒီမိုကရေစီတည်ဆောက်စ နိုင်ငံမျိုးတွင် ပိုပြီးအရေးကြီးကြောင်း၊ တိုင်းရင်းသားပြည်သူလူထုဆန္ဒနှင့်အညီ လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အနေဖြင့် လိုအပ်သည့်အခြေခံမှစ၍ တည်ဆောက်ပေးခဲ့သည်မှာ ဒီမိုကရေစီလမ်းကြောင်း အစိုးရနှစ်ဆက်တိုင် လျှောက်လှမ်းခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲများ၏ လွတ်လပ်မျှတမှုသည် ရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲပြီးကာလဟူ၍ ကာလသုံးခုလုံး လွတ်လပ်မှသာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်

> **ဒီမိုကရေစီကို ချစ်မြတ်နိုး၊ တန်ဖိုးထားသူတိုင်း၊ မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်း ယခုနိုင်ငံရေးဖြစ်ရပ်ကို နားလည်လက်ခံကြသော်လည်း ပြည်ပသြဇာခံများနှင့် မျက်စိပိတ်နားပိတ်ထားသူများသည် ဖြစ်ရပ်မှန်ကိုလက်မခံနိုင်ဘဲ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းဖြစ်၊ မဲမသမာမှုများမှတစ်ဆင့် ပေါ်ပေါက်လာသည့် CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်စည်းရုံးမှုကြောင့် အချို့သောသူများသည် အသိဉာဏ်ပညာများ ပျောက်ကွယ်သွားရလောက်သည်အထိ ဝါဒမှိုင်းမိနေကြပြီး ပညာမဲ့လူများ၏ လှုံ့ဆော်မှုနောက်သို့ မျက်ကန်းလမ်းလျှောက်သဖွယ် အကြမ်းဖက်မှုများတွင်ပါဝင်ဆောင်ရွက်နေကြခြင်းသည် ၎င်းတို့၏အနာဂတ်ကို ကိုယ်တိုင်တစ်စစီ ချေဖျက်နေခြင်းပင်ဖြစ်။**

ပွဲဟု ခေါ်နိုင်ကြောင်း။

**ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်သာဖြစ်**

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကာလများ၌ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်သည့် မဲမသမာမှုများသည် တိုင်းပြည်အတွက် အရုပ်ဆိုးအကျည်းတန်ပြီး ရှက်ဖွယ်ကောင်းသည့်ဖြစ်စဉ်များ ဖြစ်သကဲ့သို့ ပြည်သူပြည်သားအားလုံးနှင့် နိုင်ငံတော်အပေါ်၌လည်း ထိခိုက်နစ်နာမှု များရှိခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ မဲမသမာမှုများ ဖော်ထုတ်တွေ့ရှိခဲ့သည်ကို ဒီမိုကရေစီကျင့်စဉ်အရ ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းမှု မလုပ်ဆောင်ဘဲ အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်သာဖြစ်ကြောင်း။

ဒီမိုကရေစီကို ချစ်မြတ်နိုး၊ တန်ဖိုးထားသူတိုင်း၊ မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်း ယခုနိုင်ငံရေးဖြစ်ရပ်ကို နားလည်

လက်ခံကြသော်လည်း ပြည်ပသြဇာခံများနှင့် မျက်စိပိတ် နားပိတ်ထားသူများသည် ဖြစ်ရပ်မှန်ကို လက်မခံနိုင်ဘဲ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများမှတစ်ဆင့် ပေါ်ပေါက်လာသည့် CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်စည်းရုံးမှုကြောင့် အချို့သောသူများသည် အသိဉာဏ်ပညာများ ပျောက်ကွယ်သွားရလောက်သည်အထိ ဝါဒမှိုင်းမိနေကြပြီး ပညာမဲ့လူများ၏ လှုံ့ဆော်မှုနောက်သို့ မျက်ကန်းလမ်းလျှောက်သဖွယ် အကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်နေကြခြင်းသည် ၎င်းတို့၏အနာဂတ်ကို ကိုယ်တိုင်တစ်စစီ ချေဖျက်နေခြင်းပင်ဖြစ်ကြောင်း။

**တိုင်းပြည်ဖျက်နေခြင်းဖြစ်**

အကြမ်းဖက်အဖွဲ့အစည်းများသည် စာသင်ကျောင်းများ၊ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများ မီးရှို့ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ပညာရေးဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုများကို နှောင့်ယှက်ဟန့်တားခြင်း၊ လုံခြုံရေးတပ်ဖွဲ့များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် တိုင်းပြည်ဖျက်နေခြင်းဖြစ်သဖြင့် ပြည်သူလူထုက အကြမ်းဖက်လုပ်ရပ်အဖြစ် နားလည်လက်ခံကြသော်လည်း ပြည်တွင်းမှ အစွန်းရောက်သူအချို့နှင့် အချို့နိုင်ငံများက မျက်ကွယ်ပြုပြီး အားပေးအားမြှောက် ပြုလုပ်နေကြကြောင်း။

ဒီမိုကရေစီဆိုသည်မှာ အများဆန္ဒနှင့်အညီ ဆောင်ရွက်ရသည်ဆိုသော်လည်း အများဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုအပ်ကြောင်း၊ ရိုးသားမှုမရှိသည့်နိုင်ငံရေးသည် စစ်မှန်သည့်ဒီမိုကရေစီဟုပြောနိုင်ရန် ခဲယဉ်းသည်ကိုသတိချပ်စေလိုကြောင်း၊ မိမိတို့နိုင်ငံတော်သည် ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေသည်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခိုင်ခိုင်မာမာဖြစ်တည်ရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တည်တည်ငြိမ်ငြိမ် လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်ရန်လိုအပ်သကဲ့သို့ လုံခြုံရေးအရလည်း တည်ငြိမ်နေရန်လိုအပ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏အချုပ်အခြာအာဏာ မဆုံးရှုံးစေရေး၊ နိုင်ငံတော်၏အကျိုးစီးပွားနှင့် နိုင်ငံသူ၊ နိုင်ငံသားများကို ကာကွယ်ရေးဖြစ်သည်ကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ် မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်ကြောင်း၊ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာတွင် အထက်ကယုံကြည်အားထားရပြီး လက်အောက်ကလေးစားအားကိုးရသည့် အရာရှိကောင်းများဖြစ်ရန်၊ ပြည်သူကယုံကြည်အားကိုးရသည့် အရာရှိကောင်းများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သင်ကြားပေးလိုက်သည့် အသိပညာအတတ်ပညာရပ်များကို မိမိတို့၏ တွေးခေါ်မြော်မြင်တတ်မှု၊ ကြိုးစားအားထုတ်မှုများနှင့် ပေါင်းစပ်ပြီး မိမိကိုယ်ကိုအမြဲတိုးတက်မြင့်မားစေရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦးတွင်ရှိရမည့် အရည်အသွေးများပြည့်ဝစေရန်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆) ရပ်နှင့်အညီ တိကျစွာလိုက်ပါလုပ်ဆောင်ပြီး လက်တွေ့နယ်ပယ် အတွေ့အကြုံများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရန်အတွက် ပေးအပ်လာမည့်တာဝန်များအပေါ် တိတိကျကျလိုက်နာဆောင်ရွက်ပြီး မိမိတတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**အလေးပြုခြင်းကိုခံယူ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်း

အနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ်၊ ညှော့ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း ၅ ဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလ တစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာတို့တွင် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိဘဝတိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှုစသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစား အားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ယခု ဗိုလ်လောင်းအမှတ်စဉ် တတိယနှစ်နှင့်နောက်ဆုံးနှစ်တို့တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့သဖြင့် သင်တန်းကာလ ၂ နှစ်သည် တစ်နှစ်ပတ်လုံး တပ်ပြင်ထွက်ခွင့်မရရှိဘဲ စာပေပညာ၊ စစ်ပညာများကို ပိုမိုလေ့လာလေ့ကျင့်ခဲ့သည်မှာ ထူးခြားမှုတစ်ခုပင်ဖြစ်ကြောင်း။

**ကျေးဇူးဆပ်ရန် လိုအပ်မည်**

ထူးချွန်ဆုရ ဗိုလ်လောင်းများ၏ မိဘများသည် တောင်သူလယ်သမားများ၊ သာမာန်အခြေခံ မိသားစုများပင်ဖြစ်သည်ကို တွေ့ရှိရပြီး ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ယယ်စဉ်ကတည်းကပင် ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်းသင်တန်း လေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က နောင်အနာဂတ်တွင် ခေါင်း ဆောင်ကောင်းများ ဖြစ်လာစေရန် ရည်မှန်းပြီး လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်း ဖြစ်သည့်အတွက် သင်ကြားပေးလိုက်သည့်ပညာများ၊ အခြေခံကောင်းများဖြင့် တာဝန်ကိုသစ္စာရှိရှိ ကြိုးစားအားထုတ်ဆောင်ရွက်ခြင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ကျေးဇူးကိုဆပ်ရာရောက်မည်ဖြစ်ကြောင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် နောင်တော်ကျောင်းဆင်းအရာရှိများ၊ စစ်သည်များထံမှလည်း ကောင်းမွန်သည့်အတွေ့အကြုံကောင်းများကို လက်ဆင့်ကမ်းသင်ယူကြရန်လိုကြောင်း၊ မိမိတို့၏ရည်မှန်းချက်များ အောင်မြင်စေရေး၊ မိသားစုများ၏ မျှော်မှန်းချက်များ ဖြစ်ပေါ်လာစေရေး မိမိကိုယ်ကိုထိန်းသိမ်းပြီး မိမိဘဝကို မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ကမ္ဘာကြီးသည် လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိသဖြင့် ခေတ်နှင့်အမီလိုက်နိုင်ရေး၊ နည်းပညာပိုင်းဆိုင်ရာများတွင် နောက်ကျမကျန်ခဲ့စေရေးတို့အတွက် သိသင့်သိထိုက်သည်မှန်သမျှကို အမြဲမပြတ် ဖတ်ရှုလေ့လာ မှတ်သားနေရမည်ဖြစ်ကြောင်း၊ ယခု ကျောင်းတော်ကြီးမှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် အခြေခံကောင်းများ၊ ကောင်းမွန်သည့် အလေ့အကျင့်များကို အသုံးချပြီး ဘဝတစ်လျှောက်လုံးတွင် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစုက ဂုဏ်ယူအားထားကြရသူများဖြစ်လာအောင် သစ္စာရှိစွာဖြင့် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)၊ ပြင်ဦးလွင်ဘူတာနှင့် ပြင်ဦးလွင်မြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၇ - ၁၂ - ၂၀၂၁ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာ မျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာလ ၇ ရက်၊ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ အနီးစခန်းရှိ RVK Myanmar Co.Ltd သို့ ငှားရမ်းဆောင်ရွက်ထားသည့် မြန်မာစီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာစီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက စက်ရုံသမိုင်းအကျဉ်း၊ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်၏ (ASEAN OSHNET) အား ၂၀၁၈ ခုနှစ်တွင် စတုတ္ထဆုရရှိခဲ့မှုနှင့်၊ ၂၀၂၀ ပြည့်နှစ်တွင် ထပ်မံယှဉ်ပြိုင်ခဲ့ရာ Excellent Award ဆုကို မြန်မာနိုင်ငံကိုယ်စားရရှိခဲ့မှု အခြေအနေ၊ စက်ရုံအတွင်း ဌာနအလိုက်ဝန်ထမ်းများ ခန့်အပ်ထားရှိမှုအခြေအနေ၊ စက်ရုံမှ ဆေးဝါးများနှစ်အလိုက် ထုတ်လုပ်ခဲ့မှုနှင့် ပြင်ပဌာနများသို့ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေ၊ ဆေးများအရည်အသွေး ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး အရည်အသွေးစစ်ဆေးမှုများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပြင်ဦးလွင်ဘူတာသည် ခရီးသွားများအတွက် အကျိုးရှိသည့် နေရာတစ်ခုဖြစ်၊ မန္တလေး– ပြင်ဦးလွင်– နောင်ချို ရထားလမ်းများအား ရထားများအဆင်ပြေ ချောမွေ့စွာဖြင့် ပြေးဆွဲ၍ ရထားမောင်းချိန်များ လျှော့ချနိုင်ရေးအတွက် ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ရထားလမ်းများအား စနစ်တကျထိန်းသိမ်းခြင်းများ ဆောင်ရွက်နေရန်လို၊ ခရီးသွားများ အဆင်ပြေစေရေးအတွက် ရထားလမ်း ပလက်ဖောင်းများအား တိုးချဲ့ဆောက်လုပ်ရန်လို၊ ပြင်ဦးလွင်ဘူတာရုံ အဆောက်အဦသည် ရှေးဟောင်းအဆောက်အဦ ဖြစ်သဖြင့် ရှေးမူမပျက် ထိန်းသိမ်း၍ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်လို။**

## ပြည့်မီစွာထုတ်လုပ်နိုင်ရေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက် အဓိကလိုအပ်သည့် ဆေးဝါးများနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ကုသ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့်ဆေးဝါးများအား သုတေသနပြု၍ ပြည့်မီစွာထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊ ဆေးဝါးများထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ရှိသည့် ဆေးဝါးများအနက်မှ မိမိတို့ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ဆေးဝါးများ ပြည့်မီအောင် ပြည်တွင်း၌စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်အား သုတေသနပြုလုပ်၍ ဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီသော ကုန်ကြမ်းများ အသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဆေးဝါးများထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊ မိမိတို့နိုင်ငံတွင်း အဖြစ်အများဆုံးရောဂါများကို သုတေသနပြု၍ လိုအပ်သည့်ဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် ပြည်သူများအတွက် အဓိကအထောက်အကူပြု အကျိုးပြုသည့် ဆေးဝါးများထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊ ကိုဗစ်–၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့်ကာလအတွင်း လူ့အသက်ထက်အရေးကြီးသည်မှာ မရှိဟူသော မူဝါဒအတိုင်း လိုအပ်သည့်ဆေးဝါးများကို ပြည်ပနိုင်ငံများမှ တင်သွင်းဖြည့်ဆည်းဆောင်ရွက်ခဲ့ချိန်တွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပြည်တွင်း၌လိုအပ်သည့်အခြေခံဆေးဝါးများကို ပြည့်မီအောင် ထုတ်လုပ်ရန်မှာကြားပြီး တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများကိုမေးမြန်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှ ထုတ်လုပ်ထားသည့် ဆေးဝါးများအားကြည့်ရှု၍ စက်ရုံအတွင်းလှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ အရည်အသွေးစစ်ဆေးရေးဌာန၊ သောက်ဆေးရည်ဌာန၊ ထိုးဆေးအမှုန့် ထုတ်လုပ်ရေးဌာန၊ ဆေးပြား၊ ဆေးတောင့်ထုတ်လုပ်ရေးဌာန၊ ကုန်ကြမ်း၊ ကုန်ချော ထိန်းသိမ်းရေးဌာနတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးများ အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်သည့်အပြင် ပြည်သူများ အလွယ်တကူရရှိသုံးစွဲနေကြသည့် စပ်ဆေးများ၏ ဘေးထွက်ဆိုးကျိုးများကိုလည်း ကျန်းမာရေး အသိပညာ ပေးရန်လိုအပ်သည့် အခြေအနေများနှင့် အခြားလိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ RVK Myanmar Co.Ltd သို့ ငှားရမ်းဆောင်ရွက်ထားသည့် မြန်မာစီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ပြင်ဦးလွင်) မှ အာရုံကြောအားဆေးများ၊ ဆီးချိုရောဂါကုသဆေး၊ သွေးတိုးနှင့်နှလုံးရောဂါ ကုသဆေးများ၊ အကိုက်အခဲပျောက်အရောင်ကျဆေး၊ ဗီတာမင်ဘီအုပ်စုအားဆေး၊ ပဋိဇီဝပိုးသတ်ဆေး၊ လက်သန့်ဆေးရည်၊ စွမ်းအင်ဖြည့်ရန်နှင့် အီလက်ထရိုလိုက်ညှိထိန်းဖျော်ရည်မှုန့်တို့အား ခေတ်မီစက်ကိရိယာများ အသုံးပြုထုတ်လုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက် ရှိကြောင်း သိရှိရသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ဘူတာသို့ ရောက်ရှိကြပြီး ဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့မီးရထားဌာန၊ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည် အုပ်ချုပ်ရေး) ဦးစိုင်းသော်လင်း၊ ရုံပိုင်ကြီး (အထူးတန်း) ဦးသိန်းကျော်ဌေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ဘူတာသည် ခရီးသွားများအတွက် အကျိုးရှိသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မန္တလေး-ပြင်ဦးလွင်-နောင်ချိုရထားလမ်းများအား ရထားများအဆင်ပြေချောမွေ့စွာဖြင့် ပြေးဆွဲ၍ ရထားမောင်းချိန်များ လျှော့ချနိုင်ရေးအတွက် ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ရထားလမ်းများအား စနစ်တကျထိန်းသိမ်းခြင်းများ ဆောင်ရွက်နေရန်လိုကြောင်း၊ ခရီးသွားများ အဆင်ပြေစေရေးအတွက် ရထားလမ်းပလက်ဖောင်းများအား တိုးချဲ့ဆောက်လုပ်ရန်လိုကြောင်း၊ ပြင်ဦးလွင်ဘူတာရုံအဆောက်အဦသည် ရှေးဟောင်းအဆောက်အဦဖြစ်သဖြင့် ရှေးမူမပျက် ထိန်းသိမ်း၍ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ ကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က ကန်တော်ကြီးရေလှောင်ကန် ရေရှည်တည်တံ့စေရေး အဆင့်လိုက်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် ကန်အတွင်းရေဝင်ရောက်မှုရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးရေလှောင်ကန် တည်တံ့စေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကန်တော်ကြီး ရေလှောင်ကန်တွင်း ရေဝင်ရောက်မှု နည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခုနှစ်စက်တင်ဘာလအတွင်း ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးစဉ်တွင် ကန်တော်ကြီးရေလှောင်ကန်၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများ များပြားစေရေးအတွက် လမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများမှ ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့ရာ ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ်ကာလတူတွင် ရေလှောင်ကန်အတွင်း ရေအမှတ် ၁၁ ပေသာ ရှိခဲ့ရာမှ ယခုအခါတွင် ၁၉ ဒသမ ၄ ပေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိရသည်။

■ ■ ■

# ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ညှော်ရိပ်သာများ ထိန်းသိမ်းထားရှိမှုနှင့် နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၈ - ၁၂ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာမျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာလ ၈ ရက်၊ နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ညှော်ရိပ်သာများထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းတပ်မတော်ညှော်ရိပ်သာများဖြစ်သည့် သဇင်မြိုင်၊ ချယ်ရီမြိုင်နှင့် ယုဇနမြိုင်တို့သို့ ရောက်ရှိကြပြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းအဆောက်အအုံများဖြစ်သည့်အတွက် မူလပုံစံမပျက် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အခြေအနေ၊ ထိန်းသိမ်းပြုပြင်မှုများအတွက် ငွေကြေးကုန်ကျမှုများရှိမည်ဖြစ်သော်လည်း သမိုင်းအမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မှတ်တမ်းများလည်း စနစ်တကျ

ထားရှိရန် လိုအပ်သည့်အခြေအနေ၊ ထိန်းသိမ်းမှုဆောင်ရွက်ရာတွင် ထည့်သွင်းအသုံးပြုရန်လိုအပ်သည့် ပရိဘောဂများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရှေးဟောင်းလက်ရာပစ္စည်းများကိုသာ အတတ်နိုင်ဆုံးရှာဖွေထည့်သွင်းသုံးစွဲရန် လိုအပ်သည့်အခြေအနေ၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆောင်ရွက်ထားရှိရန်နှင့် မီးဘေးအန္တရာယ်ကိုလည်း အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအားမှာကြားခဲ့ပြီး ဧည့်ရိပ်သာများ၏ အတွင်းပိုင်းနှင့် အပြင်ပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထုံးဘိုကျေးရွာရှိ ဒီဇင်ဘာ နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးစံလှက နို့စားနွားမွေးမြူထားရှိမှုအခြေအနေ၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုအခြေအနေနှင့် တိရစ္ဆာန်အစာပင်စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

> **နို့ထွက်ပစ္စည်းများနှင့်ပတ်သက်၍ ပြင်ဦးလွင်မှ စံပြဆောင်ရွက်နိုင်ရမည်ဖြစ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် နို့ထွက်ပစ္စည်းများကို တစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀ ဖိုးခန့် ပြည်ပမှတင်သွင်းနေရ၊ တပ်မတော်တွင်လည်း နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၊ မိမိတို့နိုင်ငံတွင် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ နို့ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်၊ နို့စားနွားများအား စနစ်တကျ မွေးမြူမည်ဆိုပါက ပြင်ဦးလွင်ဒေသသည် အောင်မြင်နိုင်သည့် ဒေသတစ်ခုဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်စေလို။**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ဒေသရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် မလိုင်လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး နို့စားနွားမွေးမြူရေး၊ မလိုင်ထုတ်လုပ်ခြင်းများနှင့်ပတ်သက်၍ ပြောကြားရာတွင် နို့ထွက်ပစ္စည်းများနှင့်ပတ်သက်၍ ပြင်ဦးလွင်မှ စံပြဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက်လိုအပ်သည့် နို့ထွက်ပစ္စည်းများကို တစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀ ဖိုးခန့် ပြည်ပမှတင်သွင်းနေရကြောင်း၊ တပ်မတော်တွင်လည်း နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများကိုစနစ်တကျဆောင်ရွက်၍ နို့ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နို့စားနွားများအား စနစ်တကျမွေးမြူမည်ဆိုပါက ပြင်ဦးလွင်ဒေသသည် အောင်မြင်နိုင်သည့်ဒေသတစ်ခုဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်စေလိုကြောင်း၊ မွေးမြူရာ၌ စားကျက်မြေ၌ လွှတ်ကျောင်း၍ မွေးမြူခြင်း၊ လှန်၍မွေးမြူခြင်းနှင့် အခန်းတွင်းလှောင်၍မွေးမြူခြင်းဟူ၍ရှိပြီး လှောင်၍မွေးမြူခြင်းကို စနစ်ကျနစွာလုပ်ဆောင်ပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နွားစာအစာစိမ်းနှင့်ပတ်သက်၍ ပြောင်း၊ စပါး၊ ပဲ၊ ဘာလီ၊ ဂျုံများဖြင့် အစာစိမ်းပြုလုပ်၍ ကျွေးမွေး၍ရကြောင်း၊ မွေးမြူခြင်းနှင့်အစာကျွေးခြင်းများကို စနစ်တကျ ဆောင်ရွက်မည်ဆိုပါက နို့ထွက်နှုန်းများ တိုးတက်ပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မလိုင်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် မလိုင်ထုတ်လုပ်မှု ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ထုတ်လုပ်သည့်မလိုင်များအရည်အသွေး ကောင်းမွန်စေရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်၍ နိုင်ငံတစ်ဝန်း ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နို့ကိုအခြေခံသည့် ထုတ်ကုန်

ပစ္စည်းများနှင့် ဒေသထွက်သီးနှံများကို အသုံးပြု၍ တန်ဖိုးမြင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး အိမ်တွင်းအသေးစားစက်မှုလုပ်ငန်း (SME) များကိုလည်း နိုင်ငံတော်အစိုးရမှ ကူညီဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးအတွက် ခွင့်ပြုပေးထားသည့် မြေများကိုလည်း စနစ်တကျ အသုံးပြုစေလိုကြောင်း၊ နိုင်ငံအတွင်း နွားနို့ ဒိန်ချဉ်နှင့် မလိုင်စသည့် နို့ထွက်ပစ္စည်းများပေါများအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံသားများအတွက် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသတွင် နို့စားနွားများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစာစပ်လုပ်ငန်းလုပ်ဆောင်ထားရှိမှု၊ နွားများကို အသက်အရွယ် အပိုင်းအခြားအလိုက် အမျိုးအစားခွဲ၍ မွေးမြူထားရှိမှု၊ နို့ထုတ်ယူနေမှု၊ ထုတ်ယူရရှိသည့် နို့များမှ နို့ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်ခမ်းကြီးကျေးရွာရှိ ရှမ်း(မ်)မလိုင် မလိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး လုပ်ငန်းရှင် ဦးမြတ်သိန်းငွေ၏ မလိုင်ထုတ်လုပ်ပုံအဆင့်ဆင့် ရှင်းလင်းပြောကြားမှုများအပေါ် သိရှိလိုသည်များ ပြန်လည်ဆွေးနွေးသည်။

■ ■ ■

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၉ - ၁၂ - ၂၀၂၁ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၉ ရက်၊ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့၊ တပ်မတော်ဧည့်ဂေဟာရှိအစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာမျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြင်ဦးလွင်ဒေသအတွင်းကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီစိုက်တောင်သူများ လုပ်ငန်းများဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ရေး၊ စိုက်ခင်းများအတွင်း ရေရရှိရေးတို့အတွက် ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ဆက်လက်ကူညီဆောင်ရွက်ပေးမည့်အခြေအနေများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီက ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောဧရိယာများ၌ ကော်ဖီစိုက်ပျိုးမှုများနှင့် ပတ်သက်၍ ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီး စိုက်ပျိုးမြေများဖော်ထုတ်ပေးလျက်ရှိမှုနှင့် စိုက်ပျိုးမြေများအားစနစ်တကျရှိစေရေး ဥပဒေနှင့်အညီ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် မြေလွတ်မြေရိုင်း ဧရိယာအတွင်း ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ ကွင်းဆင်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူး

ဦးဇော်နိုင်ဦးကလည်းကောင်း၊ ပြင်ဦးလွင်ခရိုင် ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မှု၊ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ပြင်ဦးလွင်မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအားမန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက လည်းကောင်း၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့သည် ပြည်တွင်းခရီးသွားများနှင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ခရီးသွားမြို့တစ်မြို့ဖြစ်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၅၃၈ ပေတွင်ရှိပြီး မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ်၊ ခရစ်နှစ် ၁၈၅၀ ပြည့်နှစ်၊ ပုဂံမင်းလက်ထက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ကျောက်စာများအရသိရှိရကြောင်း၊ ပြင်ဦးလွင်မြို့သည် ရာသီဥတုသာယာကောင်းမွန်ပြီး ရေမြေသဘာဝကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်း ပြင်ဦးလွင်မြို့အား မူလတောင်ပေါ်အပန်းဖြေမြို့အဖြစ် ပြန်လည်ရောက်ရှိရေး ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံနေထိုင်သည့် ထူးခြားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာက ပြင်ဦးလွင်မြို့နှင့်ပတ်သက်၍ စိတ်ဝင်စားမှုများရှိကြကြောင်း၊ ထိုအခွင့်အရေးအား အသုံးချနိုင်ပါက ခရီးသွားလုပ်ငန်းအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ပြင်ဦးလွင်မြို့အား နိုင်ငံတကာအဆင့်မီသာယာလှပစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြင်ဦးလွင်မြို့အား Clean City၊ Green City ဖြစ်အောင် ဦးစွာတည်ဆောက်၍ သာယာလှပသည့် မြို့ကြီးတစ်မြို့ဖြစ်စေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အတွင်း ဖြတ်သန်းစီးဆင်းသွားသည့် ကန်တော်ကြီး၊ ကန်တော်လေးမှ စီးလာသည့်ချောင်းနှင့် ဂဲလောင်ချောင်း ရေစီးဆင်းမှု ကောင်းမွန်စေရန်အတွက် အမှိုက်များပိတ်ဆို့မှုမရှိစေရေး အမြဲမပြတ်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သန့်ရှင်းသပ်ရပ်လှပအောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် မြို့သာယာလှပရေးအတွက် စည်းကမ်းတကျ ဆောင်ရွက်ရန်လိုကြောင်း၊ လူနေအိမ်များနှင့် အဆောက်အအုံများ ဆောက်လုပ်မှုနှင့်ပတ်သက်၍လည်း စည်းကမ်းဥပဒေများအတိုင်း လေးစားလိုက်နာ ဆောင်ရွက်ရေး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ အနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

ကော်ဖီစိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးမြေများအား စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာပြီး သတ်မှတ်နှစ်များအတွင်း စိုက်ပျိုးပြီးစီးအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေများသတ်မှတ်၍ ကော်ဖီစိုက်ပျိုးရေးဇုန်အဖြစ် နိုင်ငံတော်မှ သတ်မှတ်ပေးထားကြောင်း၊ ယခင်ကသစ်သီးပန်းမန်များစိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ကြသော်လည်း စိုက်ပျိုးမြေများအား အခြားကိစ္စရပ်များတွင် အသုံးပြုမှုများနှင့် အားပေးမှုများ နည်းပါးလာခြင်းများကြောင့် ယခုအခါစိုက်ပျိုးမှုများ များစွာလျော့နည်းလာခဲ့ပြီး စိုက်ပျိုးရေးထွက်ကုန်များ နည်းပါးလာကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများမှ သုတေသနပြု ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးရန် လိုကြောင်း။

ပြင်ဦးလွင်ဒေသတွင် မလိုင်ထုတ်လုပ်မှုများရှိပြီး အရည်အသွေးကောင်းမွန်သည့် မလိုင်ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့ဒေသမှထွက်ရှိသည့် ထုတ်ကုန်များအားပြည်တွင်းဖြန့်ဖြူးမှုသာမက နိုင်ငံတကာသို့ပါ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုများကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်နေရသူများ များစွာရှိကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသူများကိုလည်း နိုင်ငံတော်

**ပြင်ဦးလွင်မြို့ကိုပညာရေးနှင့် ပတ်သက်၍လည်း ပညာရေးမြို့အဖြစ် ဖော်ဆောင်ရန်လို၊ အလားတူကျန်းမာရေးနှင့် ပတ်သက်၍လည်း ပြင်ဦးလွင်မြို့ကို ဗဟိုပြု၍ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်၊ ပြင်ဦးလွင်မြို့အား Clean City၊ Green City ဖြစ်အောင်ဆောင်ရွက်၍ ရှိပြီးသားအခြေခံဖြစ်သည့် ရတနာပုံ Cyber City၊ အနီးစခန်းလေယာဉ်ကွင်းများကို အသုံးချ၍ Smart City ဖြစ်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်။**

နှင့် တပ်မတော်မှ မိမိတို့နိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် ဒေသအလိုက်စီးပွားရေး ကောင်းမွန်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား လိုကြောင်း၊ ရှိပြီးသားကောင်းမွန်သည့် ရေခံ မြေခံများကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးမြေများအား အကျိုးရှိရှိအသုံးချ၍ စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်း ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက်လည်း သစ်တောသစ်ပင်များအား ထိန်းသိမ်းကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ နှင့် နည်းစနစ်တို့ကို စနစ်တကျဖြင့် ပေါင်းစပ်ဆောင်ရွက်၍ စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းကောင်းစေရေး ဆောင် ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်မြေဩဇာများရရှိရေးအတွက် မွေးမြူရေးလုပ်ငန်း များအား စနစ်တကျမွေးမြူဆောင်ရွက် ရန်လိုကြောင်း၊ ရှိပြီးသားစိုက်ပျိုးမြေ ဧရိယာများပေါ်တွင်သာ စိုက်ပျိုးရေးသီးနှံများ အထွက်တိုးအောင်ဆောင်ရွက်ခြင်း ဖြင့် သစ်တောခုတ်ထွင်မှုများကို လျှော့ချနိုင်ပြီး သစ်တော များပြုန်းတီးမှုကို တတ်နိုင်သမျှ ကာကွယ်နိုင်မည်ဖြစ် ကြောင်း၊ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်ရှိ သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် မဖြစ်မနေထိန်းသိမ်းဆောင် ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ရေဝေရေလဲဧရိယာများ တွင် သစ်ပင်သစ်တောများ များပြားလာပြီး ရာသီဥတုများ ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကန်တော်ကြီး ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှု နည်းပါးခဲ့ခြင်းကြောင့် မိမိ၏စက်တင်ဘာလခရီးစဉ်အတွင်း ကန်တော်ကြီးရေ လှောင်ကန်အတွင်း ရေများပြန်လည်ဝင်ရောက်နိုင်ရေး အတွက် လိုအပ်ချက်များအား ညှိနှိုင်းဖြေရှင်း၍ ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေများအတိုင်းအတာတစ်ခု အထိ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း၊ သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရာသီဥတုများ ဖောက်ပြန် လာပြီး မိုးရွာသွန်းမှုများ နည်းပါးလာကာ ဆည်များနှင့် ကန်များအတွင်းသို့ရေဝင်ရောက်မှုများနည်းပါးလာကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်တောသစ်ပင်များအား ထိန်းသိမ်းကြရန်လိုကြောင်း။

မိုးရေတိုက်စားခြင်းကြောင့် လမ်းများပျက်စီးမှု ဖြစ်ပေါ် စေနိုင်၍ ကားလမ်းများအပေါ်တွင် ကျရောက်လျက်ရှိသည့် သစ်ပင်များ၏ သစ်ကိုင်းများအား ရှင်းလင်းရန်လို ကြောင်း၊ ခရီးသွားများ ဝင်ရောက်မှုများပြားစေရေးအတွက် မိမိတို့မြို့ သာယာလှပစေရေး တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့သာယာလှပ ရေးသည် အခြားကဏ္ဍများနှင့် ဆက်စပ်လျက်ရှိသဖြင့် ဘက်ပေါင်းစုံမှကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အိမ်သာမှ ညှော်လာမည် ဖြစ်ကြောင်း။

**ထည့်သွင်းတွက်ချက်**

မြို့ပြတိုးချဲ့ရေးနှင့်ပတ်သက်၍ မိမိ၏ဖြတ်သန်းခဲ့ သည့်အတွေ့အကြုံများအရ အကြံပြုတိုက်တွန်း ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ လူသွားပလက်ဖောင်းများ စနစ်တကျ ရှိစေရေး၊ အရိပ်ရလေကာပင်များ စိုက်ပျိုးရာတွင်လည်း လမ်းနှင့်လွတ်ကင်းမှု ရှိစေရေးအတွက် စနစ်တကျကြိုတင် တွက်ချက် ဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းများတည် ဆောက်ခြင်း၊ မြို့ပြများ တိုးချဲ့ခြင်းများ ဆောင်ရွက်ရာတွင် အနာဂတ်စီမံကိန်းများအတွက်ပါ ထည့်သွင်းတွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ပြတည်ဆောက်ရေးနှင့် ပတ်သက်၍ အဘက်ဘက်မှ စဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် သက်ဆိုင်ရာ ဥပဒေစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ

ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင် ဘူတာသည် သမိုင်းဝင်ဘူတာဖြစ်ပြီး ဂုတ်ထိပ်တံတား သည်လည်း သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း၊ ခရီးသွား များ စိတ်ဝင်စားမှုရှိသည့် ကျောက်မီးသွေးသုံး ရထားစက် ခေါင်းများ အသုံးပြု၍ ပြင်ဦးလွင်မြို့ကို ဗဟိုပြုပြီး ရထား ခရီးစဉ်များ ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်မြို့တွင် သဘာဝအလှများ များစွာရှိကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ကုန်ထုတ်လုပ်မှု များ၊ စိုက်ပျိုးမွေးမြူရေးနှင့် ခရီးသွားလုပ်ငန်းများ တိုးတက် စေရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက် ကြရန် လိုကြောင်း။

**ပညာရေးမြို့အဖြစ် ဖော်ဆောင်ရန်**

ပြင်ဦးလွင်မြို့ကိုပညာရေးနှင့်ပတ်သက်၍လည်း ပညာရေးမြို့အဖြစ် ဖော်ဆောင်ရန်လိုကြောင်း၊ အလားတူ ကျန်းမာရေးနှင့်ပတ်သက်၍လည်း ပြင်ဦးလွင်မြို့ကို ဗဟိုပြု ၍ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ အား Clean City၊ Green City ဖြစ်အောင်ဆောင်ရွက်၍ ရှိပြီးသားအခြေခံဖြစ်သည့် ရတနာပုံ ဆိုက်ဘာစီးတီး၊ အနီး စခန်းလေယာဉ်ကွင်းများကို အသုံးချ၍ Smart City ဖြစ် အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး လူမှုစီးပွား ဘဝတိုးတက်ရေးအတွက် ပြည်သူအားလုံးစုပေါင်းဆောင်ရွက်၍ရသည့် သမဝါယမ စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား စုပေါင်းလုပ်ဆောင်သည့်စနစ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရသည် ပြည်သူများ၏ အကျိုးကို ဖြည့်ဆည်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များမှာ ကျယ်ပြော သဖြင့် ဝန်ကြီးဌာနအချင်းချင်းပူးပေါင်း ဆောင်ရွက်ခြင်း များဖြင့် လုပ်ငန်းများအဆင်ပြေအောင်မြင်အောင် အကောင် အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံတွင် ယခုအခါ အတိုင်းအတာတစ်ခုအထိ ကျဆင်း လာပြီဖြစ်သော်လည်း အခြားနိုင်ငံများတွင် အိုမီခရွန် ကိုဗစ် ဗီဇပြောင်းရောဂါပိုးများ ကူးစက်မှုများဖြစ်ပေါ်လျက် ရှိကြောင်း၊ ထို့ကြောင့် ကိုဗစ် - ၁၉ ကူးစက်မှုအား ထိန်းချုပ် နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကိုဗစ်စည်းကမ်း များနှင့်အညီ စနစ်တကျပညာပေးခြင်း၊ ထိန်းသိမ်း ကြပ်မတ် ခြင်းများ ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

■ ■ ■

# ၂၀၂၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၉ – ၁၂ – ၂၀၂၁ )



ဒီဇင်ဘာလ ၉ ရက်နေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ကမ္ဘာ့တစ်ဝန်းမှာ ကျင်းပပြုလုပ်

ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက်နေ့ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ နဲ့ ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအသိအမြင်များ ကျယ်ပြန့်လာစေရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့ တားဆီးကာကွယ်ရေးအပိုင်းတို့မှာ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ရဲ့ အဓိကကျတဲ့ အခန်းကဏ္ဍများကို ပိုမိုသိရှိနားလည်စေဖို့ အတွက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့တစ်ဝန်းမှာ ကျင်းပပြုလုပ်လျက်ရှိပါတယ်။

ဒါကြောင့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာ့အသိုက်အဝန်းအတွင်း ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံမှာလည်း ၂၀၁၇ ခုနှစ်မှစပြီး ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် လူပုဂ္ဂိုလ်များတက်ရောက်တဲ့ အခမ်းအနားမဟုတ်ဘဲ Virtual Format နဲ့သာ ကျင်းပ

ရခြင်းဖြစ်ပါတယ်။

ကုလသမဂ္ဂကချမှတ်ထားတဲ့ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ(SDGs)ရဲ့ ပန်းတိုင်-၁၆ မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍအဖြစ် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှုဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လူတိုင်းအကျုံးဝင်သည့် အဖွဲ့အစည်းများထူထောင်ရေး"ကို ဖော်ပြထားပါတယ်။ အစိုးရဌာန/အဖွဲ့အစည်းများအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများအကောင်အထည်ဖော်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအတွင်း သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းပြီး တိုးတက်သာယာတဲ့ နိုင်ငံတော်ကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

**ပေါင်းကူးတံတား**

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကို ပုံဖော်ရာမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကလည်း အရေးပါသလို နိုင်ငံ့ဝန်ထမ်းများနဲ့ အဖွဲ့အစည်းများအတွင်း ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု တည်ဆောက်ခြင်းနဲ့ အများယုံကြည်မှု တည်ဆောက်ခြင်းတို့လည်း လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဆိုတာ နိုင်ငံတော်နဲ့ ပြည်သူများအကြားက ပေါင်းကူးတံတားဖြစ်ပါတယ်။ နိုင်ငံတော်အပေါ် ပြည်သူများရဲ့ ယုံကြည်မှုတွေရရှိဖို့အတွက်ဆိုရင် ဝန်ထမ်းတွေအနေနဲ့ အဂတိတရားကင်းပြီး စည်းမျဉ်း စည်းကမ်းနဲ့ ကျင့်ဝတ်တွေကို လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကိုလက်မခံတဲ့ ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာစေဖို့အတွက် ပြည်သူလူထုတစ်ဦးချင်းစီက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်မှသာ မိမိလုပ်ငန်းခွင်၊ မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို ရိုးသားဖြောင့်မတ်မှုနဲ့ အဂတိကင်းစင်သောလူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။**

အဲ့ဒီလိုလိုက်နာဖို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ စံတန်ဖိုးများရဲ့ အဓိကရည်ညွှန်းထားတာကတော့ ဝန်ထမ်းတွေအနေနဲ့ လုပ်ငန်းတာဝန်ထမ်းဆောင်ရာမှာ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုနဲ့တာဝန်ခံမှုရှိခြင်း၊ ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်းနဲ့ တရားမျှတစွာဆောင်ရွက်ခြင်းအစရှိတဲ့ အခြေခံကျင့်ဝတ် စံတန်ဖိုးများကို အဓိကလက်ကိုင်ထားစေဖို့ ရည်ရွယ်လမ်းညွှန်ထားတာဖြစ်လို့ ဝန်ထမ်းအားလုံး လေးစားလိုက်နာဖို့ လိုအပ်ပါတယ်။

အဂတိလိုက်စားမှု၊ အဂတိတရားဆိုတဲ့ အသုံးအနှုန်းနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ မလုပ်ဖို့ တားမြစ်ဆုံးမတာတွေဟာ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ဗုဒ္ဓတရားတော်များရဲ့ အဆုံးအမတွေနဲ့အညီ နှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့တာ ဖြစ်ပါတယ်။ အဂတိတရား(၄)ပါးဆိုတာကို တော်တော်များများသိကြပါတယ်။

| | | |
|---|---|---|
| ဆန္ဒဂတိ | - | ချစ်သည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်၍ မပြုလုပ်သင့်တာကို ပြုလုပ်မိခြင်း။ |
| ဒေါသဂတိ | - | မုန်းသည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကိုလိုက်၍ မပြုလုပ်သင့်တာကို ပြုလုပ်မိခြင်း။ |
| ဘယာဂတိ | - | ကြောက်သဖြင့် ဘက်မလိုက်သင့်သည်ကို လိုက်၍ မပြုလုပ်သင့်တာကိုပြုလုပ်မိခြင်း။ |
| မောဟာဂတိ | - | တွေဝေသဖြင့် ဘက်မလိုက်သင့်သည်ကိုလိုက်၍ မပြုလုပ်သင့်တာကို ပြုလုပ်မိခြင်း။ |

တို့ပဲဖြစ်ပါတယ်။ ဒါကြောင့် အဂတိတရားဆိုတဲ့ အဓိပ္ပာယ်ဟာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ကမ္ဘာထက် ပိုမိုကျယ်ပြန့် နက်နဲတယ်လို့ ပြောလိုပါတယ်။

**ပုံစံအမျိုးမျိုးနဲ့ ဖြစ်ပွားနေ**

အဂတိလိုက်စားမှုဟာ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေး

နယ်ပယ်၊ အုပ်ချုပ်မှုနယ်ပယ်တွေမှာ ငွေကြေးဆိုင်ရာ အဂတိလိုက်စားမှုအပြုအမူများ၊ နိုင်ငံပိုင်ပစ္စည်းနဲ့သက်ဆိုင်တဲ့ အဂတိလိုက်စားမှု အပြုအမူများ၊ လူသားအရင်းအမြစ်နဲ့ သက်ဆိုင်သည့် အဂတိလိုက်စားမှုအပြုအမူများ၊ လုပ်ပိုင်ခွင့် အာဏာနဲ့သက်ဆိုင်တဲ့ အဂတိလိုက်စားမှု အပြုအမူများ စတဲ့ ပုံစံအမျိုးမျိုးနဲ့ ဖြစ်ပွားနေတာ ဖြစ်ပါတယ်။

ဒါကြောင့် ကဏ္ဍအသီးသီးမှာ နိုင်ငံတော်ရဲ့ တာဝန်တွေကို ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဟာ အဂတိလိုက်စားမှုဖြစ်ပေါ်စေတဲ့ အပြုအမူတွေကို ရှောင်ရှားပြီး အများပြည်သူအကျိုးစီးပွားကို ဦးတည်ချက်ထား လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

တကယ်တော့ အဂတိလိုက်စားမှုဆိုတာဟာ အများပြည်သူ အကျိုးစီးပွားဆောင်ရွက်ရန် မိမိကို ယုံကြည်အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အာဏာကို အသုံးချပြီး မိမိအကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်း ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအား လုပ်ပိုင်ခွင့်၊ ချင့်ချိန်နိုင်ခွင့် အလွန်အကျွံအပ်နှင်းထားခြင်း၊ ချင့်ချိန်နိုင်မှုလုပ်ပိုင်ခွင့်နဲ့ပတ်သက်ပြီး ရှုပ်ထွေးတဲ့ စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားခြင်း၊ ချင့်ချိန်ဆောင်ရွက်မှုကို ထိရောက်စွာ စောင့်ကြည့်စစ်ဆေးတဲ့ နည်းစနစ်များမရှိခြင်း၊ မိမိတို့ရဲ့ ဆုံးဖြတ်ချက်အတွက် တာဝန်ယူမှုမရှိခြင်းတို့ဟာ အဂတိလိုက်စားမှု ပိုမိုဖြစ်ပွားနိုင်ကြောင်း တွေ့ရှိရပါတယ်။

**ပြဋ္ဌာန်းပေးနိုင်ခဲ့**

အဂတိလိုက်စားမှု ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရရဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအပေါ် စိတ်ဆန္ဒပြင်းပြစွာနဲ့ မူဝါဒချမှတ်ဆောင်ရွက်နိုင်ဖို့လိုသလို ဥပဒေမူဘောင်ခိုင်မာရေးကလည်း အရေးကြီးပါတယ်။ ဒါကြောင့် မိမိတို့အစိုးရလက်ထက်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး နည်းဥပဒေကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနဲ့ အရေးယူဆောင်ရွက်ခြင်းတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာ စီမံချက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဂတိလိုက်စားမှုဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံမှ ထိခိုက်စေနိုင်တဲ့အတွက် နိုင်ငံတော်အတွင်း အဂတိလိုက်စားမှုကြီးများကို ဖော်ထုတ်ပြီး ဘက်လိုက်မှုမရှိဘဲ ဥပဒေနဲ့အညီ အရေးယူခဲ့တဲ့အပြင် အစိုးရဌာန/ အဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption–Prevention Unit) များကိုလည်း စနစ်တကျအကောင် အထည်ဖော်ဖွဲ့စည်းမှုများ ပြုလုပ်နိုင်ခဲ့တဲ့အတွက် ဌာနများမှာ အဂတိလိုက်စားမှုများ ယခုထက် လျော့နည်းကျဆင်းလာမှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကိုလက်မခံတဲ့ ဖြောင့်မတ်တည်ကြည်မှုရှိတဲ့ ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းလာစေဖို့အတွက် ပြည်သူလူထုတစ်ဦးချင်းစီက အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ ပါဝင်မှုသာ မိမိလုပ်ငန်းခွင်၊ မိမိနေထိုင်ရာ လူမှုပတ်ဝန်းကျင်ကို ရိုးသားဖြောင့်မတ်မှုနဲ့ အဂတိကင်းစင်သော လူမှုအသိုက် အဝန်းတစ်ခု တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အဂတိလိုက်စားမှုပြဿနာများကို စိစစ်အကဲဖြတ်ခြင်း၊ ပြုပြင်ပြောင်းလဲရေးများကို ရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့မှာ ပြည်သူလူထု ပါဝင်ဆောင်ရွက်လာရေးဟာ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေး မဟာဗျူဟာတွေမှာ အရေးကြီးတဲ့အစိတ်အပိုင်းဖြစ်တယ်ဆိုတာ ဖော်ပြလိုပါတယ်။ အဂတိလိုက်စားမှုကို လျှော့ချဖို့ရည်ရွယ်တဲ့ မည်သည့် အစီအစဉ်မဆို အဂတိလိုက်စားမှုကြောင့် ထိခိုက်နစ်နာသူများအား ပါဝင်ပတ်သက်ခွင့်ရဖို့ အရေးကြီးပါတယ်။ ညွှန်ကြားချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာ သိနားလည်တဲ့ ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့တွေလည်း ပါဝင်လာမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ မြန်မာနိုင်ငံမှာ အဂတိကင်းစင်တဲ့ လူ့အသိုင်းအဝိုင်း ဖြစ်လာရေးမှာ ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှု ဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးအရေးယူရမှာဖြစ်သလို နောင်အနာဂတ်မှာလည်း အဂတိလိုက်စားမှု ကင်းစင်တဲ့ နိုင်ငံတော်တစ်ရပ်ဖြစ်စေရေးအတွက် အစိုးရဌာန/ အဖွဲ့အစည်းအသီးသီးက တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ပြည်သူ လူထုတစ်ရပ်လုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းရင်း အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုအပ်ပါတယ်။

■ ■ ■

# စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ချာအရာရှိများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၉ – ၁၂ – ၂၀၂၁ )





စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည့် တက္ကသိုလ်များတွင် အရည်အချင်းများနှင့်ကိုက်ညီပြည့်စုံမှုရှိသောကြောင့် နည်းပြတာဝန်များကိုရရှိ ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ တတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများနှင့် ပေါင်းစပ်ချိန်ထိုး၍ စနစ်တကျသင်ကြား လေ့ကျင့်ပေးရန်၊ သင်ခန်းစာများကို အမှန်တစ်ကယ်တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှုကောင်းမွန်စွာပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာ ကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီဇင်ဘာလ ၉ ရက်၊ မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သင်္ချာအရာရှိများအား စစ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

## တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ချာအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်တို့က ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ နှစ်ပေါင်း ၂၀ အတွင်း စစ်တက္ကသိုလ်နှင့်တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ အရာရှိများလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့မှု၊ စာပေသင်ကြားပေးနိုင်ခဲ့မှုနှင့် လက်ရှိတာဝန်ထမ်းဆောင်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## လေ့ကျင့်သင်ကြားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြော ကြားရာတွင် စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာ တက္ကသိုလ်တို့၏ လေ့ကျင့်ရေးပိုင်းနှင့် သင်ကြားရေးပိုင်း ဆိုင်ရာများတွင် မှာကြားလိုသည်များ မှာကြားနိုင်ရေး အတွက် ယခုကဲ့သို့တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ သင်တန်း သားများ၊ ကျောင်းဆင်းအရာရှိများအနေဖြင့် မိမိတို့၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်ဖြစ်မြောက် လာစေရေးအတွက် မိမိကိုယ်ကိုထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ ပေးအပ်လာသည့်တာဝန်များကို လည်း ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ နည်း ပြများအနေဖြင့်လည်း အရည်အချင်းပြည့်ဝပြီး အရည်အသွေး ထက်မြက်ကောင်းမွန်သည့်အရာရှိများ ထွက်ပေါ်လာ အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

ရည်မှန်းချက်များကို ခိုင်မာစွာ ထားရှိရမည်ဖြစ်ပြီး တစ်ဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်ရမည့်အချိန် တွင် လုပ်ဆောင်နိုင်မည့်အရာများ၊ လုပ်ဆောင်သင့်သည် များကို မှတ်စုရေးမှတ်ထားရှိတတ်သည့် အလေ့အကျင့် ကောင်းမွေးမြူရန်နှင့် အမှန် တကယ်တာဝန် ထမ်းဆောင် ရသည့်အချိန်တွင် မိမိမှတ်သားထားသည်များနှင့် ချိန်ထိုး သုံးသပ်လုပ်ဆောင်ပါက အခက်အခဲမရှိတာဝန်ထမ်း ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ် အထိ အရာရှိများမွေးထုတ်ပေးနိုင်ခဲ့မှု၊ စာပေသင်ကြား ပေးနိုင်ခဲ့မှုနှင့် လက်ရှိတာဝန်ထမ်းဆောင်နေမှု အခြေအနေ များကို ပြန်လည်စိစစ်ခဲ့ရာ၌ အချို့သောအရာရှိများ အနေဖြင့် မိမိကိုယ်ကို ထိန်းသိမ်းမှုမရှိဘဲ စည်းကမ်း ဖောက်ဖျက်မှု၊ အဆင့်နှင့် လျော်ညီသော စားသောက် နေထိုင်မှု ပုံစံမရှိမှု၊ ကျန်းမာရေးချို့ယွင်းမှု စသည်တို့ကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်မှု မပြုနိုင်သည်ကို တွေ့ရှိရကြောင်း၊ ချုံ့သုံးသပ်ကြည့်မည်ဆိုပါက စိတ်ဓာတ် ခိုင်မာမှု အားနည်းချက်များကို တွေ့မြင်ရပြီး စိတ်ဓာတ် ခိုင်မာမှုမရှိခြင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှုမရှိခြင်း တို့ကြောင့် ဆက်လက်တာဝန်ထမ်းဆောင်မှုမပြုနိုင်ခြင်း ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာထိခိုက် နစ်နာမှုများရှိကြောင်း၊ အနာဂတ်တွင် ထူးချွန်ထက်မြက် ပြီး ပြည်သူကအားကိုးပြီး နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်များ ထွက်ပေါ်လာစေရေးအတွက် သင်တန်း စတင်တက်ရောက်ချိန်မှစ၍ အဆင့်လိုက် တက်ရောက်ရ သည့် သင်တန်းများကို အဆင့်ဆင့်သင်ကြားပေးခဲ့ရပြီး နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့်ငွေကြေးအရင်း အနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်များအနေဖြင့် စိတ်ဓာတ်ခိုင်မာမှု ရှိရမည်ဖြစ်ပြီး မိမိရည်မှန်းချက်အောင်မြင်ရန်အတွက် မိမိ ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် စည်းကမ်းရှိစွာ နေထိုင် လုပ်ကိုင်ဆောင်ရွက်ရန်လည်းလိုကြောင်း။

ထိုသို့ စိတ်ဓာတ်ခိုင်မာပြီး မိမိကိုယ်ကို ထိန်းသိမ်း ဆောင်ရွက်တတ်ရန်အတွက် သင်တန်းကျောင်းများတွင် ယခင်ကတည်းက နည်းပြများအနေဖြင့် လေ့ကျင့်သင် ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ သင်ခန်းစာများ ပိုင်နိုင်ပြီး ရှိသင့်ရှိထိုက်သည့် သိသင့်သိထိုက်သည့် အသိ ပညာ၊ အတတ်ပညာနှင့် ထိုးထွင်းမျှော်မြင်နိုင်မှုရှိအောင် သင်ကြားပေးလိုက်မှသာလျှင် လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှု ကောင်းမွန်စွာပေးနိုင်မည်ဖြစ်ပြီး ဘဝ တစ်လျှောက်လုံးတွင်လည်းထိန်းသိမ်း၍ ကောင်းမွန်စွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နည်းပြများ အနေဖြင့် လေ့ကျင့်ရေးနှင့်ပတ်သက်ပါက ကြပ်ကြပ်မတ် မတ် ဆောင်ရွက်ကြရန်၊ သင်တန်းသားများကို အလိုမ လိုက်ရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကိုလည်း အလိုမလိုက် ရန်လိုကြောင်း၊ အရည် အချင်းများနှင့်ပြည့်စုံသဖြင့် နည်း

> သင်တန်းသားများ၏
> အရည်အသွေးမြှင့်တင်နိုင်ရေး
> အမြဲမပြတ်လေ့လာဖော်ထုတ်နေရမည်ဖြစ်ပြီး
> သင်တန်းဆင်းလာပါက ၎င်းတို့၏
> အရည်အချင်းနှင့် ကိုက်ညီသည့်
> လူမှန် နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်း
> လိုအပ်မည်ဖြစ်၊ အရေးအတွက်ထက်
> အရည်အချင်းကို ဦးစားပေး
> ဆောင်ရွက်ကြစေလိုပြီး
> နိုင်ငံတော်နှင့်တပ်မတော်အတွက်
> အားကိုးအားထားရသည့် အရာရှိကောင်းများကို
> မွေးထုတ်ပေးကြရမည်ဖြစ်။

ပြများဖြစ်နေကြခြင်းဖြစ်သည့်အတွက် မိမိတတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းလာသည့် အတွေ့အကြုံများနှင့်ချိန်ထိုး၍ စနစ်တကျသင်ကြားပေးစေလိုပြီး အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

**အရည်အချင်းကို ဦးစားပေး**

သင်တန်းသားများ၏ အရည်အသွေးမြှင့်တင်နိုင်ရေး အမြဲမပြတ် လေ့လာဖော်ထုတ်နေရမည်ဖြစ်ပြီး သင်တန်းဆင်းလာပါက ၎င်းတို့၏ အရည်အချင်းနှင့် ကိုက်ညီသည့် လူမှန် နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိကောင်းများကို မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အရည်အသွေးပြည့်ဝသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်စွမ်းရည်ထက်မြက်ရေး၊ စွမ်းပကားမြင့်မားရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပြီး အရာရှိ၊ စစ်သည်များ၏ ပညာရည်မြင့်မားရေး၊ မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့မှုရှိစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း၊ နိုင်ငံတကာ တပ်မတော်များနည်းတူ အမျိုးသမီးအရာရှိ၊ စစ်သည်များကိုလည်း ပြန်လည်လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး အမျိုးသားများနည်းတူ တာဝန်ကျရာနေရာအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဖွယ် တွေ့မြင်ရကြောင်း၊ တက္ကသိုလ်၊ သင်တန်းကျောင်းအသီးသီးမှ နည်းပြများအနေဖြင့် မိမိတို့လေ့ကျင့်သင်ကြားပေးသည့် ခေါင်းဆောင်ငယ်များအား တစ်ဦးချင်း၏ အခြေခံစိတ်ဓာတ်၊ ခံယူချက်၊ ယုံကြည်ချက်၊ စစ်မြေပြင်ကျွမ်းကျင်မှုနှင့် ဘာသာရပ်အလိုက်တတ်မြောက်မှု စသည်ဖြင့် လေ့ကျင့်သားပြည့်ဝမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးရန်၊ သင်တန်းဆင်းပြီးပါက ဘဝတစ်လျှောက်လုံးတွင် မိမိတို့ ရာထူး၊ အဆင့်နှင့်လျော်ညီစွာနေထိုင်ပြုမူဆောင်ရွက်နိုင်စေရန်၊ အနာဂတ်နိုင်ငံတော်နှင့်တပ်မတော်အတွက် ခေါင်းဆောင်ကောင်းများပေါ်ထွက်လာစေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

■ ■ ■

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၁၀ - ၁၂ - ၂၀၂၁ )





တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြ ကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဖေယျာကျော်ထင်မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၃)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၈၈၈၊ ဗိုလ်လောင်း တင်မျိုးဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၉၆၄ ဗိုလ်လောင်း ဝင်းမိုးသူနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၇၉၀၂ ၊ ဗိုလ်လောင်း နေထက်ဝင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

## နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် “တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော အရည်အချင်းနှင့် ပြည့်စုံသည့် အင်ဂျင်နီယာဘွဲ့ကြို၊ ဘွဲ့လွန်နှင့်ဘွဲ့ရအရာရှိများ မွေးထုတ်ပေးရန်” ဟူသည့် တပ်မတော်နည်းပညာတက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ မွေးထုတ်ပေးလိုက်သည့် သင်တန်းဆင်းအရာရှိများသည် အင်ဂျင်နီယာဘွဲ့ရ အရာရှိငယ်များအဖြစ်သာမက စစ်ဘက်ခေါင်းဆောင်ငယ်များအဖြစ်ပါ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

စစ်အင်ဂျင်နီယာတပ်ဖွဲ့သည် မြန်မာ့တပ်မတော်

အတွက် အားထားရသည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့သည်မှာ မြန်မာ့တပ်မတော် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ထပ်တူဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့များအတွက် အင်ဂျင်နီယာပိုင်းဆိုင်ရာ ကဏ္ဍများတွင် စွမ်းစွမ်းတမံကူညီပံ့ပိုးပေးခဲ့သည်မှာလည်း ယနေ့ထိတိုင်ဖြစ်ကြောင်း၊ စစ်ဆင်ရေးကာလနှင့် ငြိမ်းချမ်းချိန်ကာလများအတွင်း တပ်မတော်၏ရွေ့လျားနိုင်ရေး၊ တိုက်ခိုက်နိုင်ရေးနှင့် နေထိုင်နိုင် ရေးတို့အတွက် စစ်ဆင်ရေးကဏ္ဍများတွင် ပါဝင်ထမ်းဆောင်ခြင်း၊ အင်ဂျင်နီယာပိုင်းဆိုင်ရာကျွမ်းကျင်မှုအကူအညီပေးခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို သယ်ပိုးထမ်းဆောင်ပေးခဲ့သည့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုဖြစ်ကြောင်း။

ထို့အပြင် အင်ဂျင်နီယာတပ်ဖွဲ့သည် ပြည်တွင်းပြည်ပပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့်အရေးပေါ်အခြေအနေအတွင်း ဒေသဆိုင်ရာအဆင့်ဆင့် အုပ်ချုပ်ရေးဌာနအဆောက်အအုံများ၊ နိုင်ငံ၏ မရှိမဖြစ်လည်ပတ်ရန် လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများအပြင် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် လိုအပ်သော အင်ဂျင်နီယာတပ်ဖွဲ့ဆိုင်ရာ အကူအညီများဆောင်ရွက်ပေးရကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် လူသားများအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည့် သဘာဝဘေးအန္တရာယ် အလျင်အမြန်တုံ့ပြန်ရေး၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အင်ဂျင်နီယာတပ်ဖွဲ့၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသော အာမခံချက်သည် စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးစွမ်းအားစု တည်ဆောက် ပိုင်ဆိုင်နိုင်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၌ “တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသောလက်နက်ကိုင်တပ်ဖွဲ့ဖြစ်ကြောင်း၊ နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်ဖြစ်ကြောင်း” ဟု အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ ထိုသို့ပြဋ္ဌာန်းခဲ့ရခြင်းမှာလည်း တပ်မတော် စတင်ပေါ်ပေါက်ရသည့် အကြောင်းအရင်း၊ တပ်မတော် ထူထောင်ရခြင်း၏ မူလရည်ရွယ်ချက်၊ တပ်မတော်ဖွဲ့စည်းတည်ထောင်ရာတွင် အမာခံ အမြုတေအဖြစ် ပါဝင်ခဲ့သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ စသည်တို့ အပေါ်မူတည်ပြီး ပြဋ္ဌာန်းရခြင်းပင် ဖြစ်ကြောင်း။

**ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ရည်မှန်းချက်ထား**

တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် သမားရိုးကျစစ်ပွဲဆင်နိုင်သည့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသော ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိကြောင်း၊ Standard Army ဖွဲ့စည်းတည်ဆောက်ရာတွင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)နှင့် အသစ်ဖွဲ့စည်းခဲ့သည့် ကမ်းခြေစောင့်တပ်ဖွဲ့များကိုပါ တစ်ပြိုင်နက်တည်း အဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိကြောင်း။

ထိုသို့ အဆင့်မြှင့်တင်တည်ဆောက်ရာတွင် လူ၊ လက်နက်ဖွဲ့စည်းပုံအဆင့်မြှင့်တင်ခြင်းသာမက လိုအပ်သည့် စစ်လက်နက်ပစ္စည်းများကိုလည်း ပြည်တွင်း၌ ကိုယ်ပိုင်ထုတ်လုပ်တပ်ဆင် အသုံးပြုနေပြီဖြစ်ကြောင်း၊ ထိုသို့ ပြည်တွင်း၌ ထုတ်လုပ်အသုံးပြုနိုင်ရေး အင်ဂျင်နီယာအရာရှိ၊ စစ်သည်အတတ်ပညာရှင်များ၏ စွမ်းပကားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လာသည့်အတွက် တပ်မတော်၏လူ့စွမ်းအားအရင်းအမြစ်များကို ဘက်ပေါင်းစုံက တိုးတက်အောင် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များသည် တပ်မတော်ကိုအကျိုးပြုနိုင်ရုံသာမက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**နည်းပညာအပေါ် များစွာမှီခိုအသုံးပြုလာ**

ယနေ့ခေတ်သည် စစ်ဘက်သိပ္ပံနှင့်နည်းပညာတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ခေတ်သစ်စစ်ပွဲများတွင် သတင်းစုံစွာရရှိရေး၊ လုံခြုံမှုနှင့်အကာအကွယ်ရရှိရေး၊ ထိရောက်စွာချေမှုန်းတိုက်ခိုက်နိုင်ရေး၊ အဆုံးအဖြတ်တိုက်ပွဲများတွင် အချိန်တိုအတွင်း ဆင်နွှဲနိုင်ရေးအတွက် နည်းပညာအပေါ် များစွာမှီခိုအသုံးပြုလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အင်ဂျင်နီယာဘာသာရပ်နယ်ပယ်ကျယ်ပြန့် လာခဲ့ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ အလိုအလျောက် ထိန်းချုပ်မှုကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်နိုင်ရေး အထောက်အကူပြု စေသည့် သတ္တုတူးဖော်ရေးအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ ရေကြောင်း အင်ဂျင်နီယာ၊ လေကြောင်းအင်ဂျင်နီယာ၊ အီလက်ထရောနစ် အင်ဂျင်နီယာ၊ စက်မှုအီလက်ထရောနစ် အင်ဂျင်နီယာ စသည့် ပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်။**

ထို့ကြောင့် နိုင်ငံတကာတွင် လက်ရှိဖြစ်ပေါ်တိုးတက်နေသည့် စစ်ဘက်သိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိနိုင်ငံ၊ မိမိ တပ်မတော်အတွက် အကောင်းဆုံး အသုံးချသွားရမည်ပင်ဖြစ်ကြောင်း၊ “**ကျင့်ဝတ်၊ တီထွင်၊ စွမ်းအားရှင်**” ဆိုသည့် တပ်မတော်နည်းပညာတက္ကသိုလ် လမ်းညွှန်ဆောင်ပုဒ်နှင့်အညီ အင်ဂျင်နီယာကျင့်ဝတ်များကိုလိုက်နာပြီး အရာရာတွင် တီထွင်ဖန်တီးနိုင်သည့် စိတ်ကူးစိတ်သန်းနှင့်လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် စွမ်းအားများရှိအောင် ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

ယနေ့ခေတ်သည် သတင်းအချက်အလက်နည်းပညာ (Information Technology) ခေတ်ဖြစ်ခြင်းကြောင့် သတင်းအချက်အလက်စီးဆင်းမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် အလွန်မြန်ဆန်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုရေစီးကြောင်းနောက်ကို အမီလိုက်နိုင်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Research and Development)များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယခုသင်ကြားပေးလိုက်သည့် ပညာရပ်များသည် အခြေခံသီအိုရီမျှသာဖြစ်ပြီး ဆက်လက်လေ့လာ သုတေသန ပြုရန်လိုအပ်သကဲ့သို့ လေ့လာရရှိသည့် ပညာရပ်များကို ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ရန်လည်း လိုအပ်ကြောင်း။

**စဉ်ဆက်မပြတ် လေ့လာကြိုးပမ်း**

ထို့အပြင် မိမိတို့တာဝန်ကျရာ ဒေသအသီးသီးတွင် ပင်မတာဝန်ထမ်းဆောင်ရင်း ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်မှုဆိုင်ရာ သိပ္ပံနှင့်နည်းပညာရပ်များကို အမီလိုက်နိုင်ရန် စဉ်ဆက်မပြတ် လေ့လာကြိုးပမ်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိတပ်မတော်အတွက် အကျိုးရှိနိုင်သည့် ပညာရပ်များကို စဉ်ဆက်မပြတ် သင်ယူလေ့လာခြင်း (Continuous Learning)ဖြင့် မိမိတို့၏ အရည်အချင်းများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေရမည်ဖြစ်ကြောင်း။

သိပ္ပံနှင့်နည်းပညာရပ်များတွင် “**ဖော်ထုတ်သုံးစွဲ**”သည့် အဆင့်မှ “**တီထွင်အသုံးပြု**” သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ပြောင်းလဲတိုးတက်နေသည့် စစ်ဘက်သိပ္ပံပညာရပ်များကို ကျွမ်းကျင်စွာ တီထွင်ထုတ်လုပ်အသုံးပြုနိုင်အောင် အမြဲမပြတ် ဆည်းပူးလေ့လာနေရမည်ဖြစ်ကြောင်း။

အင်ဂျင်နီယာပညာရပ်သည် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သဘာဝဝန်းကျင်ကို ပြုပြင်ပြောင်းလဲ ဖန်တီးခြင်းပင် ဖြစ်ကြောင်း။

မိမိတို့ပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုသဘာဝတရားများ ဖြစ်ပေါ်ပြောင်းလဲမှုကို လေ့လာဆန်းစစ်ရာမှ ထွက်ပေါ်လာသည့် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်၊ ပြုပြင်ဖန်တီးမှုများ ပြုလုပ်ရာတွင် အကျိုးသက်ရောက်မှုများကို ကြိုတင်မှန်းဆနိုင်သည့် သင်္ချာဘာသာရပ်များသည် သိပ္ပံပညာရပ်ဆိုင်ရာ သီအိုရီများ အခြေခံဆောင်ရွက်ရသည့် ဘာသာရပ်များ ဖြစ်ကြောင်း၊ ထို့ကြောင့် အမှန်တကယ်တတ်မြောက်သည့် အင်ဂျင်နီယာပညာရှင်တစ်ဦးဖြစ်ရန် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာစသည့်သိပ္ပံပညာရပ်များ ကျွမ်းကျင်စွာတတ်မြောက်ရန် လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**အထောက်အကူပြု**

အင်ဂျင်နီယာပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်ပါက စက်သီး၊ မောင်းတံ၊ ဘီးများ တီထွင်မှုမှအစပြုခဲ့ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် စက်မှုအင်ဂျင်နီယာပညာရပ်များ၊ လမ်း၊ တံတား၊ အဆောက်အအုံ၊ ဆည်မြောင်း၊ တာတမံများ တည်ဆောက်ရာတွင် အခြေခံ

ကျသည့် မြို့ပြအင်ဂျင်နီယာပညာရပ်များ၊ စွမ်းအင်လိုအပ်ချက်များနှင့် သတင်းအချက်အလက် နည်းပညာအတွက် အခြေခံဖြစ်သည့် လျှပ်စစ်အင်ဂျင်နီယာပညာရပ်များ ဦးစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး လူမှုစီးပွားဘဝမြင့်မားလာရန် အထောက်အကူပြုခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အင်ဂျင်နီယာဘာသာရပ်နယ်ပယ် ကျယ်ပြန့်လာခဲ့ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ အလိုအလျောက် ထိန်းချုပ်မှုကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်နိုင်ရေး အထောက်အကူပြုစေသည့် သတ္တုတူးဖော်ရေးအင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ ရေကြောင်းအင်ဂျင်နီယာ၊ လေကြောင်းအင်ဂျင်နီယာ၊ အီလက်ထရောနစ် အင်ဂျင်နီယာ၊ စက်မှုအီလက်ထရောနစ် အင်ဂျင်နီယာစသည့်ပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလအင်ဂျင်နီယာပညာရပ် နယ်ပယ်များစွာ ပေါင်းစပ်ပါဝင်လျက်ရှိသည့် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence–AI)၊ နာနိုနည်းပညာ (Nano)များအထိ စဉ်ဆက်မပြတ် နည်းပညာသစ်များ ပေါ်ထွက်လာခဲ့ပြီး ပေါ်ထွက်လာဆဲလည်း ဖြစ်ကြောင်း။

**ခေတ်နှင့်အညီ ပြောင်းလဲသင်ကြားပေးလျက်ရှိ**

မိမိတို့နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးနိုင်သည့် အင်ဂျင်နီယာအတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး သင်ကြားလေ့ကျင့်ပေးလျက်ရှိသည့် အင်ဂျင်နီယာပညာရေးသည် အရည်အသွေးရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း စဉ်ဆက်မပြတ်တိုးတက်ပြောင်းလဲသည့် နည်းပညာအသစ်များကို ဖော်ထုတ်အသုံးပြုနိုင်ရေး အင်ဂျင်နီယာပညာ သင်ကြားရေးကို ခေတ်နှင့်အညီ ပြောင်းလဲသင်ကြားပေးလျက်ရှိကြောင်း။

ယခင်ခေတ်များတွင် အဆင့်မီသည့် သင်ရိုးညွှန်းတမ်း၊ အရည်အချင်းပြည့်ဝသည့် နည်းပြ၊ အခြေခံပညာအဆင့်တွင် ထူးချွန်ခဲ့သည့် သင်တန်းသား၊ အဆင့်မီသည့် သင်ထောက်ကူပစ္စည်းများကို ပေါင်းစပ်လိုက်ပါက အရည်အသွေးပြည့်ဝသည့် အင်ဂျင်နီယာများ မွေးထုတ်နိုင်သည်ဟူသည့် အယူအဆရှိခဲ့သော်လည်း ယနေ့ခေတ်တွင် ၎င်းအယူအဆသည် လုံလောက်မှုမရှိတော့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပညာရပ်တစ်ခုကို သင်ကြား၊ သင်ယူကြသည့်အခါတွင် အခြေခံဒဿနတစ်ခုဖြစ်သည့် “ရလဒ်အခြေပြုပညာရေး (Outcome–Based Education)”ကို ပညာရေးနယ်ပယ်ကဏ္ဍအသီးသီးတွင် အသုံးပြုနေကြပြီဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားရန်အတွက် အရည်အသွေးအာမခံမှု (Quality Assurance) စနစ်နှင့် ထိန်းကျောင်းပြီး အကောင်အထည်ဖော်မှုအပိုင်းတွင်မူ သင်ကြား၊ သင်ယူမှုအပိုင်းကိုသာ ကွက်ပြီးစဉ်းစားခြင်း၊ ဖြည့်ဆည်းခြင်းထက် အရည်အသွေးအာမခံမှုစနစ် ရေရှည်ဆက်လက်တည်တံ့စေရန်နှင့် တိုးတက်စေရန်အတွက်ကိုပါ စဉ်းစားလာခဲ့ကြကြောင်း။

ထို့ကြောင့် တပ်မတော်နည်းပညာတက္ကသိုလ်အနေဖြင့် နိုင်ငံတကာနှင့်ပြည်တွင်း နည်းပညာတက္ကသိုလ်အချို့၏ သင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူဆိုင်ရာများ စသည်တို့နှင့် အရည်အသွေးအမှတ်လက္ခဏာများ (Benchmarks) နှိုင်းယှဉ်လေ့လာခြင်းများ ပြုလုပ်နိုင်ခဲ့ကြသည့်အပြင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေအရ နည်းပညာတက္ကသိုလ်များအတွက် အခြေခံအကျဆုံးနှင့် အရေးအပါဆုံး လုပ်ငန်းစဉ်ဖြစ်သည့် အရည်အသွေးစိစစ်အသိအမှတ်ပြုခြင်း(Accreditation) လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်နေပြီဖြစ်သဖြင့် မျှားမကြာမီကာလတွင် အင်ဂျင်နီယာဘွဲ့များသည် မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီမှတစ်ဆင့် အာရှ–ပစိဖိတ် အဆင့်အထိ အသိအမှတ်ပြုမှု ရရှိတော့မည်ဖြစ်ကြောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် နောင်တော်အင်ဂျင်နီယာအတတ်ပညာရှင်များသည် နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာပညာရပ်များကိုအသုံးချပြီး တပ်မတော်နှင့် နိုင်ငံတော်၏ အရေးပါသည့်ကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေသည်ကိုလည်း မြင်တွေ့ရမည်ဖြစ်ကြောင်း။

**မွန်မြတ်သောစိတ်ဆန္ဒဖြင့်**

တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့် ပြည်သူကိုကာကွယ်မည်ဟူသည့် မွန်မြတ်သောစိတ်ဆန္ဒဖြင့် တပ်မတော်သို့ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှမပါဘဲ Volunteer ဝင်ရောက်အမှုထမ်းကြသူများဖြစ်သည့်အတွက် မိမိတို့ထမ်းဆောင်နေသည့် တာဝန်အပေါ် ခံယူချက်၊ ယုံကြည်ချက် နက်နက်ရှိုင်းရှိုင်းဖြင့်

တာဝန်ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ အင်ဂျင်နီယာပညာရှင်ဖြစ်သူများအနေဖြင့် ဘဝရည်မှန်းချက် မြင့်မြင့်မားမားထားရှိပြီး ရည်မှန်းထားသည့်အတိုင်း မိမိတို့ဘဝတိုးတက်အောင် စိတ်ဓာတ်ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အမိန့်နာခံမှုကောင်းပြီး မိမိတပ်ဖွဲ့၊ တပ်မတော်နှင့် တိုင်းပြည်အပေါ် သစ္စာရှိရှိဖြင့် စစ်သားကောင်းပီသစွာ ပေးအပ်သည့်မည်သည့်တာဝန်ကိုမဆို ကျေပွန်စွာထမ်းဆောင် သွားကြရန်လည်း လိုအပ်ကြောင်း။

ထိုကဲ့သို့တာဝန်များကို ထမ်းဆောင်ရာတွင် နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းတာဝန်များသည် တစ်ဦးချင်း၏ ပင်ကိုယ်အရည်အသွေးကို မြှင့်တင်ပေးနေခြင်းဖြစ်သည့်အတွက် မိမိတို့၏ ထိုးထွင်းကြံဆမှုနှင့် ကြုံတွေ့လာသည့် အခက်အခဲများကို ဆန်းစစ်ပြီး တွေးခေါ်မျှော်မြင်မှုနှင့် ကျော်ဖြတ်နိုင်ရေးအတွက် ဉာဏ်ပညာကို အသုံးချရန် လိုအပ်ကြောင်း။

ယင်းသို့ အသုံးချနိုင်ရေးအတွက် အသိပညာနှင့်ပြည့်စုံရန် လိုအပ်သောကြောင့် မိမိတို့၏ အားလပ်ချိန်များတွင် အသိပညာဗဟုသုတရရှိရေး အကျိုးရှိမည့် စာအုပ်၊ စာပေများကို ဖတ်ရှုသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ခေါင်းဆောင်မှုကောင်းပေးနိုင်ရန်**

အင်ဂျင်နီယာတပ်ဖွဲ့တွင် ခေါင်းဆောင်ငယ်များအဖြစ်ထမ်းဆောင်ကြရမည့်သူများဖြစ်သဖြင့် ကွပ်ကဲရမည့်သူများသည် တပ်စုအဆင့်ထက်မပိုသည့် အင်အားမှ စတင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်တိုင်လည်း အရည်အချင်းရှိအောင် လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ ခေါင်းဆောင်မှုကောင်းပေးနိုင်ရန်လည်း ကြိုးစားရမည်ဖြစ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်၍ အင်အားနည်းနည်းဖြင့် ကွပ်ကဲရချိန်တွင် ခေါင်းဆောင်မှုကို လေ့ကျင့်သည်ဟု သဘောထားပြီး မိမိအရည်အချင်းမြင့်တက်နေရေး ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်မှလည်း အဆင့်ဆင့်တာဝန်များ ထမ်းဆောင်ရချိန်တွင် အရည်အသွေးမြင့်မားသည့် တပ်မတော်အတွက် အားကိုးရသည့် အရာရှိကောင်းများ ဖြစ်လာစေမည်ဖြစ်ကြောင်း။

တပ်မတော်၏ စစ်အင်ဂျင်နီယာခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများသည် မိမိခေါင်းဆောင်မှုအားနည်းပါက မိမိကိုယ်တိုင်သာမက မိမိကွပ်ကဲအုပ်ချုပ်ရသူများ၏ အသက်၊ သွေး၊ ချွေး များစွာဆုံးရှုံးမှုကြီးမားနိုင်သည့်အတွက် သင်ကြားပေးသည့်အသိပညာ၊ အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် မိမိသင်ကြားထားသည့် အသိပညာ၊ အတတ်ပညာများကို ထိထိရောက်ရောက် အသုံးချတတ်ရန် လိုအပ်သလို တိုးတက်ပြောင်းလဲနေသည့် ပညာရပ်များကိုလည်း အမြဲမပြတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်နေမှသာလျှင် စစ်တိုက်နိုင်သော အင်ဂျင်နီယာအရာရှိများ၊ အရည်အချင်းရှိသော အင်ဂျင်နီယာအရာရှိများ၊ စည်းကမ်းကောင်းသော အင်ဂျင်နီယာအရာရှိများအဖြစ် ပေးအပ်လာသည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

သင်တန်းဆင်းအရာရှိများအနေဖြင့်လည်း မိမိကိုယ်တိုင်ကစပြီး ကျန်းမာကြံ့ခိုင်မှုရှိစေရန်၊ ကိုယ်ခံစွမ်းအား ပြည့်ဝစေရန် နေထိုင်ရမည်ဖြစ်သကဲ့သို့ မိမိလက်အောက်ကိုလည်း စံနမူနာကောင်းပြ နေထိုင်ရမည်ဖြစ်ကြောင်း၊ မိမိလက်အောက်ကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်အောင် လေ့ကျင့်ဆောင်ရွက်နိုင်မှသာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်မြင့်မားအောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိလက်အောက်ငယ်သားများ၏ စွမ်းဆောင်နိုင်မှုနှင့် အမူအကျင့်များကို စေ့စပ်သေချာစွာ သိရှိထားရန်လိုအပ်သကဲ့သို့ တစ်ဦးချင်း၏ လုပ်ငန်းတာဝန်များကိုလည်း သိရှိနားလည်ထားရန် လိုအပ်ကြောင်း။

ထိုသို့သိရှိနေမှသာလျှင် လူမှန်နေရာမှန် နေရာချထားနိုင်မှုနှင့် မှန်ကန်စွာ တာဝန်ပေးအပ်နိုင်မှုတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ငယ်များအနေဖြင့် မိမိတို့ ကြုံတွေ့လာရသည့် ကိစ္စရပ်များကို ဘက်ပေါင်းစုံကစဉ်းစားပြီး ဆင်ခြင်တုံတရားဖြင့် လုပ်ဆောင်ကြရန် မှာကြားလိုကြောင်း။

**စွမ်းရည်သုံးရပ် အမြဲထက်မြက်နေရန်လိုအပ်**

မိမိတို့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍မရဘဲ ကြိုတင်ပြင်ဆင် လေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။ ယင်းသို့ဆောင်ရွက်သည့်နေရာတွင် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊

**အရည်အသွေးအာမခံမှုရှိသည့် အင်ဂျင်နီယာပညာရေးစနစ်တစ်ခုမှ ပေါက်ဖွားလာသည့် အရာရှိငယ်များသည် "အင်ဂျင်နီယာစွမ်းပကား တပ်မတော်အား" ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့တပ်မတော်အတွက် အတတ်ပညာရှင်၊ အသိပညာရှင်များအဖြစ် ပံ့ပိုးလုပ်ဆောင်သွားကြရမည်ဖြစ်၊ တာဝန်ကျရာ ဒေသအသီးသီးတွင် ပင်မတာဝန်ထမ်းဆောင်ရင်း စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည့် သိပ္ပံနှင့်နည်းပညာရပ်များကို အမီလိုက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ပြီး မိမိနိုင်ငံ၊ မိမိတပ်မတော်အတွက် အကျိုးရှိသည့် ပညာရပ်များကို စဉ်ဆက်မပြတ်သင်ယူလေ့လာခြင်း (Continuous Learning) ဖြင့် မိမိတို့၏အရည်အချင်းများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်**

စည်းရုံးရေး စွမ်းရည်ဟူသည့် စွမ်းရည်သုံးရပ် အမြဲထက်မြက်နေရန် လိုအပ်ကြောင်း၊ စွမ်းရည်သုံးရပ် ထက်မြက်နေမှသာလျှင် ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း၊ တပ်မတော်ကို စွမ်းရည်၊ စွမ်းအားမြင့်မားပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်မတော်ဖြစ်စေရန် အမြဲတမ်း "**လေ့လာ၊ လေ့ကျင့်၊ လိုက်နာ**" နေကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း စွမ်းဆောင်ရည် ကောင်းမွန်မှသာလျှင် အဖွဲ့လိုက်ဆောင်ရွက်မှု (Team Work) ရရှိမည်ဖြစ်ပြီး အဖွဲ့လိုက်စွမ်းဆောင်ရည်များလည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန် ထမ်းဆောင်နေချိန်တွင် နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသရွေ့ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင် တပ်မတော်သားတိုင်း လိုက်နာကျင့်ကြံရမည့် စစ်သည်တော်ကျင့်ဝတ်များကို တိတိကျကျ လိုက်နာကျင့်ကြံကြမည်ဆိုပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာလာစေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် တိုင်းပြည်နှင့်တပ်မတော်အပေါ်တွင် ကောင်းမွန်သည့် စိတ်ရင်းစေတနာ ထားရှိဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာတွင်လည်း စစ်သည်တော်ကျင့်ဝတ်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ပြည်သူများ၏ အကျိုးစီးပွားကို မိမိတို့ တတ်စွမ်းသမျှကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာပြီး တိုင်းရင်းသားပေါင်းစုံနှင့် ဖွဲ့စည်းထားသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် နေ့စဉ်လူမှုဘဝလုံခြုံရေးများကိုပါ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် မိမိနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများတွင် အားတက်သရော စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက အချိန်နှင့်တပြေးညီ ကူညီဆောင်ရွက်ပေးခြင်းများဖြင့် ပြည်သူကအားကိုး၊ အားထားရသည့် တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်သည့် ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်ရာတွင် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် အင်ဂျင်နီယာကျင့်ဝတ်များကို လိုက်နာပြီး အရာရာတွင် တီထွင်ဖန်တီးလိုသည့် စိတ်ကူးစိတ်သန်းနှင့် လက်တွေ့ အကောင်အထည်ဖော်နိုင်သည့် စွမ်းရည်များရှိအောင် ကြိုးစားလေ့လာသင်ယူကြရမည် ဖြစ်ကြောင်း၊ အရည်အသွေးအာမခံမှုရှိသည့် အင်ဂျင်နီယာပညာရေးစနစ်တစ်ခုမှ ပေါက်ဖွားလာသည့် အရာရှိငယ်များသည် **"အင်ဂျင်နီယာစွမ်းပကား တပ်မတော်အား"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့တပ်မတော်အတွက် အတတ်

ပညာရှင်၊ အသိပညာရှင်များအဖြစ် ပံ့ပိုးလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တာဝန်ကျရာ ဒေသအသီးသီးတွင် ပင်မတာဝန်ထမ်းဆောင်ရင်း စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည့် သိပ္ပံနှင့် နည်းပညာရပ်များကို အမီလိုက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ပြီး မိမိနိုင်ငံ၊ မိမိတပ်မတော်အတွက် အကျိုးရှိသည့်ပညာရပ်များကို စဉ်ဆက်မပြတ်သင်ယူလေ့လာခြင်း (Continuous Learning)ဖြင့် မိမိတို့၏ အရည်အချင်းများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ လေ့ကျင့်ရေးဆိုင်ရာ ရည်မှန်းချက်များဖြစ်သည့် **"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်"** ဟူသည့် ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မိမိတို့ ဆောင်ရွက်ရမည့် ပုံမှန်လေ့ကျင့်ရေး ဆောင်ရွက်ချက်များကို **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဟူသည့် လမ်းညွှန် ဆောင်ပုဒ်နှင့်အညီ ကြိုးစားဆောင်ရွက်ကြပြီး တပ်မတော်၏ တိုက်စွမ်းရည်၊ တိုက်စွမ်းအားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**အလေးပြုခြင်းကိုခံယူ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလ ခြောက်နှစ်တာ ကာလတစ်လျှောက်လုံး ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကို စောင့်ထိန်းမှုတို့ကြောင့် ရရှိခဲ့သည့် တန်ဖိုးရှိသည့် ဆုတံဆိပ်များပင်ဖြစ်ကြောင်း၊ မိဘများ အနေဖြင့်လည်း သာမန်နိုင်ငံ့ဝန်ထမ်းများနှင့် တောင်သူများ ဖြစ်ကြသည်ကိုတွေ့ရှိရပြီး ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကြိုးစားရုန်းကန် ပြုစုပျိုးထောင်ပေးခဲ့ရမည် ဖြစ်ကြောင်း၊ မိဘ၊ ဆရာများ၏ ဆိုဆုံးမမှု၊ သင်ကြားမှုအောက်တွင် ကောင်းမွန်စွာကြီးပြင်းလာခဲ့ပြီး မိမိကိုယ်ကို ထိန်းသိမ်းလုပ်ဆောင်တတ်သည့် အခြေခံစိတ်ဓာတ်ကောင်းများကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာပေပညာအပြင် အတတ်ပညာကိုပါ သင်ယူရသည်ဖြစ်ပြီး တန်ဖိုးရှိသည့် ပညာရပ်များကို သင်ယူခဲ့ရသည် ဖြစ်သည့်အတွက် မိမိတို့၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်ပန်းတိုင်များ မပျောက်ပျက်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိတ်ကိုအလိုမလိုက်ရန်နှင့် အသောက်အစား အပျော်အပါးများကို ဆင်ခြင်တုံတရားဖြင့် ထိန်းသိမ်းရမည်ဖြစ်ပြီး အသက်အရွယ်အားဖြင့် ငယ်သည်ဖြစ်သော်လည်း ခေါင်းဆောင်များဖြစ်သည့်အတွက် ရင့်ကျက်တည်ငြိမ်စွာနေထိုင်သွားလာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဝတစ်လျှောက် လျှောက်လှမ်းရမည့် လမ်းခရီးများစွာ ကျန်ရှိနေသေးသည် ဖြစ်သည့်အတွက် အသိပညာအတတ်ပညာများပြည့်စုံရန် စာပေဗဟုသုတလေ့လာခြင်း၊ ကျန်းမာကြံ့ခိုင်အောင် နေထိုင်ခြင်းတို့ဖြင့် မိမိကိုယ်ကိုဝမ်းစာဖြည့်ဆည်း တိုက်ကျွေးရန်လိုကြောင်း၊ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မိဘများ၏ ကျေးဇူးကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လို အပ်သကဲ့သို့ ဒုတိယမိခင်ဖြစ်သည့် တပ်မတော်အပေါ်တွင်လည်း ကျေးဇူးသစ္စာ စောင့်သိရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များအောင်မြင်ရေး၊ မိသားစုများ၏ ရည်မှန်းချက်များ မပျောက်စေရေးအတွက် စစ်သားကောင်းတစ်ယောက်ပီသစွာဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁) ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁၁ - ၁၂ - ၂၀၂၁ )



**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

လာမယ့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ၇၅ နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ယနေ့ထက်တိုင် ကမ္ဘာမှာခိုင်မာစွာရပ်တည်နိုင်ဖို့ ကျွန်တော်တို့ တိုင်းရင်းသားအားလုံး တူညီဆန္ဒများဖြင့် ပြည်ထောင်စုအုတ်မြစ်တည်ဆောက်ခဲ့ကြပါတယ်။ ဒီလိုအနှစ်သာရနဲ့ ပြည့်ဝလှတဲ့ စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ဒီနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁) ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကြည့်ရှုအားပေးနေကြပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်သွေးစည်းမှုနဲ့ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မြဲစေမည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကို တိုင်းရင်းသားလူမျိုးများရဲ့ ရိုးရာယဉ်ကျေးမှု၊ အနုပညာများ ပိုမိုဖော်ထုတ်နိုင်ဖို့၊ ရပ်ရွာအခြေပြုတိုင်းရင်းသားဒေသ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့နှင့် တိုင်းရင်းသားတို့၏ နေထိုင်ရာဒေသများမှ ဒေသတွင်းထုတ်ကုန်များ၊ ရိုးရာဝတ်စားဆင်ယင်မှုများ၊ တိုင်းရင်းသားတို့၏ရိုးရာအစားအစာများကို သိရှိစေပြီး တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပထမအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ(၂၀၁၉)ပွဲတော်ကို ကချင်တိုင်းရင်း သားလုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြီး ပြုလုပ်ခဲ့ကြပါတယ်။ ဒုတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ

(၂၀၂၀)ပွဲတော်ကို ကယားတိုင်းရင်းသား လုပ်ငန်း ရှင်များ အသင်းက အဓိကဦးဆောင်ပြီး ပြုလုပ်ခဲ့ကြပါတယ်။ ယခု တတိယအကြိမ် “သွေးချင်းတို့ရဲ့ပွဲတော်ဆီ” (၂၀၂၁) ပွဲတော်ကို ကိုဗစ်-၁၉ ကမ္ဘာ့ ကပ်ရောဂါ ကာကွယ် ထိန်းချုပ်ရတဲ့ အခြေအနေကြောင့် မြေပြင်တွင် ကျင်းပနိုင်ခြင်းမရှိသည့်အတွက် ရုပ်သံပွဲတော်အဖြစ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တိုင်းရင်းသားများရဲ့ ရိုးရာ ယဉ်ကျေးမှု၊ အဆို၊ အကများနဲ့ ကျင်းပဆောင်ရွက်ခြင်းဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၂ မှာလည်း နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေဖို့ ကူညီဆောင်ရွက်မည်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး နှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်တို့ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးဦးတည်ချက်တွင်ပါရှိသည့် **“စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကိုလေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး”** စတဲ့အချက်များကိုသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်မှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေဖို့လိုအပ်ပါတယ်။ ဒါမှသာ မတူကွဲပြားမှုတွေ ကို အပြန်အလှန်အသိအမှတ်ပြု လေးစားလိုက်နာပြီး ဒီမိုကရေစီ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် အဓိကအခြေခံရမည့်အချက်က ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့် ဒို့တာဝန်အရေး(၃)ပါးပဲဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ ကျစ်လျစ်ခိုင်မာတဲ့ ညီညွတ်တဲ့ စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမှာ ဖြစ်ပါတယ်။

**နိုင်ငံတော်မှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းလာစေဖို့လိုအပ်ပါတယ်။ ဒါမှသာ မတူကွဲပြားမှုတွေကို အပြန်အလှန်အသိအမှတ်ပြု လေးစားလိုက်နာပြီး ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မာစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် အဓိကအခြေခံရမည့် အချက်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစသည့် ဒို့တာဝန်အရေး(၃)ပါးပဲဖြစ်ပါတယ်။**

နိုင်ငံတော်အစိုးရအနေနဲ့ ကျရောက်လာတော့မယ့် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် (တစ်) ပြည်ထောင်စု စိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ် (နှစ်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေဖို့အတွက် လုပ်ဆောင်မည့် လုပ်ငန်းရပ်များချမှတ်တာ၊ တိုင်းရင်းသားများပါဝင်တဲ့ ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းတာနဲ့ လက်တွေ့လုပ်ငန်းရပ်များ ဆောင်ရွက်တာဆိုတဲ့ အဆင့် ၃ ဆင့်ကို ဆောင်ရွက်သွားမှာဖြစ်ပြီး ဒီကိစ္စရပ်တွေအတွက် တိုင်းရင်းသား ပြည်သူလူထုနဲ့ ပါဝင်ပတ်သက်ရမယ့် အစုအဖွဲ့များအားလုံးထံမှ အကြံပြု ချက်များရယူတာ၊ အသိပေးတာ၊ ပညာပေးတာတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရာမှာတော့ သက်ဆိုင်ရာတိုင်းရင်းသားများ၊ သက်ဆိုင်သူများ ကိုယ်တိုင်ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုး

ဆောင်နိုင်ရေးနဲ့ မြှင့်တင်နိုင်ရေးဆောင်ရွက်တာ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဆင့်ဆင့်နဲ့ EAO အဖွဲ့များ တိုက်ရိုက်ဆွေးနွေးတာ၊ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင်ဆောင်ရွက်တာ၊ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်ပြီး ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းလာစေရေး၊ နှစ်ဖက်သဘောတူညီချက်များ ရရှိစေရေးတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့သက်ဆိုင်တဲ့ ဆွေးနွေးပွဲတွေ၊ အခမ်းအနားတွေမှာ အမြဲပြောဆိုတဲ့စကား ရှိပါတယ်။ ဒါကတော့ "ဆန္ဒ" ပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိုလိုချင်ရင် ငြိမ်းချမ်းရေးကိုလိုချင်တဲ့ စစ်မှန်တဲ့ဆန္ဒရှိရမှာဖြစ်ပါတယ်။ ဒီလိုပါပဲ။ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေလိုတယ်၊ သာယာဝပြောစေလိုတယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်သာယာဝပြောလိုတဲ့ဆန္ဒနဲ့ လုပ်ဆောင်ချက်တွေရှိရပါမယ်။ ဒီဆန္ဒ၊ သဘောထားနဲ့ ကျွန်တော်တို့ရဲ့တစ်ပေါင်းတစ်စည်းတည်း စုပေါင်းဆောင်ရွက်မှုတွေရှိလာရင် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုးအတွက် မဖြစ်နိုင်စရာဆိုတာ မရှိဘူးဆိုတာ ကိုဗစ်-၁၉ ရောဂါတတိယလှိုင်းကို ကျွန်တော်တို့ ဘယ်လိုကျော်လွှားခဲ့ကြသလဲဆိုတာက ထင်ရှားတဲ့သက်သေဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း အမြင့်မားဆုံးအချိန် ဇူလိုင်လမှာ ပိုးတွေ့ရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းနီးပါးထိရှိခဲ့တယ်။ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနဲ့ အဖွဲ့အစည်းအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ၃/၄ လခန့်အကြာမှာ ပိုးတွေ့ရာခိုင်နှုန်းဟာ ၂ ရာခိုင်နှုန်းခန့်သာရှိပါတော့တယ်။ ဒါဟာ စည်းလုံးခြင်း၊ စည်းကမ်းလိုက်နာခြင်းနဲ့ ပြင်းပြတဲ့ဆန္ဒနဲ့ လုပ်ဆောင်ခြင်းတို့ရဲ့ လက်တွေ့ရလဒ်ပဲဖြစ်ပါတယ်။ ဒီလိုကောင်းမွန်တဲ့ လုပ်ဆောင်ချက်နဲ့ စိတ်ဓာတ်တွေကို ကျွန်တော်တို့ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရပါမယ်။ ဒီကနေတစ်ဆင့် ပြည်ထောင်စုရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စစ်မှန် စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို ချီတက်ကြပါမယ်။

နိုင်ငံတော်၏ အဓိကလိုအပ်ချက်တို့မှာ ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ တိုင်းရင်းသားဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးတို့ပဲဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ဒေသများပါ မကျန် အားပေးကူညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းလာမှုများကို ပြန်လည်တည်ဆောက်နိုင်ရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်များမဆို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာရေးဟာ တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်လို့ မရနိုင်ပါဘူး။ တိုင်းရင်းသားပြည်သူများအားလုံးရဲ့ စုပေါင်းအားနဲ့သာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား –**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ နိုင်ငံနှင့်တိုင်းရင်းသားများရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တိုင်းရင်းသားများ၏ စုစည်းမှုအားဖြင့် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်–

(၁) ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေး လုပ်ငန်းစဉ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များမှာ တိုင်းရင်းသားအားလုံး၊ သက်ဆိုင်သူအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါ။

(၂) နိုင်ငံတော်မှာလိုအပ်လျက်ရှိတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာလာစေရေးနဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေဖို့ အတွက် တိုင်းရင်းသားပြည်သူများအားလုံးက ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါ။

(၃) တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာ ဖူလုံစေရေးအတွက် တိုင်းရင်းသားပြည်သူ အားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါ။

(၄) တိုင်းရင်းသားများရဲ့ မတူကွဲပြားမှုများကို အပြန်အလှန် အသိအမှတ်ပြု လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ၊ အားလုံးကို ကျေးဇူးတင်ပါ တယ် ခင်ဗျား။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

( ၁၃ - ၁၂ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၁၈/၂၀၂၁)ကို ဒီဇင်ဘာလ ၁၃ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**တစ်ကြိမ်နှင့်အထက် ဆေးထိုးနှံပြီးသူ ၁၈၃၅၅၃၃၀ ဦးဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ဝယ်ယူမှု၊ ပြည်ပနိုင်ငံများမှ နိုင်ငံတော်နှင့် တပ်မတော်သို့ လှူဒါန်းမှု၊ ပုဂ္ဂလိကလှူဒါန်းမှုနှင့် မြန်မာ–တရုတ်နယ်စပ်ဒေသအတွက် တရုတ်–မြန်မာချစ်ကြည်ရေးအသင်းက လှူဒါန်းမှုများအပါအဝင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးရောက်ရှိမှုမှာ စုစုပေါင်း ၄၂၇၇၁၆၀၀ ရှိပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးအလုံးရေ တစ်သန်းမှာလည်း ယခုလအတွင်းရောက်ရှိရန်ရှိပြီး တရုတ်နိုင်ငံမှလည်း ကာကွယ်ဆေးများထပ်မံလှူဒါန်းပေးမည်ဟုသိရှိရကြောင်း၊ ဂျပန်နိုင်ငံ Nippon Foundation မှလည်း ကာကွယ်ဆေးအလုံးရေ ၂ သန်းလှူဒါန်းပေးသွားမည်ဖြစ်ပြီး ယခုလတွင် ၁ သန်း၊ ဇန်နဝါရီလတွင် ၁ သန်းရောက်ရှိမည်ဟု သိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပြီးမှု Doses အရေအတွက် ၃၁၀၄၉၂၇၅ ၊ လက်ကျန် Doses အနေဖြင့် ၁၁၇၂၂၃၂၅ ဖြစ်ပြီး နှစ်ကြိမ်အပြည့်ဆေးထိုးနှံပြီးသူ ၁၂၆၉၃၉၄၅ ဦး၊ တစ်ကြိမ်ထိုးနှံပြီးသူ ၅၆၆၁၃၈၅ ဦးဖြစ်သဖြင့် တစ်ကြိမ်နှင့်အထက် ဆေးထိုးနှံပြီးသူ ၁၈၃၅၅၃၃၀ ဦးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုနှစ်ဒီဇင်ဘာလအတွင်း တစ်နိုင်ငံလုံး ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ထိုးနှံပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မျှော်မှန်းထားသည်ထက် ကျော်လွန်နိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများကိုလည်း

ဆက်လက်ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ Booster ထိုးနှံလိုသူများအနေဖြင့်လည်း သတ်မှတ်စည်းကမ်းများနှင့်အညီ ပုဂ္ဂလိကဆေးရုံများ၌ ထိုးနှံနိုင်ရေး ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများမဖြစ်စေရေးအတွက် အသိအမှတ်ပြုထားသော ဆေးဝါးများဖြစ်စေရေး ပုဂ္ဂလိက ဆေးရုံများနှင့် ဆေးခန်းများအနေဖြင့်လည်း သတ်မှတ်စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိပြီး ဇန်နဝါရီလအတွင်း စတင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးစတင်ထုတ်လုပ်ချိန်မှစ၍ တစ်လလျှင် ဆေးအလုံးရေ ၅ သန်း ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အိုမီခရွန်ကိုဗစ်ဗီဇပြောင်း ရောဂါပိုးများ ကူးစက်မှုမရှိသေးသော်လည်း အိမ်နီးချင်းနိုင်ငံအချို့နှင့် ဒေသတွင်းနိုင်ငံအချို့တွင် ကူးစက်မှုများရှိနေသဖြင့် နိုင်ငံအတွင်းကူးစက်မှုမရှိစေရေး သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံထားသူများတွင် ထိခိုက်မှုနှုန်းနည်းပါးသည်ဟု သိရှိရကြောင်း၊ ရောဂါကူးစက်မှုများပြားလာပါက အဆင့်သင့်ကုသနိုင်ရေး ဆေးရုံ၊ ဆေးခန်းများကိုလည်း ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားပြီး ဖြစ်ကြောင်း။

### အချိန်မီ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့

အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ထိရောက်စွာဟန့်တား ထိန်းချုပ်နိုင်ရေးနှင့် ဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အများစုကို အချိန်မီ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏ တာဝန်ကို ယူထားခြင်းဖြစ်ပြီး တပ်မတော်က တိုက်ရိုက်မအုပ်ချုပ်ဘဲ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အရပ်သားအများ =စုကိုသာ တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထိရောက်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပြည်သူများနှင့်ဆက်ဆံရာတွင်လည်း ကောင်းမွန်ပြေပြစ်သောဆက်ဆံရေးဖြင့် ဆောင်ရွက်သွားရန်လိုပြီး တတ်နိုင်သမျှ ပြည်သူများအပေါ်စိတ်ရှည်စွာဖြင့် လုပ်ပေးနိုင်သည်ကို စီမံဖြည့်ဆည်း ပေးရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့်ပတ်သက်၍ ဥပဒေအရ၊ ဒီမိုကရေစီနည်းလမ်းအရ နားလည်အောင် အသိပညာပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအတွက်များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုများနှင့်ပတ်သက်၍လည်း အမြဲမပြတ် ဖော်ထုတ်ဖမ်းဆီး ပြီးထုတ်ပြန်၍ရသည့် သတင်းများကိုလည်း စဉ်ဆက်မပြတ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ပြည်သူများကို အကြမ်းဖက်တိုက်ခိုက်ခြင်းသည် အောက်တန်းကျသည့်လုပ်ရပ်ဖြစ်ပြီး လူထုကို အကြောက်တရားဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပြည်သူကိုခြိမ်းခြောက်၍ အကြောက်တရားဖြစ်အောင်ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီနှင့်ဖြောင့်ဖြောင့်ကြီးဆန့်ကျင်လျက်ရှိကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပြည်သူများအားလုံးနှင့် တာဝန်ရှိသောအုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံးပူးပေါင်း၍ စုပေါင်းအားဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### အကြမ်းဖက်လမ်းစဉ်ဖြင့် တုံ့ပြန်ဆောင်ရွက်လာ

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့အား ယခုလ ၆ ရက်နေ့က ပုဒ်မနှစ်ခုဖြင့် ထောင်ဒဏ် ၄ နှစ်စီ အသီးသီးချမှတ်ခဲ့ပြီး ၂ နှစ်လျှော့ပေါ့ပေးခဲ့ကြောင်း၊ ကျန်ရှိသည့်အမှုများကို ဆက်လက်စစ်ဆေးနိုင်ရန်အတွက် အကျဉ်းထောင်သို့ ပို့ဆောင်ခြင်းမရှိဘဲ ယခုလက်ရှိနေရာတွင်သာ ဆက်လက်ထားရှိရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့အား အမှုစစ်ဆေးနေချိန်ကာလမှ စီရင်ချက်ချမှတ်သည့်အချိန်အထိ သတ်မှတ်ချက်များအတိုင်း ၎င်း၏ရှေ့နေများနှင့်လွတ်လပ်စွာ တွေ့ခွင့်ပေးထားကြောင်း၊ အဆိုပါရှေ့နေများမှတစ်ဆင့် လက်ရှိနိုင်ငံရေးဖြစ်စဉ်များ၊ အကြမ်းဖက်ကိစ္စများနှင့် CRPH၊ NUG အဖွဲ့များ ဖွဲ့စည်းသည်ကို သိရှိပြီးဖြစ်မည်ဟု ယူဆပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့်လည်း ရှေ့နေများမှတစ်ဆင့် ၎င်း၏ မှတ်ချက်များ ပေးနိုင်သည့် အခွင့်အရေးရှိကြောင်း၊ မိမိတို့အနေဖြင့်

စတင်တာဝန်ယူချိန်တွင် ရွေးကောက်ခံကိုယ်စားလှယ်များအား လွတ်လပ်စွာဖြင့် ထားရှိခဲ့ပြီး ၎င်းတို့၏နေရပ်များသို့ ပြန်ပို့ပေးခဲ့ကြောင်း၊ ထိုသို့ပြန်လည်စေလွှတ်ပြီးချိန်တွင် အချို့ပုဂ္ဂိုလ်များမှာ ဥပဒေအရ ရင်ဆိုင်ခြင်းမရှိဘဲ ၎င်းတို့အနေဖြင့် အကြမ်းဖက်လမ်းစဉ်ဖြင့် တုန့်ပြန်ဆောင်ရွက်လာခြင်းဖြစ်ကြောင်း။

**မှတ်ပုံတင်မပါဘဲ မဲပေးခဲ့သူ သုံးသန်းကျော်ရှိခဲ့**

၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများမှားယွင်းမှုပြဿနာများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရာတွင် မှတ်ပုံတင်မပါဘဲ မဲပေးခဲ့သူ ၃ သန်းကျော်ရှိခဲ့သဖြင့် မဲပေးခွင့်ရှိသူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးနှင့် တစ်ဖက်နိုင်ငံသို့ထွက်ခွာသွားသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအား ပြန်လည်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားမှတ်ပုံတင်များ ပြုလုပ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများအားလုံး နိုင်ငံသားမှတ်ပုံတင်များ ရရှိရန်အရေးကြီးကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အခြေခံ ရပ်ကွက်/ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်စသည်ဖြင့် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပြီး

**မြေအောက်အပူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိစ္စနှင့် ပတ်သက်ပြီး လေ့လာသုံးသပ်သွားမည် ဖြစ်၊ တိုင်းရင်းသားလူမျိုးများ၏ အားကစားနည်းများ ဖော်ထုတ်ရေးကိစ္စကို အားပေးဆောင်ရွက်သွားမည်ဖြစ်၊ မြဝတီ – မဲဆောက်မှ ရန်ကုန်ကိုဖြတ်ပြီး ငရုတ်ကောင်းဘက်သို့သွားသည့် လမ်းနှင့်ပတ်သက်၍လည်း ဆက်လက် ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပြီးဖြစ်။**

အဓိကအကျဆုံးမှာ ခရိုင်အဆင့်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိရောက်သောဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်အဆင့်ရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ချက်များနှင့်အညီ ခရိုင်အဆင့်ရုံးများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ကောင်စီအဖွဲ့ဝင်များအနေဖြင့် အကြံပြုပေးကြရန် အသိပေးပြောကြားလိုကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တက္ကသိုလ်၊ ကောလိပ်များပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် "တက္ကသိုလ်၊ ကောလိပ်၊ အခြေခံကျောင်းတွေနဲ့ပတ်သက်ပြီး အခုအခြေခံပညာကျောင်းတွေကတော့ ကျွန်တော်တို့ဖွင့်ပါပြီ။ ဖွင့်နိုင်ပြီ။ တက္ကသိုလ်၊ ကောလိပ်တွေထဲမှာ ကျွန်တော်တို့ ပညာရေးနဲ့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်က မဟုတ်တဲ့ တက္ကသိုလ်၊ ကောလိပ်တွေ၊ ယဉ်ကျေးမှု တက္ကသိုလ်လိုဟာမျိုး၊ ယဉ်ကျေးမှုဝန်ကြီးဌာနပေ့ါ။ နောက်တစ်ခါ လယ်ယာစိုက်ပျိုးရေး၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးဝန်ကြီးဌာနကနေပြီးတော့ တက္ကသိုလ်တွေဖွင့်ဖို့လည်း ကျွန်တော်တို့ခွင့်ပြုပေးတာတွေရှိပါတယ်။ နောက် သံဃာနဲ့ပတ်သက်တဲ့ သံဃာ့တက္ကသိုလ်တွေဖွင့်ခွင့်ပေးတာတွေရှိပါတယ်။ အကြမ်းဖျဉ်းက ဇန်နဝါရီ ပထမပတ်မှာ တက္ကသိုလ်တွေစပြီးဖွင့်ပါမယ်။ အဲဒီတော့ တက္ကသိုလ်ဖွင့်လှစ်ရေးနဲ့ပတ်သက်ပြီးတော့လည်း အဓိကက ကိုဗစ်ကိုထိန်းနိုင်ဖို့ကတော့ တော်တော်လေး အဓိကကျပါတယ်။ အဲဒီတော့ ကိုဗစ်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး ကြည့်တဲ့အခါကျတော့ ဒီဇင်ဘာ ၁ ရက်နေ့မှာ ၄၂၃ ယောက်ဖြစ်ပါတယ်။ ဒီဇင်ဘာ ၂ ရက်နေ့မှာ ၅၂၁ ယောက် ဖြစ်ပါတယ်။ ဒီဇင်ဘာ ၃ ရက်နေ့မှာ ၄၀၂ ယောက် ဖြစ်ပါတယ်။ ဒီဇင်ဘာ ၄ ရက်နေ့မှာ ၃၇၄ ယောက်ဖြစ်တယ်။ ဒီဇင်ဘာ ၅ ရက်နေ့မှာ ၂၈၅ ယောက်ဖြစ်တယ်။ ဒီဇင်ဘာ ၆ ရက်နေ့မှာ ၂၃၀ ဖြစ်တယ်။ ဒီဇင်ဘာ ၇ ရက်နေ့မှာ ၃၆၇ ယောက်။ ဒီဇင်ဘာ ၈ ရက်နေ့မှာ ၃၉၈ ယောက်။ ဒီဇင်ဘာ ၉ ရက်နေ့မှာ ၃၄၇ ယောက်။ ဒီဇင်ဘာ ၁၀ ရက်နေ့မှာ ၂၇၄ ယောက်။ ဒီဇင်ဘာ ၁၁ ရက်နေ့မှာ ၃၇၅ ယောက်။ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ ၂၈၀ ယောက်ဖြစ်ခဲ့တယ်ဆိုတော့ သိပ်တော့မငြိမ်သေးဘူးဆိုတာ သွားဖော်ပြနေတယ်။ ၃၀၀ ကျော်နဲ့

၄၀၀ ကျော်နဲ့ ၅၀၀ ကျော်နဲ့ ဒီလိုသွားနေပါတယ်။ အဲဒီတော့ ဖြစ်နိုင်လို့ရှိရင် ၂၀၀ နဲ့အောက်ကို ၂ ရာခိုင်နှုန်းအောက်မှာ ငြိမ်ဖို့လိုတာပေါ့။ မနေ့ကဆိုရင် ၂ ရာခိုင်နှုန်းအထက်တွေ ပြန်ရောက်လာတာ ကျွန်တော်တို့တွေ့တယ်။ ကျွန်တော်တို့ ကိုဗစ်နဲ့ပတ်သက်ပြီးတော့ ကျောင်းတွေဖွင့်မယ်ဆိုရင်တော့ ကိုဗစ်ထိန်းချုပ်ရေးကတော့ တော်တော်လေးကို အလေးထားလုပ်ရမယ့် အနေအထားရှိပါတယ်။ အားနာလို့မရပါဘူး။ ဒါလည်း ကျွန်တော် Cabinet မှာလည်း ကျွန်တော်တို့ပြောခဲ့ပါတယ်။ ကျွန်တော်သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းတွေရောက်တဲ့အချိန်မှာလည်း ကျွန်တော် တပ်မတော်က အဖွဲ့တွေကိုလည်း ကျွန်တော်အကုန်မှာပါတယ်။ မင်းတို့အားမနာနဲ့၊ ငါတို့ရေရှည်ရှေ့ဆက်လုပ်ရမယ့်လုပ်ငန်းတွေမှာ အများကြီးအနှောင့်အယှက်ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ကိုဗစ်ထိန်းချုပ်ရေးနဲ့ပတ်သက်ရင် အားမနာပါနဲ့၊ ကိုင်ပါလို့ ကျွန်တော်ပြောထားတာရှိပါတယ်။ တစ်ဖက်ကလည်း ဒီကိုဗစ်မဖြစ်အောင်လုပ်ဖို့လိုသလို တစ်ဖက်ကလည်း ကိုဗစ်ရဲ့အခြေအနေ ဥပမာအားဖြင့် ကျွန်တော်တို့က Third Wave ဖြစ်ပြီးတော့ Fourth Wave မှာ ကျွန်တော်တို့မှာမဖြစ်လိုက်ဘူး။Third Wave နဲ့ ကျွန်တော်တို့ပြီးသွားတယ်။ အိုမီခရွန်လည်း ဒီလိုပဲ။ ဒါပေမယ့် အခြားနိုင်ငံမှာ နိုင်ငံပေါင်း ၄၀ ကျော် ၅၀ လောက်တွေ့နေပြီ။ ကျွန်တော်တို့သတိထားရမယ့် အနေအထားတော့ရှိတယ်။ အဲ့ဒီတော့ ဘာပဲပြောပြော ကိုယ့်ဘက်ကတော့ ဆေးရုံတွေဘာတွေက အကုန်ပြင်ထားဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံတွေ၊ ကျွန်တော်တို့တပ်မတော်ဆေးရုံတွေ အားလုံးကို ဒီကိုဗစ်နဲ့ပတ်သက်ပြီး ကုဖို့သီးခြားနေရာတစ်ခု လုပ်ခိုင်းထားပါတယ်။ သီးခြားနေရာတွေ၊ Oxygen Plant တွေ အကုန်လုံးရှိရမယ်။ ဆရာဝန်တွေအကုန်လုံးရှိရမယ်။ ကိုဗစ်မရှိလို့ မလုပ်ဘူးဆိုပြီး သွားမလုပ်နဲ့။ ဖြစ်ကာမှ မျက်ကလူးဆန်ပြာနဲ့။ ဘယ်မှာမှရှာမရ၊ ဟိုပစ္စည်းသုံးမရ၊ ဒီပစ္စည်းက သုံးမရ၊ ဟိုဟာကရှာမရ၊ ဒီဟာကရှာမရနဲ့။ ကျွန်တော်တို့ တော်တော်ကို အခက်အခဲဖြစ်ခဲ့ဖူးတယ်။ ဒါလည်း ပြည်နယ်နဲ့တိုင်းအလိုက်က နည်းနည်းပြန်ပြီး စစ်ဆေးကြပ်မတ်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်။ အဲ့ဒါတွေအပေါ် မူတည်ပြီးတော့ ကောင်းတယ်ဆိုရင် အခြေအနေကောင်းတယ်ဆိုရင် ကောလိပ်တွေ၊ တက္ကသိုလ်တွေ ကျွန်တော်တို့လာမယ့် ဇန်နဝါရီလ ပထမပတ်ထဲမှာ ကျွန်တော်တို့ဖွင့်ပါမယ်။ လွတ်လပ်ရေးနေ့ပြီးရင် ကျွန်တော်တို့ ဖွင့်ဖို့ရည်ရွယ်ထားပါတယ်။” ဟုပြောကြားသည်။

**အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး**

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ လုံခြုံမှုရှိစွာဖြင့် ကျန်းကျန်းမာမာ ပညာသင်ကြားနိုင်ရေး လိုအပ်ကြောင်း၊ အလားတူကျောင်းသားများ အမှန်တကယ်တတ်မြောက်ရေးအတွက် ကျောင်းခေါ်ချိန်ပြည့်မီရေးသည်လည်းအရေးကြီးသဖြင့် ကျောင်းခေါ်ချိန်အားကန့်သတ်ဆောင်ရွက်ရန်လိုကြောင်း၊ အခြေခံပညာကျောင်းများအား ၇၈ ရာခိုင်နှုန်း ပြန်လည်ဖွင့်လှစ်နိုင်ပြီး ဖွင့်လှစ်ရန် ၂၂ ရာခိုင်နှုန်းကျော်ခန့် ကျန်ရှိနေသေးကြောင်း၊ ဥပမာအားဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ရာခိုင်နှုန်းပြည့်ဖွင့်လှစ်နိုင်ပြီး၊ ကျန်ရှိသည့်ကျောင်းများမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၂ ကျောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၃၂ ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၇ ကျောင်းနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ စာသင်ကျောင်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မြေယာကိစ္စနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းပြု၍ မြေလျှောက်ခြင်းများနှင့် တရားမဝင်မြေယာကျူးကျော်နေထိုင်မှုများရှိခဲ့ပြီး အချို့နေရာများတွင် အိမ်ယာစီမံကိန်းများအကြောင်းပြု၍ မြေများရယူထားရှိမှုများရှိကြောင်း၊ သို့သော်အချို့နေရာများတွင် စီမံကိန်းများအားအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများမရှိခြင်းနှင့် စိုက်ပျိုးမြေများအပေါ်တွင် ဥပဒေကိုကျော်၍ အခြားနည်းများဖြင့် အသုံးပြုခြင်းများ ဖြစ်ပေါ်လျက်ရှိသည်ကို သိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအပေါ် တာဝန်ရှိသူများက ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng

Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က အကြမ်းဖက်အဖွဲ့အစည်းများကို ထောက်ခံအားပေးသူများတွင်အချို့သောပုဂ္ဂလိကကျောင်းများနှင့်ကျောင်းဆရာများပါဝင်နေသည့်အတွက် ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်စိစစ်သွားရေး၊ မဲစာရင်း လိမ်လည်မှုဖြစ်စဉ်နှင့်ပတ်သက်၍ အမှုစစ်ဆေးဆဲကာလတွင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် သတင်းထုတ်ပြန်ပေးနိုင်ရေး၊ မဲမသမာမှုကျူးလွန်ခဲ့သူ အဆင့်အဆင့်အား သက်ဆိုင်ရာဥပဒေများဖြင့် အရေးယူဆောင်ရွက်ရေး၊ မြန်မာ – တရုတ် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများပြန်လည်စတင်နိုင်ရေးအတွက်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားရေး၊ ကုန်စည်သယ်ယူပို့ဆောင်မှု စားရိတ်စကများ သက်သာမှုရှိစေရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ဈေးမှန်ရရှိစေရေး၊ လမ်းပန်းဆက်သွယ်မှုများ လျှင်မြန်ချောမွေ့စေရေးအတွက် မြန်မာနိုင်ငံ အရှေ့၊ အနောက် မီးရထားလမ်းများနှင့် ကားလမ်းများထပ်မံဖောက်လုပ်ရေး၊ ကမ်းရိုးတမ်းဒေသတစ်လျှောက် သန္တာကျောက်တန်းနှင့် ဒီရေတောများ ထိန်းသိမ်းရေးအတွက် နိုင်ငံတော်က အားပေးဆောင်ရွက်သွားရေး၊ လူငယ်ရေးရာကော်မတီများမှ လူငယ်မူဝါဒကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ အားကစားနည်းများကို ဖော်ထုတ်၍ ပွဲတော်များတွင် ထည့်သွင်းကျင်းပသွားနိုင်ရေး၊ မြေအောက်အပူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ကျွမ်းကျင် ပညာရှင်များဖြင့် ဆွေးနွေးသွားရေး၊ မင်းတပ်ဒေသတွင် ဝဥ နှင့် တွဲဖက်စိုက်ပျိုးနိုင်သည့် သီးနှံအမျိုးအစားများကို သုတေသနပြုလုပ်ပေးရေး၊ ဝဥစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေး၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဆိုရှယ်မီဒီယာများတွင် အချိန်နှင့် တစ်ပြေးညီ သတင်းမှန်ပြန်ကြားပေးနိုင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်း ဒေသအခြေအနေအရ လိုအပ်သောဌာနဆိုင်ရာ အစိုးရရုံးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားရာတွင် မြေအောက်အပူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိစ္စနှင့် ပတ်သက်ပြီး လေ့လာသုံးသပ်သွားမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အားကစားနည်းများ ဖော်ထုတ်ရေးကိစ္စကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြဝတီ – မဲဆောက်မှ ရန်ကုန်ကိုဖြတ်ပြီး ငရုတ်ကောင်းဘက်သို့သွားသည့် လမ်းနှင့်ပတ်သက်၍လည်း ဆက်လက်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပြီးဖြစ်ကြောင်း။

ကျေးလက်လမ်း၊ ကျေးရွာချင်းဆက်လမ်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း၊ တောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်များဈေးကောင်းရရှိရေးအတွက် ကျေးလက်မှ တိုက်ရိုက်ရောင်းချနိုင်သည့် ကုန်ထုတ်သမဝါယမစနစ်ကိုထူထောင်ရန် လုပ်ဆောင်နေကြောင်း၊ ၂၀၀၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းကြောင့် သေဆုံးသူအများစုသည် လေကြောင့်သေဆုံးခြင်းထက် ရေကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းမှ လမုပင်များ အဟောသိကံထုတ်ပြီး မီးသွေးဖုတ်၊ ထင်းခုတ်ခဲ့သဖြင့် အစားထိုးပြန်လည်စိုက်ပျိုးမှု အားနည်းပြီး ပင်လယ်ရေကို မတားဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်တွင် အလားတူ အန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ဒီရေတောများဖြစ်ထွန်းအောင် စိုက်ပျိုးခြင်းနှင့် ရှိပြီးသားဒီရေတောများ ထိန်းသိမ်းခြင်းများကိုဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဧရာဝတီ၊ ရခိုင်၊ ရန်ကုန်၊ မွန်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများတွင် လမုပင်များ၊ အုန်းပင်များစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ အုန်းထွက်ပစ္စည်းများသည် များစွာအသုံးဝင်ပြီး တန်ဖိုးလည်းရှိကြောင်း၊ မြစ်ဝကျွန်းပေါ် တစ်လျှောက်လုံးတွင် အုန်းပင်နှင့် လမုပင်များ စိုက်ပျိုးရမည်ဖြစ်ကြောင်း။

**သစ်တောများကို ပြန်လည်ထိန်းသိမ်း**

သစ်တောများကိုပြန်လည်ထိန်းသိမ်း၍ မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ၄၁ ရာခိုင်နှုန်းမှ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သစ်တောများကို မူလအခြေအနေအထိ ပြန်လည်ရောက်ရှိအောင် ကြိုးစားထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရန် မြေယာစီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်ရမည်

ဖြစ်ကြောင်း။

ရွေးကောက်ပွဲမဲမသမာမှုများနှင့် ပတ်သက်၍လည်း ပြည်တွင်းပြည်ပက သိရှိအောင် ဆောင်ရွက်နေကြောင်း၊ ရွေးကောက်ပွဲတွင် မမှန်မကန်ဆောင်ရွက်ခဲ့သည့် တာဝန်ရှိသူများနှင့် ပါဝင်ပတ်သက်သူများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးပါတီများ ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများနှင့် စီးပွားရေးကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း၊ မြန်မာကျပ်ငွေနှင့် ၎င်းတို့နိုင်ငံသုံးငွေတိုက်ရိုက်ပေးချေနိုင်ရန် အိန္ဒိယ၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေး ပြန်လည်ကောင်းမွန်လာအောင် ဘက်ပေါင်းစုံမှ အတတ်နိုင်ဆုံးဆောင်ရွက်နေကြောင်း။

ချင်းပြည်နယ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် မဏိပူရရေအား လျှပ်စစ်စီမံကိန်းမှ ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင်ကလေး ကျောက်မီးသွေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အစပ်တွင် ရေအားလျှပ်စစ်စနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေ့ပြောင်းတောင်ယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တောတောင်များမပြုန်းတီးစေရေးနှင့် ရေဝေရေလဲဒေသများကာကွယ်ရေးကို ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊လူမှုကွန်ရက်စာမျက်နှာများကိုအသုံးပြု၍ သတင်းအမှန်ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဒေသအလိုက်လိုအပ်ချက်အရ ဒေသအဆင့်အဆုံးအဖြတ်ပေးနိုင်မည့် ခရိုင်ရုံးများအဖြစ် သတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရ၏ နိုင်ငံရေးရည်ရွယ်ချက်နှစ်ခုမှာ တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးဖြစ်ကြောင်း၊ ဒေသအလိုက်စားနပ်ရိက္ခာဖူလုံရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ပြည်သူပြည်သားများ စားနပ်ရိက္ခာဖူလုံစေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များအနေဖြင့်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဆွေးနွေးဖော်ဆောင်သွားကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၉၅ နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံအတွင်းရှိ ဆေးတက္ကသိုလ်များမှ မွေးထုတ်ပေးခဲ့သည့် ဆရာဝန်များ ၃ သောင်းကျော်ရှိသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူ ၁ သောင်းခန့်သာရှိသည့်အတွက် ထက်ဝက်ပင်မရှိသည်ကို တွေ့ရကြောင်း၊ အဆိုပါဆရာဝန်များသည် ယခုအခါ အသက်အားဖြင့် ၅၅ နှစ်ဝန်းကျင်သာရှိမည်ဖြစ်၍ နိုင်ငံ့တာဝန်ကို ကောင်းစွာထမ်းဆောင်နိုင်သည့် အရွယ်များပင်ဖြစ်သော်လည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်မှုမပြုသဖြင့် တိုင်းပြည်အတွက် များစွာနစ်နာရကြောင်း၊ ထို့ကြောင့် လာမည့်တက္ကသိုလ်ဝင်တန်း စာမေးပွဲခေါ်ဆိုရာတွင် အင်္ဂလိပ်၊ ဇီဝဗေဒနှင့် ဓာတုဗေဒဘာသာရပ်များတွင် အမှတ်ကောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ပေးသွားမည်ဖြစ်ပြီး ထိုသို့ဆေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားရာတွင်လည်း ပညာသင်ထောက်ပံ့ကြေးပေး၍ ကျောင်းတက်ခွင့်ပေးသွားမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်သွားရန် ဝန်ခံကတိလက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်မထမ်းဆောင်လိုသူများအနေဖြင့် ပညာသင်ကြားရေးစရိတ်များ နိုင်ငံတော်သို့ ပြန်လည်ပေးချေရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင်လည်း ဝိဇ္ဇာ၊ သိပ္ပံ၊ ဥပဒေ၊ စီးပွားရေး၊ ဆေးပညာ၊ လူမှုဝန်ထမ်း ဘာသာရပ်များသင်ကြားနိုင်မည့် တက္ကသိုလ်တစ်ခုရှိရန်လိုအပ်သည်ဟု ယူဆပါကြောင်း၊ ယင်းအတွက် ပြင်ဆင်ဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားမှတ်ပုံတင်ကတ်များ ပြုလုပ်ပေးနေမှုများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၁၄ - ၁၂ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့လိုက်ပါပြီး ဒီဇင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ သပြေဝကျေးရွာရှိ Clean Power Energy Co.,Ltd. မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မဂ္ဂါဝပ် ၃၀၊ သပြေဝနေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ Clean Power Energy Co.,Ltd ဥက္ကဋ္ဌ ဦးသောင်းကြိုင်က မဂ္ဂါဝပ် ၃၀၊ သပြေဝ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းလုပ်ငန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မြေများအား အကျိုးရှိစွာဖြင့် အသုံးချမှုအခြေအနေ၊ အသုံးပြုလျက်ရှိသည့် ဆိုလာ Module များ၏ စွမ်းဆောင်နိုင်ရည်များနှင့် နေရောင်ခြည်အပြည့်အဝရရှိရေး အလိုအလျောက်ထိန်းချုပ်စနစ်ဖြင့် လုပ်ငန်းလည်ပတ်နေမှုအခြေအနေ၊ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းများခေတ္တရပ်ဆိုင်းခဲ့ရမှုနှင့် ဆက်လက်တည်ဆောက် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ လုပ်ငန်းတစ်ခုလုံး၏ ထိန်းချုပ်မှုစနစ်များ၊ တည်ဆောက်ရေးလုပ်ငန်း

များတွင် ပြည်တွင်းမှအင်ဂျင်နီယာများနှင့် ဒေသခံအလုပ်သမားများဖြင့် တည်ဆောက်ခဲ့မှုနှင့် စက်ပစ္စည်းများ တပ်ဆင်ရာတွင် ပြည်ပပညာရှင်များ၏ အကြံဉာဏ်များ ရယူ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ စီမံကိန်းအနီးရှိ ကျေးရွာများ၏လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေ၊ စီမံကိန်းဖွင့်လှစ်ခဲ့မှုအခြေအနေ၊ လုပ်ငန်းစတင်လည်ပတ်ချိန်မှစ၍ နေ့စဉ်လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်(National Grid) သို့ ချိတ်ဆက်ပို့လွှတ်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များအား မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Clean Power Energy Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုမှတ်တမ်း Video ကို ကြည့်ရှုကြသည်။

**မိမိတို့နိုင်ငံမှ ထုတ်လုပ်လျက်ရှိသည့် ဆိုလာပြားများနှင့် ပြည်ပနိုင်ငံများမှ ထုတ်လုပ်သည့် ဆိုလာပြားများ၏ အရည်အသွေးများနှိုင်းယှဉ်၍ အရည်အသွေး ပြည့်မီသည့် ဆိုလာပြားများ ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်လို၊ မိမိတို့နိုင်ငံအတွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများ လုံလောက်စွာ တည်ဆောက်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်လို။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံမှ ထုတ်လုပ်လျက်ရှိသည့် ဆိုလာပြားများနှင့် ပြည်ပနိုင်ငံများမှ ထုတ်လုပ်သည့် ဆိုလာပြားများ၏ အရည်အသွေးများနှိုင်းယှဉ်၍ အရည်အသွေးပြည့်မီသည့် ဆိုလာပြားများ ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများ လုံလောက်စွာ တည်ဆောက်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်လိုကြောင်း၊ ဆိုလာလျှပ်စစ်ဓာတ်အားထုတ်ယူမှုသည် အကြောင်းအမျိုးမျိုးကြောင့် ရင်းနှီးမြှုပ်နှံမှုကြီးမြင့်ခဲ့သော်လည်း တည်ဆောက်မှုအချိန်ကာလနည်းပါးခြင်း၊ နောက်ပိုင်းကုန်ကျစရိတ်သက်သာခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း၊ အလားတူ ကျေးရွာများတွင်လည်း ဆိုလာပြားများတပ်ဆင်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်မည်ဆိုပါက ပြည်သူများ၏ လျှပ်စစ်သုံးစွဲမှုကို ပိုမိုအထောက်အကူပြုမည်ဖြစ်ပြီး ၎င်းတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမှုမဖြစ်ထွန်းသည့် မြေနေရာများကိုလည်း အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်အသုံးပြု၍ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသတွင် ဝါစိုက်ပျိုးမှုဖြစ်ထွန်းရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေများအား ဆိုလာစနစ်ဖြင့် အသုံးချ၍ရနိုင်ကြောင်း၊ နိုင်ငံတစ်ဝန်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများနှင့်ပတ်သက်၍ နိုင်ငံတော်မှလိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံ

ရိုက်ကြသည်။

အဆိုပါ မဂ္ဂါဝပ် ၃၀၊ သပြေဝ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းအား Clean Power Energy (CPE) Co., Ltd. မှ BOO(Build Operate Own) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာလ ၅ ရက်တွင် စတင်ဖွင့်လှစ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာ Panel ပေါင်း ၈၃၇၇၅၂ ခု၊ အင်ဗာတာ ၁၂၆ လုံး၊ Box Transformer ၅ လုံးတို့ တပ်ဆင်ထားပြီး တစ်ရက်လျှင် လျှပ်စစ်ယူနစ် ကီလိုဝပ် နာရီနှစ်သိန်းကျော်ခန့်ထုတ်လုပ်နိုင်ကာ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၇၀ ဒသမ ၅၉၉ ခန့်ထုတ်လုပ်ပေးနိုင်ကြောင်း၊ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများအား သပြေဝပင်မဓာတ်အားခွဲစက်ရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးလျက်ရှိပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ပန်းခင်းစီမံချက်နှင့် e-ID စနစ်**

ယင်းနောက် မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံချက်ကို နိုင်ငံတော်စီမံချက်အဖြစ် အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိမှုအခြေအနေနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနေမှုအခြေအနေ၊ ပန်းခင်းစီမံချက်နှင့် e-ID စနစ် ဆက်စပ်လျက်ရှိမှု အခြေအနေများကို Power point ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်နေထိုင်လျက်ရှိပြီး အမြဲတမ်းမှီတင်းနေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများမှ မွေးဖွားလာသည့်မွေးရာပါ နိုင်ငံသားတိုင်းကို နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားပြုခွင့်နှင့် ဧည့်နိုင်ငံသား ပေးသင့်ပေးထိုက်သူများကိုလည်း သက်ဆိုင်ရာစိစစ်ရေးကတ်များ ထုတ်ပေးသွားရမည်ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက်အောင်မြင်စေရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိတ္ထီလာမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၇ ရာခိုင်နှုန်းကျော်အထိ ပြီးစီးနေပြီဖြစ်သဖြင့် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ပြီး တစ်နိုင်ငံလုံး၏ စံပြဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများအား သတ်မှတ်ချိန်အတွင်းပြီးစီးအောင် တာဝန်ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မိတ္ထီလာမြို့နယ်၊ မြင်းကန်ကျေးရွာအုပ်စု၊ ဆည်ကုန်းကျေးရွာရှိ ကျေးရွာဘုန်းတော်ကြီးကျောင်းဝန်းအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့်အသစ်ပြုလုပ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်း၊ ပျောက်ဆုံးပျက်စီးခဲ့သည့်မှတ်ပုံတင်များအား အသစ်ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် မန္တလေးတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးယဉ်ထွေးတို့က ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပြီးစီးသည့် စာရင်းများကို ကွန်ပျူတာစနစ်ဖြင့် စနစ်တကျမှတ်တမ်းထိန်းသိမ်းထားရှိရန်နှင့် ယင်းစာရင်းများ စနစ်တကျဖြင့် မှတ်တမ်းတင် ပြုစုထိန်းသိမ်းထားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပြီးစီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

**ပြုလုပ်ပေး**

အဆိုပါ မိတ္ထီလာမြို့နယ်၊ မြင်းကန်အုပ်စုရှိ ဆည်ကုန်းကျေးရွာတွင် အိမ်ထောင်စု ၁၉၈ စု၊ လူဦးရေ ၉၅၉ ဦးရှိပြီး ကျေးရွာတွင် နေထိုင်လျက်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသော ပြည်သူများ မှတ်ပုံတင်ရရှိရေး ပန်းခင်းစီမံချက်ဖြင့် ဒီဇင်ဘာလ ၁၄ရက်နေ့၊ နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးရန် လိုအပ်သူ ၁၃၈ ဦးရှိသည့်အနက် ၁၀၁ ဦးအား ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် ပြီးစီးမှုရာခိုင်နှုန်း အနေဖြင့် ၇၃ ဒသမ ၁၈ ရာခိုင်နှုန်းဖြစ်ကာ ကျန်ရှိသူများအား ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်သည်။

■ ■ ■

# မန္တလေးတိုင်းဒေသကြီး တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၁၄ - ၁၂ - ၂၀၂၁ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့လိုက်ပါပြီး ဒီဇင်ဘာလ ၁၄ ရက်၊ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ တပ်မတော်စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်က စက်ရုံမှ ချည်ချောလုံချည်များ ထုတ်လုပ်နေမှု၊ ကျောင်းဝတ်စုံများထုတ်လုပ်၍ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေမှု၊ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှု၊ တိုင်းရင်းသားများအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှု၊ တိုင်းရင်းသားများအတွက် တိုင်းရင်းသားဝတ်စုံများနှင့် ကျေးလက်နေပြည်သူများအတွက် အဝတ်အထည်များအား ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရုံမှူး ဦးနိုင်လင်းက စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ စက်ရုံမှ ချည်မျှင်နှင့်အထည်များ ထုတ်လုပ်နိုင်မှုအခြေအနေ၊ ဝန်ထမ်းများတာဝန်ထမ်းဆောင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စက်စွမ်းအားပြည့် လည်ပတ်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည့်ဝန်ထမ်းများ ထပ်မံဖြည့်တင်းဆောင်

ရွက်ပေးမည်ဖြစ်ကြောင်း၊ အလားတူ ဝန်ထမ်းများနေထိုင်ရန်အတွက် ထပ်မံလိုအပ်သည့်အဆောက်အအုံများ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျာထားအရေအတွက်များအတိုင်း ပြည့်မီအောင်ဆောင်ရွက်ရန်နှင့် စက်စွမ်းအားပြည့်လည်ပတ်ပြီး တပ်မတော်လိုအပ်ချက်ထက် ပိုလျှံအောင်ဆောင်ရွက်ရန်လိုကြောင်း၊ စက်စွမ်းအားပြည့် လည်ပတ်သည့် အချိန်တွင် ဝန်ထမ်းများ၏လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း၊ စက်ရုံပိုင်မြေများပေါ်ရှိ ငှက်ပျောစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေများပေါ်တွင်လည်း ကျောက်စိမ်းတစ်သျှူးငှက်ပျောများ စိုက်ပျိုးရန်လိုကြောင်း၊ ကျောင်းစိမ်းဝတ်စုံများအား စျေးသက်သာပြီး အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ ယခုထက်ပိုမိုရောင်းချပေးနိုင်ခြင်းဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စျေးနှုန်းသက်သာစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံမှထုတ်လုပ်သည့်ပိတ်ထည်များအား အရေအတွက်ထက် အရည်အသွေးကောင်းမွန်အောင် ဦးစားပေးထုတ်လုပ်ရန်လိုကြောင်း၊ ချည်မျှင်ထုတ်လုပ်ရန်အတွက် လိုအပ်သည့်ဝါကုန်ကြမ်းများအား ပြည်တွင်း၌ အရည်အသွေးပြည့်မီစွာဖြင့် လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှမျိုးကောင်းမျိုးသန့်များမှာယူအသုံးပြု၍ စိုက်နည်းစနစ်မှန်ကန်စွာဖြင့် စိုက် ပျိုးကြရန်လိုကြောင်း၊ ၂/၈၀ ချည်များအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လိုပြီး လိုအပ်သည့် ကုန်ကြမ်းများနှင့် စက်ပစ္စည်းများအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများထုတ် လုပ်ရောင်းချရာတွင် စျေးနှုန်းတူပါက အရည်အသွေးပိုကောင်းရမည်၊ အရည်အသွေးချင်းတူပါက စျေးနှုန်းသက်သာရမည်ဖြစ်ကြောင်းမှာကြားပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားသည်။

■ ■ ■

# တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ် ပြောကြားသည့် အမှာစကား

( ၁၅ - ၁၂ - ၂၀၂၁ )



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့်တပ်မတော်၏ လေကြောင်းစွမ်းပကားမြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့်ဇနီး၊ပြည်ထောင်စုဝန်ကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြော

ကြားသည်။

## ကာကွယ်စောင့်ရှောက်နိုင်မည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့်ခေတ်မီတပ်မတော် တစ်ရပ်ဖြစ်အောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ပိုင်နက်နယ်မြေနှင့်အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ပြီး နိုင်ငံတော်အပေါ်ကျရောက်လာနိုင်သည့်ပြည်တွင်းပြည်ပအန္တရာယ်များကို တားဆီးကာကွယ်ရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ )တပ်ဖွဲ့များသည် ပြည်သူများနှင့် လက်တွဲပြီး အသက်၊ သွေး၊ ချွေးပေါင်းများစွာပေးဆပ်၍ ဆောင်ရွက်ခဲ့ကြကြောင်း။

## ဆက်လက်ကြိုးစားသွားရမည်

ယနေ့မျက်မှောက်ခေတ်စစ်ပွဲများကိုကြည့်ပါက လေကြောင်းစွမ်းအား၏ အရေးပါမှုကို တွေ့ရမည်ဖြစ်ကြောင်း၊ လေကြောင်းနှင့်အာကာသစွမ်းအားသည် ကမ္ဘာပေါ်တွင် မည်သည့်အချိန်အခါနေရာဒေသမရွေး ပစ်မှတ်ကို တိုက်ခိုက်နိုင်သည်ကို ခေတ်သစ်စစ်ပွဲများတွင် လက်တွေ့ပြသနိုင်သည့်အတွက် ယနေ့ခေတ်တွင် လေကြောင်းနှင့် အာကာသစွမ်းအား အယူအဆသည် ခိုင်မာလျက်ရှိကြောင်း၊ မြေပြင်၊ ဝေဟင်နှင့် ပင်လယ်ပြင်များတွင် စိုးမိုးနိုင်သလို အာကာသကိုလည်း စိုးမိုးနိုင်ရေး ဆက်လက်ကြိုးစားသွားရမည်ဖြစ်ကြောင်း။

## ဝယ်ယူဖြည့်တင်းနိုင်ခဲ့

ထို့ကြောင့် တပ်မတော်(လေ)အတွက် ဘက်စုံသုံး တိုက်ခိုက်ရေးလေယာဉ်များကို အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဝယ်ယူဖြည့်တင်းခြင်းများ ဆောင်ရွက်ပေးသည့်အပြင် သယ်ယူပို့ဆောင်ရေး လေယာဉ်/ရဟတ်ယာဉ်များနှင့်တိုက်ခိုက်ရေး ရဟတ်ယာဉ်များလည်း ဝယ်ယူဖြည့်တင်းနိုင်ခဲ့သည့်အတွက် မြန်မာ့ဝေဟင် ပိုင်နက်စိုးမိုးရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း၊ လေယာဉ်/ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်သည့်နေရာတွင် စတုတ္ထမျိုးဆက်၊ ပဉ္စမမျိုးဆက်ကဲ့သို့ အဆင့်မြင့်တိုက်လေယာဉ်များအထိမဟုတ်သော်လည်း ဒုတိယမျိုးဆက်၊ တတိယမျိုးဆက် တိုက်လေယာဉ်အဆင့်မျိုးအထိ ရရှိအောင် အဆင့်မြှင့်တင်ခြင်းများ၊ သုတေသနပြုဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

ခေတ်မီတပ်မတော်(လေ) ဖြစ်စေရေး တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ထို့ကြောင့် လေသူရဲများ၊ စက်မှုလက်မှုစစ်သည်များ၏ လေ့ကျင့်ရေးစွမ်းရည် မြင့်မားလာစေရန်အတွက် လေယာဉ်အမျိုးအစားအလိုက် Simulator များ တပ်ဆင်ပေးခြင်း၊ လေ့ကျင့်ရေးကျောင်းများကို အဆင့်မြှင့်တင်ခြင်းနှင့် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်း ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

## စောင့်ကြည့်ကာကွယ်နိုင်ခဲ့

လေယာဉ်/ရဟတ်ယာဉ်များ ပြင်ဆင်ထုတ်လုပ်ရန်

> **တပ်မတော်(လေ)အနေဖြင့် စွမ်းရည်မြင့်မားစွာ လှုပ်ရှားစစ်ဆင်နိုင်ပြီး နိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို စိုးမိုးထားနိုင်ရန်အတွက် ခေတ်မီလေယာဉ်/ရဟတ်ယာဉ်များ၊ ပျံသန်းစစ်ကစားနိုင်သည့် လေသူရဲများ ပိုင်ဆိုင်ရုံဖြင့် မပြည့်စုံနိုင်သည်ကို သိရှိထားရမည်ဖြစ်၊ စက်မှုလက်မှု၊ လေကြောင်းထိန်း၊ ရေဒါနှင့်မိုးလေဝသ စသည့်ကဏ္ဍအသီးသီးမှ အရာရှိ/စစ်သည် အားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှသာ စစ်ဆင်ရေးများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်။**

အတွက်လည်း လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ရဟတ်ယာဉ်များအား အကြီးစားပြင်ဆင်ခြင်းနှင့် တိုက်လေယာဉ်များ အဆင့်မြှင့်တင်နိုင်ရန်လိုအပ်သည့် စက်မှုလက်မှုဆိုင်ရာအဆောက်အအုံများ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ အဆောက်အအုံများ၊ အလုပ်ရုံများကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်(လေ)တွင် လိုအပ်သော မြေပြင်အထောက်အကူပစ္စည်းများဖြစ်သည့် လေကြောင်းလမ်းညွှန်စက်များနှင့် စစ်ဆင်ရေး အထောက်အကူပြုရေဒါများကို တပ်ဆင်ပေးနိုင်ခဲ့သည့်အတွက် မြန်မာ့ဝေဟင်ကို စောင့်ကြည့်ကာကွယ်နိုင်ခဲ့ကြောင်း၊ ခေတ်မီမိုးလေဝသရေဒါများကိုလည်း ဝယ်ယူဖြည့်တင်းပေးနိုင်ခဲ့သည့်အတွက် လေကြောင်းမိုးလေဝသဌာနခွဲများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ ပျံသန်းရေးအတွက် အရေးကြီးသည့် ရာသီဥတုအခြေအနေများကို အချိန်နှင့် တစ်ပြေးညီ ရယူပေးနိုင်ခဲ့ကြောင်း။

တပ်မတော်(လေ)အနေဖြင့် စွမ်းရည်မြင့်မားစွာ လှုပ်ရှားစစ်ဆင်နိုင်ပြီး နိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို စိုးမိုးထားနိုင်ရန်အတွက် ခေတ်မီလေယာဉ်/ ရဟတ်ယာဉ်များ၊ ပျံသန်းစစ်ကစားနိုင်သည့် လေသူရဲများ ပိုင်ဆိုင်ရုံဖြင့် မပြည့်စုံနိုင်သည်ကို သိရှိထားရမည်ဖြစ်ကြောင်း၊ စက်မှုလက်မှု၊ လေကြောင်းထိန်း၊ ရေဒါနှင့်မိုးလေဝသ စသည့် ကဏ္ဍအသီးသီးမှ အရာရှိ/စစ်သည်အားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှသာ စစ်ဆင်ရေးများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်ရေး၏ အင်အားတစ်ရပ်ဖြစ်သည်ကို ပြသနေခြင်းပင်ဖြစ်ကြောင်း။

**ဝါဒဖြန့်လျက်ရှိ**

လက်ရှိမြန်မာနိုင်ငံ၏အခြေအနေကို ပြောရမည်ဆိုပါက နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် NUG ၊ CRPH ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများသည် စာသင်ကျောင်းများနှင့် အစိုးရပိုင်အဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အန္တရာယ်ပေးခြင်းများ ဆောင်ရွက်နေသည့်အပြင် တပ်မတော်ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် တပ်မတော်နှင့်ပြည်သူ သွေးကွဲစေရန် လူမှုကွန်ရက်များ၊ ပြည်ဖျက်မီဒီယာများမှတစ်ဆင့် မဟုတ်မမှန်သတင်းများနှင့် ဝါဒဖြန့်လျက်ရှိကြောင်း၊ တပ်မတော်

> **အနာဂတ်ကာလတွင် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံတပ်မတော်များကို ရင်ပေါင်တန်းနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် အရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်သွားရမည်ဖြစ်၊ ဒီ့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်သည်အဓိကကျ၊ နိုင်ငံကိုဖြို့ခွဲချင်သူများအနေဖြင့် အတိတ်၊ ပစ္စုပ္ပန်တို့တွင် တပ်မတော်ပြိုကွဲအောင် ကြိုးစားခဲ့၊ ကြိုးစားနေကြဆဲဖြစ်။**

သားများနှင့် မိသားစုဝင်များအနေနှင့်လည်း လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေမှန်များကို သိရှိအောင် လေ့လာသွားကြရန်နှင့် စစ်သတင်းနှင့် စာရွက်စာတမ်းလုံခြုံရေး၊ စစ်ပစ္စည်းလုံခြုံရေး၊ စစ်မှုထမ်းလုံခြုံရေး၊ စစ်ဆင်မှုနှင့် လေ့ကျင့်ခြင်းလုံခြုံရေးဆိုသည့် လုံ(၄)လုံကို အထူးသတိပြု ဆောင်ရွက်ရန်လိုကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင် တပ်မတော်သားတိုင်း လိုက်နာကျင့်ကြံရမည့် စစ်သည်တော်ကျင့်ဝတ်များကို တိတိကျကျလိုက်နာကျင့်ကြံကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်အသီးသီးတို့သည်လည်း ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်ကို သေချာနားလည်အောင် လုပ်ဆောင်ပြီး အဆင့်နှင့်လျော်ညီသည့် ခေါင်းဆောင်မှုပေးနိုင်ပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို အမှန်တကယ်ရရှိမည် ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးရရှိလာပါက တပ်ပြင်စည်းလုံးညီညွတ်ရေးကိုပါ အလွယ်တကူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင်လည်း စစ်သည်တော်ကျင့်ဝတ်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ပြည်သူများ၏ အကျိုးစီးပွားကို မိမိတို့တတ်စွမ်းသမျှ ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစု

ဝင်များအနေဖြင့် တပ်တွင်း/တပ်ပြင် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိပြီး ကောင်းမွန်သည့်စိတ်ရင်းစေတနာထားရှိကာ ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

ကမ္ဘာတစ်ဝန်းတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်ကုသနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှအစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး လက်တွဲပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် စုပေါင်းညီညွတ်စွာဆောင်ရွက်ခဲ့ကြသကဲ့သို့ ကိုဗစ်-၁၉ တတိယလှိုင်းကို ကျော်လွှားနိုင်ခဲ့သော်လည်း အဆိုပါရောဂါသည် ကမ္ဘာတွင် လုံးဝပျောက်ကင်းသွားရန်မှာ အချိန်ကာလတစ်ခုအထိ ကြာမြင့်မည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)အနေဖြင့်ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး၊ ကုသဆေးနှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တိုင်းရင်းသားဒေသများအထိ အချိန်မီရောက်ရှိအောင်ပို့ဆောင်ပေးနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

တပ်မတော်(လေ)ကို ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် တန်ဖိုးကြီးသည့် လေယာဉ်/ ရဟတ်ယာဉ်များ ဝယ်ယူဖြည့်တင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ လေယာဉ်/ရဟတ်ယာဉ်များ ခေတ်မီလာသကဲ့သို့ ပျံသန်းမောင်းနှင်မည့် လေသူရဲ၊ လေယာဉ်သား၊ စက်မှုလက်မှုအရာရှိ၊ စစ်သည်များ၏ အရည်အချင်း၊ အရည်အသွေးတိုးတက်လာရန်လိုအပ်ကြောင်း။

ထို့ကြောင့် **"လေ့ကျင့်မှကျွမ်းကျင်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပိုမိုကြိုးစားလေ့ကျင့်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိကိုင်တွယ်မောင်းနှင်မည့် လေယာဉ်/ရဟတ်ယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ပေးအပ်လာသည့် စစ်ဆင်ရေးတာဝန်များကို အောင်မြင်အောင်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ကျွမ်းကျင်မှုအရည်အသွေးကို အမြဲထိန်းသိမ်းနိုင်ရန် လေ့ကျင့်နေရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်မှုရှိအောင်လည်း အမြဲထိန်းသိမ်း လေ့ကျင့်နေရန်ပြောကြားလိုကြောင်း။

**အောင်မြင်မှုများစွာရရှိခဲ့**

တပ်မတော်(လေ)အနေဖြင့် လေကြောင်းစစ်ဆင်မှုပြုလုပ်ခြင်းများ၊ မြေပြင်/ ရေပြင်တပ်ဖွဲ့များနှင့် ပူးပေါင်းစစ်ဆင်ရေးဆောင်ရွက်မှုများ၊ လေကြောင်းထောက်ပံ့မှုများ၊ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့မှုများကြောင့် အောင်မြင်မှုများစွာရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး တပ်မတော်(လေ)အနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ယခုထက်ပိုပြီး ကြိုးစားအားထုတ်သွားရန် မှာကြားလိုကြောင်း။

အနာဂတ်ကာလတွင် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံတပ်မတော်များကို ရင်ပေါင်တန်းနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် အရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်သွားရမည်ဖြစ် ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်သည်အဓိကကျကြောင်း၊ နိုင်ငံကိုဖြိုခွဲချင်သူများအနေဖြင့် အတိတ်၊ ပစ္စုပ္ပန်တို့တွင် တပ်မတော်ပြိုကွဲအောင် ကြိုးစားခဲ့၊ ကြိုးစားနေကြဆဲဖြစ်ကြောင်း။

တပ်တွင်း စည်းလုံးညီညွတ်ရေးနှင့် တပ်ပြင်စည်းရုံးရေးတို့ကို အမြဲတည်ဆောက်နေရမည်ဖြစ်သည့်အပြင် (ကြည်း/ရေ/လေ) တပ်မတော်သားအားလုံးတို့အနေဖြင့် သတိတမံ၊ ဉာဏ်မြေကတုတ်ဖြင့် အမြဲတမ်းလေ့ကျင့်၊ အမြဲတမ်းစစ်ရေး သတိရှိပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်ရှိနေရန်လိုအပ်ကြောင်း၊ တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို သားစဉ်မြေးမြစ် မျိုးဆက်သစ်များက အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၅ - ၁၂ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီနှင့် ဒေါက်တာမျိုးသိန်းကျော်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဒီဇင်ဘာလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ရှိမြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တက္ကသိုလ်အစည်းအဝေးခန်းမတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံကမ္ဘာမြေလေ့လာရေးဂြိုလ်တုလွှတ်တင်ဆောင်ရွက်မှုစီမံကိန်းနှင့် ပတ်သက်သည့် အခြေအနေ၊ နည်းပညာလွှဲပြောင်းမှုအစီအစဉ်အရ ပြည်ပသို့ ပညာတော်သင်များစေလွှတ်မှု အခြေအနေ၊ အနိမ့်ပျံဂြိုလ်တုအခြေစိုက်စခန်း တည်ဆောက်နေမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ခေတ္တပါမောက္ခချုပ် ဒေါက်တာအောင်မျိုးသူက တက္ကသိုလ်စတင်ဖွင့်လှစ်ခဲ့မှုသမိုင်းကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးမှုအခြေအနေ၊ တက္ကသိုလ်အဆောက်အအုံများ တည်ဆောက်နေမှုအခြေအနေ၊ ဘာသာရပ်အလိုက် သင်တန်းများသင်ကြားပေးနေမှုနှင့် ဆရာ၊ ဆရာမများ တာဝန်ထမ်းဆောင်နေမှုအခြေအနေ၊ တက္ကသိုလ်ကျောင်းဆင်းများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ နောင်အနာဂတ်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက္ကသိုလ်

အနေဖြင့် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂြိုလ်တုလွှတ်တင်ဆောင်ရွက်မှုစီမံကိန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်နည်းပညာများရရှိရေးအတွက် ပြည်ပသို့ ပညာတော်သင်များ စဉ်ဆက်မပြတ်စေလွှတ်နိုင်ရေး ဆောင်ရွက်ရန်၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရေရှည်အတွက် ကြိုတင်စဉ်းစား၍ စနစ်တကျဖြင့်ဆောင်ရွက်ရန်၊ သင်ကြားမှုနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများဖြည့်ဆည်းပေးနိုင်ရေးအတွက် သင်ကြားလျက်ရှိသည့် ဘာသာရပ်များနှင့် ကိုက်ညီသည့် ဆရာ၊ ဆရာမများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခုတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူများကို ဦးစားပေးခန့်အပ်နိုင်ရေး ဆောင်ရွက်ရန်၊ ပညာသင်ကြားရေးတွင် အရေအတွက်ထက် အရည်အချင်းများ ပိုမိုတိုးတက်ပြည့်စုံပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်စွာအသုံးချနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးနိုင်ရေးဆောင်ရွက်ရန်နှင့် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာထားရှိနိုင်ရေးဆောင်ရွက်ရန်မှာကြားပြီး နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံ၍ သင်ကြားပေးခဲ့သည့် ပညာရပ်များအား ပြည်တွင်း၌အကျိုးရှိစွာဖြင့် လက်တွေ့အသုံးချရန် လိုကြောင်း၊ တက္ကသိုလ်အတွင်းရှိလမ်းများနှင့် အဆောက်အဦများအား ယခုထက်ပိုမိုတိုးတက် ကောင်းမွန်စေရေး ပြန်လည်ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ နည်းပြဆရာ၊ ဆရာမများ လိုအပ်မှုအတွက် တပ်မတော်မှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း

( ၂၀ - ၁၂ - ၂၀၂၁ )





တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်ဆေးတက္ကသိုလ်ခေတ္တ ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းဇေယျာမျိုးနောင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မြတ်မင်းသူ နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ဆက်နိုင်အောင် တို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

**စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် ကောင်းမြတ်သည့် အစဉ်အလာများနှင့် သန္ဓေတည်အစပြုခဲ့သည့် တပ်မတော်တွင် မွန်မြတ်သည့် အစဉ်အလာကောင်းများရှိသည့် တပ်မတော်ဆေး

**တပ်မတော်သားဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုသာမက တစ်နိုင်ငံလုံးအနှံ့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေရာမရွေး၊ အချိန်မရွေး၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များ စေလွှတ်ပြီး နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍကို လိုအပ်သည့်နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ။**

ဝန်ထမ်းတပ်ဖွဲ့ဝင်များအဖြစ်တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် "တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက်လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများမွေးထုတ်ပေးရန်"ဟူသည့် ရည်ရွယ်ချက်နှင့်အညီ တပ်မတော်အရာရှိဆရာဝန်များကိုစဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်မှာ သင်တန်းဆင်းအရာရှိစုစုပေါင်း ငါးထောင်ခန့် မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

တာဝန်ကျရာဒေသနှင့် တာဝန်ထမ်းဆောင်ရမည့်ဆေးတပ်ဖွဲ့အသီးသီးတွင် တပ်မတော်သားများနှင့် မိသားစုဝင်များသာမက ပြည်သူလူထုကိုပါ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုများ၊ ကုသမှုပေးမှုများ၊ ကပ်ရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေးတာဝန်များကို လက်ဆင့်ကမ်းကြိုးပမ်း ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်ဆေးတက္ကသိုလ်က စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလိုက်သည့် ဆေးပညာရပ်များကိုအသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်ကိုအလုပ်ကျွေးပြုကြရန် အလေးထား မှာကြားလိုကြောင်း။

တပ်မတော်အရာရှိ ဆရာဝန်များဖြစ်ကြသည့်အတွက် စစ်သည်တော်ကောင်း စိတ်ဓာတ်နှင့်ဆရာဝန်ကောင်း စိတ်ဓာတ်နှစ်မျိုးစလုံး ပြည့်စုံနေရန်လိုကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က အရာရှိလောင်းများတွင်ပြည့်စုံရမည့် ကိုယ်ကာယကြံ့ခိုင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး စည်းကမ်းရှိမှု၊ တာဝန်များကို ပင်ပန်းကြီးစွာ မည်မျှပင်ထမ်းဆောင်ရစေကာမူ ခံနိုင်ရည်ရှိပြီး မလျှော့သောဇွဲသတ္တိဖြင့် လုပ်ဆောင်တတ်မှုများအပြင် စစ်မြေပြင်တွင် တပ်စုအဆင့်ကို ဦးဆောင်နိုင်သည့် စစ်ပညာများကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

**အကျိုးရှိစွာအသုံးချ**

ထိုသို့ လေ့ကျင့်သင်ကြားပေးခဲ့ရာတွင် စစ်သည်တော်ကောင်းစိတ်ဓာတ်ပြည့်ဝစေရေး မိမိတို့တပ်မတော်ရဲ့ Code of Conduct သဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်များဖြစ်သည့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို တိကျစွာလိုက်နာတတ်စေရန် လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆရာဝန်ကောင်းစိတ်ဓာတ်ရှိစေရေး ဆေးပညာရပ်များအပြင် ဆေးပညာကျင့်ဝတ်နှင့်ညီသည့် သမားကောင်းများ ထားရှိရမည့် စိတ်ဓာတ်၊ ခံယူချက်များ ကောင်းမွန်စေရေးလေ့ကျင့်ပေးခဲ့ပြီးဖြစ်သဖြင့် လက်တွေ့နယ်ပယ်တာဝန်ထမ်းဆောင်ရာတွင် အကျိုးရှိစွာအသုံးချရန်မှာကြားလိုကြောင်း၊ ထို့ပြင် ဆရာဝန်များအဖြစ် ဘွဲ့အပ်နှင်းချိန်တွင် ရွတ်ဆိုကြရမည့် ဆရာဝန်များ အဓိဋ္ဌာန်ပြုကတိသစ္စာ ၉ ချက်ကို အခြေခံကျင့်ဝတ်အနေဖြင့် အမြဲစောင့်ထိန်းလိုက်နာပြီး လူနာများအပေါ်တွင် စေတနာ၊ အကြင်နာ၊ ဂရုဏာဖြင့် ကိုယ်ချင်းစာနာမှုများထားရှိဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း။

လူသားတိုင်းသည် သက်ရှည်ကျန်းမာသည့်ဘဝကိုလိုလားတောင့်တမျှော်လင့်ကြကြောင်း၊ ထိုသို့သက်ရှည်ကျန်းမာသည့်ဘဝကိုရရှိရန်အတွက် မိမိကိုယ်ကိုယ်အသိဉာဏ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရသကဲ့သို့ တစ်ဖက်မှလည်း ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသမှုတစ်ခုတည်းမဟုတ်ဘဲ ရောဂါဖြစ်ပွားမှု ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတိုင်းကျန်းမာစေရန်အတွက် "ကျန်းမာသောလူနေမှုပုံစံ (Healthy lifestyle) ဖြင့် နေထိုင်ခြင်း"၊ "ကိုယ်လက်

လှုပ်ရှားဆေးတစ်ပါး (Exercise is Medicine) ဆောင်ပုဒ်နှင့်အညီ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း” နှင့် “ရောဂါတစ်ခုချင်းစီအလိုက် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးခြင်း” စသည့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို မဖြစ်မနေ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင်ရောဂါအသစ်အဆန်းများနှင့်တိုးတက်လာသော ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများကို လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း။

**အနိမ့်ဆုံးဖြစ်**

မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူဦးရေဌာနမှ တွက်ချက်ရာတွင် ၆၇ ဒသမ ၇၈ နှစ်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ကမ္ဘာ့အဆင့်တွင် ၁၅၁၊ အိမ်နီးချင်းနိုင်ငံများတွင် အဆင့် ၆၊ အာဆီယံနိုင်ငံများတွင် အဆင့် ၁၀ ရှိသဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း၊ မျှော်မှန်းသက်တမ်းကို အခြေခံတွက်ချက်ရာမှာ ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်ဘဝအခြေအနေများ၊ ပညာသင်ကြားမှုအခြေအနေများ၊ လူမှုစီးပွားဘဝအခြေခံများ၊ လူနေမှုပုံစံများ၊ ကလေးသေဆုံးမှုနှုန်းများအပေါ်တွင် အဓိကထားတွက်ချက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံသားများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုတွင်လည်း အားနည်းလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းတိုးမြှင့်နိုင်ရန်အတွက် စားသောက်မှု၊ နေထိုင်မှု၊ ပညာတတ်မြောက်မှု၊ စီးပွားရေးမြှင့်တင်နိုင်မှုများ ပြုပြင်ပြောင်းလဲမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်နေရာတွင် မိမိတို့ရောက်ရှိတာဝန်ကျရာနေရာဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**တစ်ထောင့်တစ်နေရာက ပါဝင်ဖြည့်ဆည်း**

ထိုသို့ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်အတွက် ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာကနေ ပါဝင်ဖြည့်ဆည်းပေးခြင်းဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝရှင်သန်အောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းက တတ်နိုင်သလောက် ကူညီလုပ်ဆောင်ပေးနေခြင်းဖြစ်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့၏ မွန်မြတ်သည့်အစဉ်အလာကောင်းများပင်ဖြစ်ကြောင်းနှင့် ဂုဏ်ယူဖွယ်ရာပင် ဖြစ်ကြောင်း။

တပ်မတော်သားဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုသာမက တစ်နိုင်ငံလုံးအနှံ့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို နေရာမရွေး၊ အချိန်မရွေး၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များစေလွှတ်ပြီး နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို လိုအပ်သည့်နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများမှာ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတနည်းပါးပြီး လွဲမှားစွာနားလည်နေမှုများရှိသည့်အတွက် ကျန်းမာရေးအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနေခြင်းများသည် မိမိတို့တပ်မတော်အနေဖြင့် ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရန်ဟူသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်တစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နေခြင်းဖြစ်ကြောင်း။

လက်ရှိမျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံတိုင်းရင်ဆိုင်နေကြရသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် မျက်မှောက်လူသားမျိုးနွယ်စုတစ်ခုလုံး၏ ဦးတည်ရန်သူဖြစ်လာသကဲ့သို့ နေ့စဉ်လူမှုစီးပွားဘဝကို အကြီးမားဆုံးခြိမ်းခြောက်နေသည့် ကပ်ရောဂါတစ်ခုဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအတွက် စိန်ခေါ်မှုများ၊ ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ဖိအားများ၊ ဝန်ထုပ်ဝန်ပိုးများနှင့် ရင်ဆိုင်ခဲ့ရပြီး ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် စိန်ခေါ်မှုများဖြစ်ပေါ်နေသည်ကို မြင်တွေ့ရမည်

ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကူးစက်ရောဂါသည် မြန်မာနိုင်ငံတွင် ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း စသည်ဖြင့် ဖြစ်ပွားခဲ့ပြီး တတိယလှိုင်းတွင် ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းမြင့်မားခဲ့ကြောင်း၊ ထိုသို့ဖြစ်ခဲ့ရခြင်းမှာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုအားနည်းခြင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် ကူးစက်မြန် ဗီဇပြောင်းဒယ်တာမျိုးကွဲများ ပျံ့နှံ့ရောက်ရှိလာခြင်း၊ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ မပြည့်စုံမှုများကြောင့် ကိုဗစ်-၁၉ တတိယလှိုင်းကို အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

## မြွေပူရာကင်းမှောင့်

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကုသရေးအတွက် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည့်အချိန်တွင် မြွေပူရာကင်းမှောင့်ဆိုသကဲ့သို့ အချို့သော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများသည် သမားကောင်းကျင့်ဝတ်များကို မျက်ကွယ်ပြုကာ မိမိတို့တာဝန်ကျရာ ဆေးရုံ၊ ဆေးပေးခန်းများကို စွန့်ခွာသွားကြသည့် ဂုဏ်သိက္ခာမဲ့လုပ်ရပ်များကြောင့် လူနာများ မနိုင်မနင်းဖြစ်ကာ အသက်မဆုံးရှုံးသင့်သူများ ဆုံးရှုံးရမှုများဖြစ်ပွားခဲ့သည်ကို မြင်တွေ့ခဲ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကာလများတွင် ကျန်းမာရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ကြုံတွေ့ခဲ့ရပြီး အဓိကဆုံးရှုံးနစ်နာရသူများသည် သာမန်ပြည်သူလူထုများသာဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သား ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ပရဟိတ အဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပွားမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ထို့ပြင် စတုတ္ထလှိုင်းဖြစ်ပွားလာနိုင်မှုကို ကြိုတင်မျှော်တွေးပြီး ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် တပ်မတော်အနေဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် အရေးကြီးဆုံးလုပ်ငန်းဖြစ်သည့် ကာကွယ်ဆေးထိုးနှံပေးရေးလုပ်ငန်းအတွက် ရောဂါကာကွယ်ဆေး (Dose) ၄၂ သန်းကျော်ရရှိအောင် ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုကို ယခုလအကုန်တွင် နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ထိ ထိုးနှံပေးနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ရောဂါသည် လုံးဝပျောက်ကင်းသွားမည်မဟုတ်ဘဲ အတူယှဉ်တွဲ နေထိုင်ရမည့် ရောဂါတစ်ခုဖြစ်သဖြင့် ကုသရေးနှင့်ထိန်းချုပ်ရေး လုပ်ငန်းများအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်ပါ တပ်မတော်အနေဖြင့် အရေးပါသည့် အခန်းကဏ္ဍတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်တာဝန်ကျရာနေရာဒေသအသီးသီးကို ရောက်ရှိသည့်အခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ် ကုသရေးတာဝန်များကိုတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်အသိပေး မှာကြားလိုကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုသည့်အတိုင်း တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပေးနိုင်ရန်၊ ဆေးသိပ္ပံပညာရပ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

## ခက်ခဲသည့်ပညာရပ်တစ်ခုဖြစ်

ဆေးသိပ္ပံပညာရပ်သည် ခက်ခဲသည့်ပညာရပ်တစ်ခုဖြစ်သည့်အတွက် သင်ကြားရေးဆရာများ၏ အရည်အသွေးပြည့်ဝမှု၊ သင်ထောက်ကူပစ္စည်းပြည့်စုံမှု၊ သင်ယူသူများ၏ စိတ်ပါဝင်စားမှုနှင့် ထိုးထွင်းဉာဏ်ပြည့်ဝမှု စသည်များပြည့်စုံမှသာ အရည်အချင်းနှင့် အရည်အသွေးပြည့်ဝသည့် တပ်မတော်သား ဆရာဝန်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်ဆေးတက္ကသိုလ်သည် ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့အစည်း (World Federation for Medical Education-WFME) ၏ အသိအမှတ်ပြုစာရင်းတွင် ပါဝင်ပြီးဖြစ်သလို နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ ဆေးပညာရပ်များကို သင်ကြားပေးလျက်ရှိနေကြောင်း။

ထို့ပြင် နိုင်ငံတကာဆေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်များကို လေ့လာအကဲခတ်ပြီး အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် မိမိတို့၏ ပညာရပ်ပိုင်းဆိုင်ရာနှင့် ပတ်သက်ပါက တိုးတက်သင်ယူချင်စိတ်မွေးရမည်၊ မလျှော့သောဇွဲလုံ့လနှင့် ကြိုးစားကြရမည်၊ မိမိတို့တတ်ကျွမ်းသည့် ဆေးပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ကောင်းမွန်စွာအသုံးချပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် "သမားဇာနည် အောင်စစ်သည်များ" ဖြစ်အောင် ကြိုးစားသွားကြရန်မှာကြားလိုကြောင်း။

**ကွပ်ကဲအုပ်ချုပ်ကြရမည်**

တပ်မတော်သားဆရာဝန် ခေါင်းဆောင်ငယ်များအဖြစ် တပ်ဖွဲ့တာဝန်ကို ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ မိမိတို့လက်အောက်ငယ်သားများကို ကွပ်ကဲအုပ်ချုပ်ရာတွင် မိမိကိုယ်တိုင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး မှန်ကန်သည့် ပြောဆိုနေထိုင်မှု၊ မျှတသည့်အမိန့်ပေးမှု၊ စိတ်ရင်းစေတနာကောင်းမွန်မှု၊ မိမိကိုယ်တိုင်အမိန့်နာခံမှုနှင့် စည်းကမ်းကောင်းမွန်မှု၊ တာဝန်သိမှုနှင့်တာဝန်ယူမှု၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက် ချမှတ်နိုင်မှု စသည့်ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်းကိုအသုံးပြုပြီး ကွပ်ကဲအုပ်ချုပ်ကြရမည်ဖြစ်ကြောင်း။

**အခြေခံစိတ်ဓာတ်ကောင်းများရှိပြီးဖြစ်**

မိမိတို့ကိုယ်တိုင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြရသည့်အပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်စွန့်ထမ်းဆောင်နေကြသည့် တပ်မတော်သားတိုင်းကို ကာကွယ်ကုသပေးနေကြရခြင်းဖြစ်သည့်အတွက် မွန်မြတ်သော အခြေခံစိတ်ဓာတ်ကောင်းများ ရှိပြီးဖြစ်ကြောင်း၊ ထိုအခြေခံစိတ်ဓာတ်ကောင်းများကို ခိုင်မာအောင် တည်ဆောက်ပြီး စည်းကမ်းပြည့်ဝသည့် တပ်မတော်သား တစ်ယောက်ဖြစ်စေရေး မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အရာရှိ ဆရာဝန်တစ်ယောက်ဖြစ်လာရန်အတွက် နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့် ငွေကြေးအကုန်အကျခံပြီး လေ့ကျင့်ပျိုးထောင်ပေးခဲ့သကဲ့သို့ မိဘများ၏ မျှော်လင့်ချက်နှင့် မိမိတို့၏ကိုယ်စီဘဝတွေ တိုးတက်မြင့်မားရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ပညာရည်ပြည့်ဝသည့် ဆရာဝန်ကောင်း၊ စစ်ဘက်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး မိမိကိုယ်ကိုထိန်းသိမ်းပြီး ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

လူတိုင်းတွင် မျှော်မှန်းစိတ်များရှိကြပြီး ကြီးပွားတိုးတက်လိုစိတ်များ ရှိကြကြောင်း၊ မိမိဘဝအောင်မြင်တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်သည် ရောင့်ရဲတင်းတိမ်တဲ့စိတ်နှင့် တိုးတက်အောင်မြင်အောင် ရိုးရိုးသားသား ကြိုးစားဆောင်ရွက်လိုစိတ် မွေးမြူခြင်းပင်ဖြစ်ကြောင်း၊ ရောင့်ရဲတင်းတိမ်စိတ်သည် လူတစ်ဦးကို မတော်လောဘစိတ်များ မဖြစ်စေရန် တားမြစ်နိုင်ပြီး ရိုးဂုဏ်သည် လူတစ်ဦးကို ထာဝရတန်ဖိုးရှိနေစေမည် ဖြစ်သည်ကို မမေ့မလျော့ကြရန်လိုကြောင်း၊ ရောင့်ရဲတင်းတိမ်သည့်စိတ်ဖြင့် ရိုးသား၊ ကြိုးစားစွာဆောင်ရွက်ရမည်ဖြစ်ပြီး မိမိဝင်ငွေနှင့် ထွက်ငွေမျှတအောင် နေထိုင်သွားကြရန်လိုအပ်သကဲ့သို့ မိမိတို့၏ကြိုးစားမှု၊ စည်းကမ်းလိုက်နာမှု၊ ကျန်းမာရေးကောင်းမွန်အောင် နေထိုင်စားသောက်မှုများအပေါ်မူတည်ပြီး အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသိတရား၊ သတိတရား လက်ကိုင်ထားပြီး မိမိတို့၏ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများကို အသုံးချကာ မိမိတို့တာဝန်ထမ်းဆောင်သည့်တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည်အကျိုးစီးပွားတိုးတက်အောင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိသွားရန် အလေးအနက်ထား မှာကြားလိုကြောင်း။

**ကြိုးစားကျင့်ကြံနေထိုင်**

တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများအဖြစ် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ စစ်သည်တော်ကျင့်ဝတ်နှင့် ဆေးပညာကတိသစ္စာများကို လေးလေးနက်နက် စောင့်ထိန်းလိုက်နာပြီး စစ်သည်တော်ကောင်း၊ ဆရာဝန်ကောင်းတစ်ဦးအဖြစ် စေတနာ၊ မေတ္တာထားကာ စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပေးကြရန်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့်တပ်မတော်သားအားလုံး ကျန်းမာကြံ့ခိုင်ပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်စေရန် မိမိတို့တတ်ကျွမ်းသည့်

ဆေးပညာရပ်များနှင့် စောင့်ရှောက်ကာကွယ်သွားကြရန်၊ မိမိကွပ်ကဲရသည့်တပ်ဖွဲ့ကို မှန်ကန်သည့်ခေါင်းဆောင်မှုပေးပြီး စစ်စည်းကမ်းများကို တိကျစွာလိုက်နာကာ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ဆေးသိပ္ပံပညာရှင် စစ်သည်တော်ကောင်းများဖြစ်အောင် ကျင့်ကြံကြိုးစားသွားကြရန်၊ တပ်မတော်ဆေးတက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည့် သမားဇာနည် အောင်စစ်သည် ဆိုသည့်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ယူရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် တပ်မတော်သားကောင်း၊ ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်မှာကြားလိုကြောင်းဖြစ်ပါ ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**ထပ်တူဂုဏ်ယူဝမ်းမြောက်**

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုကြောင့် ထူးချွန်ဆုများရရှိခဲ့ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် အခြေခံကောင်းများရှိခဲ့ပြီးဖြစ်ကြောင်း၊ ရှေ့ဆက်လက်လျှောက်လှမ်းရမည့်ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် အသိတရား၊ သတိတရား၊ ရောင့်ရဲတင်းတိမ်စိတ်တို့ဖြင့် မိမိကိုယ်ကို ထိန်းကြောင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆုရဗိုလ်လောင်းတို့၏ မိဘများမှာ သာမန်နိုင်ငံ့ဝန်ထမ်းများဖြစ်၍ ပိုမိုဝမ်းမြောက်ဂုဏ်ယူပါကြောင်း သို့ဖြစ်၍ ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် မိဘများ၏စကားကို နားထောင်ခြင်းအားဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ ခေါင်းဆောင်တစ်ယောက်အနေဖြင့်သာမက တပ်မတော်သားများနှင့် မိသားစုဝင်များအား တာဝန်ကျေပွန်စွာ ပြုစုကုသ အလုပ်အကျွေးပြုခြင်းအားဖြင့်လည်း ကျေးဇူးသိတတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် မိမိကိုယ်ကိုယ် စောင့်ထိန်းမှု၊ ကြိုးစားအားထုတ်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အမျိုး၏ ဂုဏ်ကိုထိန်းရမည်၊ ရိုးသားမှုဂုဏ်ကို ထိန်းရမည်၊ စစ်သားကောင်းတစ်ယောက်၏ ဂုဏ်ကိုထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

■ ■ ■

# ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၂၂ - ၁၂ - ၂၀၂၁ )





တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားကို ဒီဇင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းမေသက်နွယ်အား အကောင်းဆုံး ဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် မိမိတို့နိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည့်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးသည် မိမိတို့ တပ်မတော်သားများ အမြဲတမ်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် အမျိုးသားရေး

တာဝန်ပင်ဖြစ်ကြောင်း၊ အမျိုးသားရေးဆိုသည်မှာ တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့် ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်း သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာတွင် ပြည်သူပြည်သားများနှင့် အတူလက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**အထင်အရှား မြင်တွေ့ရမည်**

တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်လာရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် ပြည်သူနှင့် တစ်သားတည်းဖြစ်အောင်လုပ်ဆောင်ပြီး ပြည်သူ၏ လိုအပ်ချက်၊ တိုင်းပြည်၏ လိုအပ်ချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ လုပ်ဆောင်ပေးခဲ့သည်ကို သမိုင်းကြောင်းတွင် အထင်အရှားမြင်တွေ့ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်ကောင်းမွန်သည့်သမိုင်း အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း။

မြန်မာ့တပ်မတော်သမိုင်းကြောင်းတွင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အချို့ကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းမှုကဏ္ဍအချို့ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း အမျိုးသမီးအရာရှိနှင့် အခြားအဆင့် စစ်မှုထမ်းများကို လက်ရုံးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့များတွင် တာဝန်ပေးအပ်ခဲ့သည်များ ရှိခဲ့ကြောင်း။

၁၉၅၄ ခုနှစ်တွင် မြန်မာအမျိုးသမီး စစ်ဝန်ထမ်းတပ်ဖွဲ့ ဖွဲ့စည်းတာဝန်ပေးခဲ့သည့် အမျိုးသမီးအရာရှိများသည် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင် နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရမည်ဖြစ်ပြီး နောက်ပိုင်းတွင် အမျိုးသမီး သူနာပြုအရာရှိများ၊ ဘွဲ့ရအမျိုးသမီးအရာရှိများ၊ အမျိုးသမီးဆရာဝန်အရာရှိများ၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ကျွမ်းကျင်သူများ၊ အမျိုးသမီးတပ်ကြပ်ကြီး/စာရေးများ၊ အမျိုးသမီးစစ်သည်များ စသည်ဖြင့် သုံးထောင်ကျော်ခန့်ခန့်အပ်တာဝန် ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ**

မိမိတို့တပ်မတော်အနေဖြင့် ကာကွယ်ရေးစွမ်းအားတည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထုပါဝင်နိုင်ရေးအမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် သင်တန်းကျောင်းများ ဖွင့်လှစ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင်သင်တန်းဆင်းဘွဲ့ရ အမျိုးသမီးအရာရှိများကို သက်ဆိုင်ရာဘာသာရပ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့များရရှိနိုင်ရေး ဆက်လက်ပညာဆည်းပူးသင်ကြားစေလျက်ရှိကြောင်း၊ သင်တန်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် ကြည်း၊ ရေ၊ လေ၊ ရုံး၊ ဌာနများအပါအဝင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့ အသီးသီးတွင်တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကိုလေ့လာကြည့်ပါက လူသားအရင်းအမြစ်ကို အပြည့်အဝ အသုံးချနိုင်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကိုအသုံးပြုရာတွင်လည်း ယောကျ်ား၊ မိန်းမ မခွဲခြားဘဲပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုတွင် နိုင်ငံအလိုက် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားဖော်ဆောင်နိုင်ရေး ရည်ရွယ်လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အမျိုးသမီးဦးရေ ၅၂ ရာခိုင်နှုန်းရှိသည့်အတွက် အမျိုးသမီးများ၏ စွမ်းအားကို မြှင့်တင်ဖော်ထုတ်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အတိုင်း အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့်ရုပ်ပိုင်းဆိုင်ရာ အင်အားသာမက အနိုင်မခံ အရှုံးမပေးသည့် စိတ်ပိုင်းဆိုင်ရာအင်အားများပါ အစဉ်ပြည့်ဝနေရန် လိုအပ်ကြောင်း၊ လူငယ်များဖြစ်သည့်အတွက် ခေါင်းဆောင်မှုကိုရယူနိုင်ရန်

မိမိအဖွဲ့အစည်းကို တိုးတက်အောင် ကြိုးစားအားထုတ်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ အောင်မြင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် တပ်ဖွဲ့ဝင်များကို ဦးဆောင်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦး တစ်ယောက်ချင်း သိသင့်သိထိုက်သည့် အသိပညာ အတတ်ပညာများကို လေ့လာမှုအားကောင်းမှသာလျှင် မှန်ကန်သည့်ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မည်ဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်း လေ့လာအားထုတ်ကြိုးပမ်းကြရန်လည်း မှာကြားလိုကြောင်း၊ ထိုသို့ကြိုးပမ်း အားထုတ်ရာတွင် သူတစ်ပါးအပေါ် မထိခိုက်စေဘဲ ရိုးရိုးသားသား ဆောင်ရွက်ရန်လိုကြောင်း၊ အလုပ်လုပ်ရာတွင် ရည်မှန်းချက်ပြီးမြောက်စေရန်၊ အလုပ်တာဝန်ပြီးမြောက်စေရန် ကြိုးစားဆောင်ရွက်ခြင်းမျိုးဖြင့်သာ မိမိအလုပ်တာဝန် ကျေပွန်မှုကို ဂုဏ်ယူကြရန် မှာကြားလိုကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ပြီး အဖွဲ့အစည်းတစ်ခု တိုးတက်အောင်မြင်ရေးအတွက် စည်းလုံးညီညွတ်မှု ရှိရန်မရှိမဖြစ်လိုအပ်ကြောင်း၊ မိမိတို့ တပ်မတော်သားမိသားစုများက မိမိတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အခြေခံပြီး တပ်တွင်းစည်းလုံးညီညွတ်ရေးကို ကျစ်လျစ်ခိုင်မာစွာ တည်ဆောက်ထားကြရမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်ဟူသည့် တပ်တည်ဆောက်ရေး လုပ်ငန်းကြီး ၄ ရပ်နှင့်အညီ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းကလည်း ရဲဘော်အချင်းချင်း အပေါ် ထားရှိရမည့်မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားဟူသည့် ရဲဘော်စိတ်ကို ထာဝစဉ်မွေးမြူထားရမည်ဖြစ်ကြောင်း၊ သို့မှသာ ကျစ်လျစ်ခိုင်မာသည့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

> **တပ်မတော်သည် အတိတ်ကာလက နိုင်ငံနှင့် လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုပစ္စုပ္ပန်ကာလတွင်လည်း နိုင်ငံနှင့်လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှု မှန်သမျှသည် အမိနိုင်ငံနှင့် တိုင်းရင်းသား ပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်သွားနိုင်ရန် ကိုယ်ကျိုးမငဲ့ မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေခြင်းဖြစ်။**

မိမိတို့တပ်မတော်သားအားလုံးအတွက် တပ်မတော်သားကောင်းတစ်ယောက်ဖြစ်စေရေး လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းတိုက်တွန်းထားသည့် အပါး ၆၀ သော စစ်သည်တော်ကျင့်ဝတ်များကို မြဲမြံစွာစောင့်ထိန်းကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာလျှင် တိုင်းပြည်က အားထားရပြီး ပြည်သူကအားကိုးရသည့် စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်သားကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စည်းကမ်းကောင်းမွန်သည့်သူများသည် ပေးအပ်လာသည့် တာဝန်များကိုကျေပွန်စွာထမ်းဆောင်တတ်သော စိတ်ရှိသည့်အတွက် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်မည့်သူများအနေဖြင့် မိမိကိုယ်တိုင် အသေးအဖွဲစည်းကမ်းကအစ စံနမူနာပြ ဖြစ်အောင်နေထိုင်ကျင့်ကြံပြီး လက်အောက်ငယ်သားများပါ လိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

**အဓိကလုပ်ငန်းကြီး သုံးခု**

တပ်မတော်၏ အဓိကလုပ်ငန်းကြီး သုံးခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူ၍ ချမှတ်ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ထိုအထဲမှ အခြေခံအကျဆုံးတာဝန်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ပင်ဖြစ်

ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးဟူသည့်နေရာတွင် သာမန်အားဖြင့် နိုင်ငံတော်ကိုထိပါးလာမည့် ပြည်တွင်း/ ပြည်ပအန္တရာယ်များကို ကာကွယ်ချေမှုန်း တိုက်ခိုက်သွားရန် ဖြစ်သော်လည်း ယနေ့ခေတ်အချိန်ကာလတွင်မူ စစ်ရေးနည်းလမ်းသာမက နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု၊ စီးပွားရေးအရပိတ်ဆို့မှု၊ သတင်းမှားများဖြန့်ချိမှု၊ ယဉ်ကျေးမှုအရ ထိုးဖောက်ဝင်ရောက်မှုစသည့် အန္တရာယ်များကိုပါ ကာကွယ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် မိမိတို့တစ်ဦးချင်း တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်နှင့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် ဆောင်ပုဒ်အတိုင်း သင်တန်းကျောင်းများမှ လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် မှန်မှန်ကန်ကန် ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အသုံးအဆောင်နှင့် စစ်အတတ်ပညာများကို အသုံးချနိုင်ရေးအတွက် လေ့လာခြင်း၊ ကျန်းမာကြံ့ခိုင်ကျွမ်းကျင်နေရန် လေ့ကျင့်ခြင်းနှင့် စစ်အခြေခံသဘောတရားနှင့် စစ်မြေပြင်စည်းကမ်းများကိုလက်တွေ့နယ်ပယ်တွင် လိုက်နာကျင့်သုံးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

## ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်

မိမိတို့တပ်မတော်၏ နောက်ထပ်အဓိကလုပ်ငန်းတာဝန်ကြီးတစ်ခုမှာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်တွင် အရေးကြုံလာတိုင်း ရှေ့တန်းက အမြဲတမ်း မားမားမတ်မတ်ရပ်တည်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့သည့်အချိန်တွင်လည်း အထက်အမိန့်တောင်းခံစရာမလိုဘဲ တပ်မတော်သားများက အရင်ဆုံးရောက်ရှိကူညီခဲ့ကြကြောင်း၊ ယင်းသည် မိမိတို့တပ်မတော်၏ အလွန်မွန်မြတ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ ယနေ့အချိန် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့် ပြည်သူများ ရင်ဆိုင်တွေ့ချိန်၌လည်း တပ်မတော်သည် ပြည်သူလူထုအတွက် ကဏ္ဍပေါင်းစုံမှ အစွမ်းကုန် ကူညီကာကွယ်စောင့်ရှောက်နေသည်ကို အထင်အရှား တွေ့ရမည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများအပေါ် ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးများရရှိရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ပေးလျက်ရှိပြီး ရရှိလာသည့် ကာကွယ်ဆေးများကို နယ်မြေများအလိုက် ဦးစားပေးအဆင့်အတိုင်း အချိန်မီထိုးနှံနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် "အား" ဖြစ်ပြီး နိုင်ငံအတွက် အရေးကြုံပါက အမြဲတမ်း အဆင်သင့်ရှိနေသည့် အခိုင်အမာဆုံး Institution တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံသားကောင်းဖြစ်သူများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာလက်ဆင့်ကမ်း သယ်ပိုးထမ်းဆောင် သွားကြရန် မှာကြားလိုကြောင်း။

## မွန်မြတ်သည့်စိတ်ရင်းစေတနာ

တပ်မတော်သည် အတိတ်ကာလက နိုင်ငံနှင့် လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှုအမျိုးမျိုးကို ကြိုးစားလုပ်ဆောင်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုပစ္စုပ္ပန်ကာလတွင်လည်း နိုင်ငံနှင့်လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့်ဖယ်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှသည် အမိနိုင်ငံနှင့် တိုင်းရင်းသားပြည်သူလူထုကောင်းကျိုးဖြစ်ထွန်းပြီး ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်သွားနိုင်ရန် ကိုယ်ကျိုးမငဲ့ မွန်မြတ်သည့်စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် မိမိကိုယ်မိမိ ဆက်လက်ပြုစုပျိုးထောင်လေ့ကျင့်သွားကြရမည်ဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းမေသက်နွယ်၊ သေနတ်ပစ်အကောင်းဆုံးဆုရဗိုလ်လောင်းအိမ့်မှူးသက်ချယ်၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း ပိုးဧကရီဆွေနှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းဆုပြည့်စုံလင်းတို့အားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**ဆက်လက်ထိန်းသိမ်း**

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ထူးချွန်ဆုများ ရရှိခဲ့ကြသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် ကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်း သွားကြရန်လိုကြောင်း၊ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းများအနေဖြင့် ဗိုလ်လောင်းသင်တန်း မတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီးဆည်းပူးလေ့လာခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီးဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကို အောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခုဗိုလ်လောင်းသင်တန်း တက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်ကြောင့် ထူးချွန်စွာဖြင့် အမျိုးသမီးအရာရှိများအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုရှိပါက အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်မည်ပင်ဖြစ်သဖြင့် ဘဝတစ်လျှောက်လုံး ကြိုးစားအားထုတ် ဆောင်ရွက်တတ်သည့် အခြေခံအလေ့အကျင့်ကောင်းများဖြင့် ဆက်လက်ထိန်းသိမ်းအသုံးချသွားကြစေလိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများကို နိုင်ငံတော်နှင့်တပ်မတော်အတွက် လိုအပ်သဖြင့် လေ့ကျင့် မွေးထုတ်ပေးနေခြင်းဖြစ်သဖြင့် တန်ဖိုးရှိပြီး အားကိုးအားထားရသည့် ခေါင်းဆောင်များ ဖြစ်လာစေရေး ကြိုးစားအားထုတ်မှုရှိရမည်၊ မိမိကိုယ်ကိုထိန်းသိမ်းဆင်ခြင် နေထိုင်ရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိပါက လမ်းမှားရောက်နိုင်မည်ဖြစ်ပြီး မိမိကိုယ်ကိုအလိုလိုက်ပါက ပျက်စီးမှုကိုဖြစ်စေတတ်သဖြင့် သမာသမတ်ကျမှု၊ ကြိုးစားမှု၊ ထိန်းသိမ်းနေထိုင်မှုတို့ဖြင့် ဘဝတက်လမ်းကို တည်ဆောက်သွားကြရန်လိုကြောင်း၊ မိမိအဆင့်နှင့် မလျော်ညီသည့် နေထိုင်ပြောဆိုမှု၊ ဝတ်စားဆင်ယင်မှုများကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး ပေးအပ်လာသည့်တာဝန်များကို ရိုးသားကြိုးစားစွာ၊ စည်းကမ်းကောင်းမွန်စွာ၊ တပ်မတော်သားပီသစွာဖြင့် ကျေပွန်အောင်ထမ်းဆောင်ခြင်းအားဖြင့် တပ်မတော်၏ ဂုဏ်ကိုမြှင့်တင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရှိ အမျိုးသမီးဦးရေ ၅၂ ရာခိုင်နှုန်းအနက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်မည်ဟူသည့် အခြေခံစိတ်ဓာတ်များဖြင့် တပ်မတော်သို့ဝင်ရောက်အမှုထမ်းခဲ့သည်မှာလည်း ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း။

ထို့ပြင် ငယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက် ထိန်းသိမ်းပေးခဲ့သည့် မိဘများ၏ကျေးဇူးကို မမေ့ရန်နှင့် အကောင်းဆုံးကျေးဇူးဆပ်ခြင်းသည် မိဘများ၏စကားကို နားထောင်ခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို ချင့်ချိန်နိုင်စွမ်းဖြင့် မိမိဘဝလမ်းကို တည့်မတ်ထိန်းကြောင်းသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိကိုယ်ကို လူချွန်လူကောင်းဖြစ်အောင်နေထိုင်ခြင်း၊ မိဘများ၏ လိုအပ်သည်များကို ထောက်ပံ့ပေးအပ်ခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာများဖြင့် တတ်စွမ်းသရွေ့ ကျေးဇူးဆပ်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်မှရရှိလာသည့် လူမှုဆက်ဆံရေးအတွေ့အကြုံများ၊ ဗိုလ်သင်တန်းကျောင်းမှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဘဝတစ်လျှောက်လုံး ဆက်လက်ကြိုးစား အားထုတ်သွားရမည်ဖြစ်ကြောင်းဖြင့် ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။

■ ■ ■

# ၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၃ - ၁၂ - ၂၀၂၁ )



၂၀၂၁ ခုနှစ် ခရစ္စမတ်နေ့အထိမ်းအမှတ် စုပေါင်းဂုဏ်ပြုဆုတောင်းပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ စိန့်မေရီကယ်သီဒြယ်ဘုရားရှိခိုးကျောင်းအနီးရှိ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၏ကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

## တက်ရောက်

အခမ်းအနားသို့ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ် သာသနာဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကက်သလစ်ဆရာတော်များ၊ ရဟန်းတော်များ၊ ကက်သလစ်သီလရှင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

## အမြင်ချင်းဖလှယ် ဆွေးနွေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကတ်သလစ်ဆရာတော် ကျောင်းတိုက်ခန်းမသို့ ရောက်ရှိကြရာ ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် သင်းအုပ်ဆရာကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးတို့သည် ဧည့်ခန်းမဆောင်၌ သီးခြားတွေ့ဆုံ၍

နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ထို့နောက် ဘုရားရှိခိုးကျောင်းခန်းမတွင် ခရစ္စမတ် ဆုတောင်းပွဲကိုကျင်းပရာ ကတ်သလစ်ဆရာတော် ကျောင်းတိုက်မိသားစုက ခရစ္စမတ် Carol သီချင်းများ ဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုက ခရစ္စမတ်သတင်းကောင်းနှင့် ဆုမွန်စကား မျှဝေပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ်အခါ သမယတွင် ပျော်ရွှင်ခြင်း၊ သင့်မြတ်ခြင်းများဖြင့် ပြည့်စုံ နိုင်ပါစေကြောင်း၊ မြန်မာပြည်သူ ပြည်သားအားလုံး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိကြပြီး ခန္ဓာစိတ်ဝမ်း ငြိမ်းချမ်း ကြပါစေကြောင်း၊ ငြိမ်းချမ်းသာယာဝပြောပြီး ဝမ်းမြောက် ခြင်းများနှင့် ပြည့်ဝနိုင်ကြပါစေကြောင်းဖြင့် ခရစ္စမတ် ဆုတောင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ခရစ္စမတ်နေ့အထိမ်းအမှတ်စုပေါင်း ဂုဏ်ပြုဆုတောင်းပွဲအခမ်းအနားများကို တက်ရောက် ခဲ့သည်မှာ ယခုအကြိမ်ဆိုပါက တတိယအကြိမ်ရှိပြီဖြစ် ပါကြောင်း၊ ခရစ်ယာန်ဘာသာဝင်တို့၏ အထွတ်အမြတ် ထားရာ ခရစ္စမတ်အခါသမယတွင် ငြိမ်းချမ်းခြင်း၊ သာယာ ဝပြောခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့ဖြင့် ပြီးပြည့်စုံကြ ပါစေကြောင်း၊ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ ၈၇ ရာခိုင်နှုန်း၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ ၆ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာကိုးကွယ်သူ ၅ ရာခိုင်နှုန်းကျော်ခန့်ရှိပြီး ကိန်းဂဏန်းအရ ကွဲလွဲမှုအနည်းငယ်ရှိနိုင်မည်ဖြစ်သော် လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၂ နှင့် ၃၆၃ တို့တွင် ဘာသာရေးလွတ်လပ်ခွင့်နှင့် ကူညီစောင့် ရှောက်မှုတို့အတွက် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေအများစု ကိုးကွယ်ရာ ဗုဒ္ဓဘာသာ နှင့်အတူ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူနှင့် အခြားဘာသာ ဝင်များသည် နှစ်ပေါင်းများစွာကတည်းကပင် အချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အမိနိုင်ငံတော်ကောင်းကျိုးကို အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြင့် ပြည့်စုံစေရေးအတွက် အမျိုးသား နိုင်ငံရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက် ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲ တွင် မည်သို့မျှရှောင်လွှဲ၍မရသည့် အခြေအနေဖြစ်ပေါ် လာသည့်အတွက် နိုင်ငံတော်၏တာဝန်များကို တပ်မတော် ကထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကိုချမှတ်၍ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

**မေတ္တာရပ်ခံတိုက်တွန်း**

နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်း များ၏ ကြိုးပမ်းဆောင်ရွက်မှုများအပြင် ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ကလည်း ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းလိုသည့်၊ ဖွံ့ဖြိုးတိုး တက်စေလိုသည့် စိတ်ဆန္ဒရှိရန် အဓိကအရေးကြီးပါ ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာ ပေါများရေးသည်လည်း အဓိကကျသည့်အတွက် ငြိမ်း ချမ်းမှုရရှိအောင် ဦးစွာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါ ကြောင်း၊ ထို့ကြောင့်တိုင်းပြည်ကောင်းအောင် ဆောင် ရွက်မည်ဟူသည့်ဆန္ဒဖြင့် အသိတရား၊ သတိတရားတို့ ဖြင့် တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်း အလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းလိုပါကြောင်း။

**ဆုတောင်းစကားပြောကြား**

ခရစ္စမတ်အခါသမယတွင် ခရစ်ယာန်ဘာသာဝင်များ အားလုံး၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ပျော်ရွှင်ချမ်းမြေ့ ကြပါစေကြောင်း၊ နှစ်သစ်အခါသမကို ပျော်ရွှင်စွာ ဖြတ်သန်း နိုင်ကြပါစေကြောင်းနှင့် သက်ဆိုင်ရာ ဘာသာတရားများ၏ အဆုံးအမနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးကို ရှေးရှု၍ မေတ္တာနှလုံးသား၊ သည်းခံခွင့်လွှတ် သောစိတ်ထားများဖြင့် စည်းလုံးညီညွတ်စွာ လက်တွဲ နေထိုင်လုပ်ကိုင် ဆောင်ရွက်သွားကြစေလိုကြောင်း

ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရန်ကုန်ကက်သလစ် ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီးတို့သည် ခရစ္စမတ်ကိတ်မုန့်ကို အတူတကွလှီး၍ ဂုဏ်ပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကတ်သလစ်ဆရာတော် ကျောင်းတိုက်မိသားစုအား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်နှင့် အလှူငွေများပေးအပ်ခဲ့ပြီး ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဂိုဏ်းချုပ်ဆရာတော်ကြီး မှလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

၎င်းနောက် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ လက်ထောက်ဆရာတော်ကြီး ဂျွန်စောယောဟန်က ခရစ္စမတ်ဆုမွန်ကောင်းစကားပြောကြားပြီး ဆုတောင်းမေတ္တာပို့သခဲ့သည်။

■ ■ ■

# တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများနှင့် သန္ဓေအရာရှိများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၂၃ - ၁၂ - ၂၀၂၁ )






နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဖြစ်သဖြင့် နောက်လိုက်ကောင်းများဖြစ်လာစေရေးသင်တန်းများတွင် စနစ်တကျဖြင့် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသူနည်းပြများအနေဖြင့် သင်တန်းသားများအား အရေအတွက်ထက် အရည်အချင်းပြည့်ဝစေရေး လေ့ကျင့်ဆောင်ရွက်၍ စစ်သားကောင်းဖြစ်အောင်လေ့ကျင့်ပေးရန်လိုကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ကျောရိုးမဏ္ဍိုင်ဖြစ်သဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေး အဓိကထားလေ့ကျင့်ဆောင်ရွက်ပေးရန် လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဒီဇင်ဘာလ၊ ၂၃ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြ အရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများနှင့် သန္ဓေအရာရှိများအား ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများနှင့် သန္ဓေအရာရှိများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး

လင်းအောင်နှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်တို့က ၁၉၉၉ ခုနှစ် မှ ၂၀၂၁ ခုနှစ်အထိ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)တို့မှ အရာရှိများ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့မှု၊ စာပေသင်ကြားပေးနိုင်ခဲ့မှုနှင့် လက်ရှိတာဝန်ထမ်းဆောင်နေမှု အခြေ အနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားရာ၌ တပ်မတော်တွင် လေ့ကျင့်ရေးသည်အရေးကြီးကြောင်း၊ စွမ်းရည်ထက်မြက်ရေးအတွက် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးနှင့် အုပ်ချုပ်ရေးစွမ်းရည်တို့ဖြစ်ကြောင်း၊ အသိပညာနှင့် အတတ်ပညာများ ပေါင်းစပ်ဆောင်ရွက်ရခြင်းဖြစ်ပြီး တွေးခေါ်ကြံဆမှုများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စစ်တက္ကသိုလ်နှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) တို့သည် စစ်ဘက်ခေါင်းဆောင်များကို တိုက်ရိုက်မွေးထုတ်ပေးပြီး ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် စသည့်တက္ကသိုလ်များသည် သက်ဆိုင်ရာဘာသာရပ်များတတ်ကျွမ်းသည့် စစ်ဘက်ခေါင်းဆောင်များမွေးထုတ်ပေးလျက်ရှိကြောင်း၊ သင်တန်းကျောင်းများတွင် စစ်ပညာများသင်ကြားပေးလျက်ရှိသကဲ့သို့ အတန်းပညာများကိုလည်း သင်ကြားပေးလျက်ရှိကြောင်း၊ တပ်မတော်တက္ကသိုလ်များနှင့် ပြင်ပတက္ကသိုလ်များသည် သင်ကြားရေးနှင့်ပတ်သက်၍ ကွာခြားမှုများရှိကြောင်း၊ ပြင်ပတက္ကသိုလ်များသည် မိမိကိုယ်တိုင်လေ့လာမှုများကို ဆောင်ရွက်၍ လက်တွေ့လေ့ကျင့်ခန်းများကို ကိုယ်တိုင်တွေးခေါ်မှုနှင့်ဆောင်ရွက်ပြီး စာမေးပွဲဖြေဆိုမှုများကို ပြုလုပ်ရကြောင်း၊ တပ်မတော်တက္ကသိုလ်များသည် ဘာသာရပ်များအလိုက် အချိန်ပြည့်သင်ကြားသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျက်မှတ်ရသည်များရှိသကဲ့သို့ ဖတ်ရှုလေ့လာရသည်များလည်းရှိကြောင်း။

ချွေးထွက်များမှ သွေးထွက်နည်းမည်ဖြစ်သဖြင့် မိမိတို့လေ့ကျင့်မွေးထုတ်ပေးလိုက်သည့်အနာဂတ်ခေါင်းဆောင်

> **မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်အား ထမ်းဆောင်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဖွဲ့စည်း၍ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ဆောင်ရွက်ပြီး နိုင်ငံတိုးတက်ရေး အတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့၊ မိမိတို့အစိုးရ၏ လက်တွေ့ကျသော ရည်ရွယ်ချက်နှင့် လက်ရှိလုပ်ဆောင်နေမှုသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါ်များရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်။**

များကို လေ့ကျင့်သားပြည့်ဝပြီး တပ်မတော်က အားကိုးအားထားရသူများ ဖြစ်လာစေရန် စနစ်တကျလေ့ကျင့်ပေးရန်လိုကြောင်း၊ ထို့ကြောင့်သက်ဆိုင်ရာအဆင့်အလိုက် သင်ကြားပေးလိုက်သည့် ဘာသာရပ်များအား အမှန်တကယ် တတ်ကျွမ်းပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရေး လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုပြီး အသေးအဖွဲ့မှအစ ဂရုစိုက်ရန်လိုကြောင်း၊

**အရည်အချင်းပြည့်ဝမှုရှိစေရေး**

သင်တန်းသားများ၏ လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝမှုရှိစေရေး ဦးစားပေးလေ့ကျင့်သင်ကြားပေးနေရန်လိုကြောင်း၊ သင်တန်းသားနှင့်နည်းပြ အချိုးကို မျှတအောင်ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် လေ့ကျင့်သင်ကြားပေးရာတွင် အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ Guardian စနစ်ဖြင့် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရာတွင် သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စာပေပညာဆိုင်ရာများကောင်းမွန်စေရေးအနီးကပ်တစ်ဦးချင်း ကြပ်မတ်ကွပ်ကဲ လေ့ကျင့်သင်ကြားဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊

ထို့အတူ စာပေပညာရပ်များသင်ကြားပေးရာတွင်လည်း သက်ဆိုင်ရာ ဘာသာရပ်များအလိုက် အမှန်တကယ် တတ်ကျွမ်း၍ ထူးချွန်သူများဖြစ်အောင်သင်ကြားပေးရန် လိုကြောင်း၊ သင်တန်းသားတစ်ဦးချင်း၏အနေအထားကို သိရှိရန်လိုပြီး လိုအပ်ချက်၊ အားနည်းချက်များကို ဖော်ထုတ်၍ ဖိဖိစီးစီးသင်ကြားလေ့ကျင့်ပေးခြင်းဖြင့် အမှန်တကယ်အရည်အချင်းရှိသည့် သင်တန်းသားအရာရှိများကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့မွေးထုတ်ပေးနိုင်ရန်အတွက်လည်း အရည်အချင်းပြည့်ဝသည့်နည်းပြများကို ရွေးခြယ်ခန့်အပ်ထားခြင်းဖြစ်သဖြင့် မိမိတို့ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ တတ်ကျွမ်းထားသည့်ဘာသာရပ်များအလိုက် စာပေပညာရပ်များကိုအသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်းဖြင့် မှာကြားသည်။

**မျက်ကွယ်ပြုနေ၍မရ**

ထို့နောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ လျှောက်လှမ်းခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)သည် ပြည်သူများမှ ဆန္ဒမဲပေးခွင့်ရှိသူများ၏ ၉၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သဖြင့် မျက်ကွယ်ပြုနေ၍မရကြောင်း၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ဒီမိုကရေစီအစိုးရ သက်တမ်းများတွင် တပ်မတော်အနေဖြင့် ဥပဒေအရပေးအပ်ထားသောတာဝန်များကို အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်မှစ၍ အနိုင်ရပါတီ၏ လုပ်ဆောင်ချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည်ကို တွေ့ရှိရသဖြင့် မိမိအနေဖြင့် ဒီမိုကရေစီတွင်စည်းကမ်းတကျရှိရန်နှင့် တရားမျှတမှုရှိရန် အကြိမ်ကြိမ်တိုက်တွန်းပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲကျင်းပရာ၌ ကြိုတင်မဲပေးခြင်းများဆောင်ရွက်ရာတွင် ဥပဒေနှင့်ညီညွတ်မှုများမရှိသည်ကိုသိရှိခဲ့ရပြီး ရွေးကောက်ပွဲကျင်းပချိန်တွင်လည်း မဲစာရင်းမှားယွင်းမှုများဖြစ်ပေါ်ခဲ့သည်ကို အချို့သောပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီများ၏ ပြောကြားချက်အရ သိရှိခဲ့ရကြောင်း၊ မဲစာရင်းများအား ပြန်လည်စိစစ်ခဲ့ရာ မဲစာရင်းမှားယွင်းမှုကိုတွေ့ရှိရသဖြင့် အစိုးရအဖွဲ့နှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများအား မဲစာရင်းမှားယွင်းမှုများအတွက် ဖြေရှင်းပေးရန် အကြိမ်ကြိမ်ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်အားအရေးပေါ်အခြေအနေကြေညာ၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်အား ထမ်းဆောင်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်း၍ ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ဆောင်ရွက်ပြီး နိုင်ငံတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရ၏ လက်တွေ့ကျသော ရည်ရွယ်ချက်နှင့် လက်ရှိလုပ်ဆောင်နေမှုသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများခန့်အပ်တာဝန်ပေးဆောင်ရွက်ရာတွင်လည်း အရပ်သားများကိုသာ ဥပဒေနှင့်အညီ အတွေ့အကြုံရှိပြီး အရည်အချင်းပြည့်ဝသူများကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အားအရေးအပေါ်အခြေအနေဖြင့် တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သော်လည်း ဒီမိုကရေစီနည်းလမ်းအရသာ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင်လည်း အမှန်းတရားများမဖြစ်ပေါ်စေရန်နှင့် သွေးထွက်သံယိုမှုအနည်းဆုံးဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးရာတွင် အတတ်နိုင်ဆုံး မဲစာရင်းမှားယွင်းမှုမရှိစေရေးနှင့် မဲပေးပိုင်ခွင့်ဆုံးရှုံးမှုမရှိစေရေး၊ မသမာသည့်နည်းလမ်းဖြင့် မဲပေးမှုမရှိစေရေးတို့အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်များရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ၂၅ ရာခိုင်နှုန်းခန့်သာ ပြီးစီးသေး၍ ၎င်းလုပ်ငန်းစဉ်ကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီအရ ဆောင်ရွက်ရာတွင် အချို့သောအဖွဲ့အစည်းများသည် အကြမ်းဖက်ဆောင်ရွက်မှုများရှိကြောင်း၊ မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်နေသောအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ခွဲခြားကြည့်ပါက လွပ်လပ်ရေးကာလမှ ၂၀၁၁ ခုနှစ်မတိုင်မီအချိန်အထိ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ အယူဝါဒများအရ သဘောထားတိုက်ဆိုင်မှုမရှိခြင်းကြောင့် လက်နက်ကိုင်ဆောင်ရွက်ခဲ့သည့် တိုင်းရင်းသားအဖွဲ့များရှိကြောင်း၊ ၎င်းတို့အဖွဲ့များထဲမှ အချို့အဖွဲ့များအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး(NCA) လက်မှတ်ရေးထိုးထားကြသူများဖြစ်သဖြင့် ၎င်းတို့နှင့် ပတ်သက်၍ငြိမ်းချမ်းရေးနည်းလမ်းအရ ဆွေးနွေးဆောင်ရွက်နေသည့်အဖွဲ့များဖြစ်ကြောင်း၊ သို့သော် ၂၀၁၁ ခုနှစ် ဒီမိုကရေစီအသွင်ကူးပြောင်းပြီးနောက်ပိုင်းတွင် အချို့သော တိုင်းရင်းသားအဖွဲ့များသည် ဒီမိုကရေစီကိုမျက်ကွယ်ပြု၍ လက်နက်ကိုင်ဆောင်ရွက်လာကြကြောင်း၊ ယခုအခါ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမဲမသမာမှုကြောင့် ပေါ်ပေါက်လာသည့် အကြမ်းဖက်အဖွဲ့အစည်းများရှိကြောင်း၊ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများအား မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန်မရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများကို ကိုယ်စားပြုသည့်နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရန် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သော်လည်း ပါတီအချို့အနေဖြင့်လာရောက်တွေ့ဆုံဆွေးနွေးခြင်းမရှိကြောင်း၊ အစုအဖွဲ့လိုက်ထောက်ခံသူ ပြည်သူများကို ပါတီများကသာ ကိုယ်စားပြုပြီး ပုဂ္ဂလိကအနေဖြင့် ကိုယ်စားပြုမှုမရှိကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူများကို ကိုယ်စားပြုသည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ဒီမိုကရေစီကို မျက်ကွယ်ပြု၍မရဘဲ အရေးယူရန်ရှိသူများကို အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအထက်တွင် မည်သူမျှရှိ၍မရကြောင်း၊ ဥပဒေနှင့် ညီညွတ်မှုမရှိပါက ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ်မူတည်၍ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့သည်။

■ ■ ■

# (၇၄)နှစ်မြောက် တပ်မတော် (ရေ) နှစ်ပတ်လည်နေ့တွင် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနား၌ ပြောကြားသည့်အမှာစကား

( ၂၄ - ၁၂ - ၂၀၂၁ )






၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော တပ်မတော်(ရေ)သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် (၇၄)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယနေ့ (၇၄)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားအား ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တပ်မတော်(ရေ)မှအရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က တပ်တော်ဝင် စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင် အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင် စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း(၈)ချက် တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

**စက်ခလုတ်နှိပ် ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲကျော်ထင်)၏ အမည်ကမ္ပည်းအား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးပြီး ရေငုပ်သင်္ဘော စစ်ရေယာဉ် (မင်းရဲကျော်ထင်)အား လှည့်လည်ကြည့်ရှုလေ့လာကာ စစ်ရေယာဉ်မှူးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သည့် ရေငုပ်သင်္ဘော စစ်ရေယာဉ်(မင်းရဲကျော်ထင်)အပါအဝင် ကမ်းလွန်ရေယာဉ် တစ်စင်း၊ မြစ်တွင်းသွား ကင်းလှည့်ရေယာဉ် ၂ စင်းနှင့် မြစ်တွင်း အမြန်သွားကင်းလှည့်ရေယာဉ် ၂ စင်းတို့အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

> **နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးသော အာမခံချက်သည် စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက် ပိုင်ဆိုင်ခြင်းပင်ဖြစ်၊ ထိုသို့အဆင့်မြှင့်တင် တည်ဆောက်ရာတွင် တပ်မတော်(ရေ)ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် သုံးဘက်မြင် စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်မျှော်မှန်းပြီး တည်ဆောက်ပေးရာတွင် ရေငုပ်သင်္ဘောတပ်ဖွဲ့တည်ဆောက်ပေးနိုင်ရန်၊ စစ်ရေယာဉ်များတည်ဆောက်ဖြည့်တင်းနိုင်ရန်၊ လူသားအရင်းအမြစ်များပိုမိုတိုးတက် ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လိုက်လျောညီထွေ ဆောင်ရွက်ခဲ့ခြင်းဖြစ်။**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ် (မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေစဉ် စစ်ရေယာဉ် (ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့မှ အမြောက်(၂၁)ချက် ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)၊ ဖရီဂိတ်စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ် ရေယာဉ်(တပင်ရွှေထီး)နှင့် အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်များက Single Line Formation ပုံစံဖြင့် လည်းကောင်း၊ အမြန်သွားကင်းလှည့်ရေယာဉ်များမှ Diamond Formation ပုံပြုပုံစံများဖြင့် အသီးသီးပုံပြု မောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြု ကြသည်။

**ဂါရဝပြုပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေး ဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက် ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံးအမြောက် ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင် ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင် ရေယာဉ်များတည်ဆောက် ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ စစ်သည်များ အတွက် ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင် ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

### ထပ်မံဖြည့်တင်းပေး

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြု အမှာစကား ပြောကြားရာ၌ ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားသည် တပ်မတော်(ရေ)၏ (၇၄)နှစ် မြောက် အခမ်းအနားဖြစ်သကဲ့သို့တပ်မတော် (ရေ)အတွက် ဒုတိယ မြောက်ရေငုပ်သင်္ဘော အပါအဝင် စစ်ရေယာဉ်များ တပ် တော်ဝင်ခြင်း အခမ်းအနားဖြစ်ပြီး တပ်မတော်အတွက် ထူးခြားလေးနက်သည့် စွမ်းရည်တစ်ရပ်ကို ထပ်မံဖြည့် တင်းပေးသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ရေငုပ်သင်္ဘော စစ်ရေယာဉ်နှင့်အတူ တပ်မတော်(ရေ)မှကိုယ်တိုင်တည် ဆောက်ခဲ့သည့် စစ်ရေယာဉ်များဖြစ်သည့် ကမ်းလွန်ရေ ယာဉ်တစ်စင်း၊ မြစ်တွင်းသွားကင်းလှည့်ရေယာဉ်နှစ်စင်း နှင့် မြစ်တွင်း အမြန်သွားကင်းလှည့်ရေယာဉ်နှစ်စင်းတို့ကို လည်း တပ်တော်ဝင်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးအတွက် အကောင်းဆုံးသော အာမခံချက်သည် စွမ်းရည် ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက် ပိုင်ဆိုင်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့အဆင့်မြှင့်တင်တည် ဆောက်ရာတွင် တပ်မတော်(ရေ)ကို ပထမအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်သီးသန့် စီးပွားရေးဇုန်အထိ အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် သုံးဘက်မြင်စစ်ဆင်နိုင်စွမ်း ရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဖြစ် မျှော်မှန်းပြီး တည်ဆောက် ပေးရာတွင် ရေငုပ်သင်္ဘောတပ်ဖွဲ့တည်ဆောက်ပေး နိုင်ရန်၊ စစ်ရေယာဉ်များတည်ဆောက်ဖြည့်တင်းနိုင်ရန်၊ လူသားအရင်းအမြစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် လိုက် လျောညီထွေဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင် ရွက်ရာတွင်လည်း အဆင့်ပေါင်းများစွာ၊ ကဏ္ဍပေါင်း များစွာအတွက်စဉ်းစား၍ ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

### ၉၄ စင်း တပ်တော်ဝင်နိုင်ခဲ့

ရေငုပ်သင်္ဘောတပ်ဖွဲ့ တည်ဆောက်ရေးအတွက် ယခင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်ထက်ကတည်းက လူသားအရင်းအမြစ် များကို ကြိုတင်ပြင်ဆင်မှုအနေဖြင့် လေ့ကျင့်မှုများကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရေငုပ် သင်္ဘောတပ်ဖွဲ့လက်တွေ့တည်ဆောက်ရာတွင် အသင့် ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူရေယာဉ်များတည် ဆောက်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက်လည်း ရေတပ်သင်္ဘောကျင်းများအား အဆင့်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ရေတပ် သင်္ဘောကျင်းများမှ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ စစ် ရေယာဉ် ၈၈ စင်းကို တပ်တော်ဝင်ဆောင်ရွက်ပေးနိုင် ခဲ့ပြီး ယနေ့တပ်တော်ဝင်သည့် စစ်ရေယာဉ်များနှင့်ဆိုပါက ၉၄ စင်းကို တပ်တော်ဝင်နိုင်ခဲ့ကြောင်း၊ ဆက်လက် ၍လည်း တည်ဆောက်လျက်ရှိကြောင်း၊ထို့သို့တည်ဆောက်ခဲ့ရာတွင် လည်း စစ်ရေယာဉ်များ တည်ဆောက်မှု အရည်အသွေး များ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ကြောင်း။

ထို့အတူစွမ်းရည်ထက်မြက်သည့် တိုက်ပွဲဝင်စစ် ရေယာဉ်များဖြစ်စေရေး စစ်ရေယာဉ်တစ်စီးချင်းစီ၏ စွမ်းဆောင်နိုင်မှု (Capability) များ တိုးတက်ကောင်းမွန် လာစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိမိတို့စစ်ရေယာဉ်များအနေဖြင့် တစ်စီးချင်း တိုက်ပွဲဝင်ရာတွင် Capability ပိုကောင်းသည့် တိုက်ပွဲဝင် စစ်ရေယာဉ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွား ရန်လိုကြောင်း။

လူသားအရင်းအမြစ်များ မွေးထုတ်ပေးမှုနှင့် ပတ်သက်၍ တပ်မတော်(ရေ)အတွက် Deck officer များ Deck Crew များ၊ သင်္ဘောအင်ဂျင်ခန်းတွင် တာဝန် ထမ်းဆောင်မည့်သူများကို လေ့ကျင့်မွေးမြူပေးလျက် ရှိသကဲ့သို့ တစ်ဖက်မှလည်း သင်္ဘောတည်ဆောက်ရေး နှင့်ပတ်သက်ပြီးလည်း ဒီဇိုင်းနှင့်ပတ်သက်သည့် Navy Architect နှင့် ပတ်သက်သည်များ၊ Ship Construction နှင့်ပတ်သက်သည့် လူသားအရင်းအမြစ်များအတွက် ပညာတော်သင်များ ပြည်ပနိုင်ငံများသို့စေလွှတ်ခြင်းနှင့် လက်တွေ့လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်ပေး၍ အရည် အသွေးများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ ထိုသို့လူသားအရင်းအမြစ် တည်ဆောက်ရေး သည် တပ်ဖွဲ့တစ်ခု တည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များ ကို ကြိုတင်တည်ဆောက်ထားခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် မြန်မြန်ဆန်ဆန်ဖြင့် အကောင်

အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊

**အတွေ့အကြုံများရရှိ**

ကြည်း၊ ရေ၊ လေပူးပေါင်းစစ်ဆင်ရေးတပ်ဖွဲ့များအလိုက် စစ်ဆင်ရေးများနှင့် ပြည်ပနိုင်ငံများနှင့် ပူးတွဲလေ့ကျင့်ခန်းများပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများနှင့် ရေတပ်ဖွဲ့ချင်း ချစ်ကြည်ရင်းနှီးမှု ရရှိသကဲ့သို့ ရေတပ်ဖွဲ့၏ အရည်အသွေး၊ ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်မှုအတွေ့အကြုံ၊ သမုဒ္ဒရာကိုဖြတ်ကျော်ရသည့် အတွေ့အကြုံများကိုရရှိကြောင်း၊ တပ်မတော်(ရေ)တွင် အမျိုးသားစစ်သည်များ သာမက အမျိုးသမီးအရာရှိ၊ စစ်သည်များကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အဆိုပါအမျိုးသမီး အရာရှိများကိုလည်း စစ်ရေယာဉ်များတွင်တာဝန်ပေးပြီး လိုက်ပါဆောင်ရွက်နိုင်ခဲ့သဖြင့် လူသားအရင်းအမြစ်များ အထိုက်အလျောက် ပြည့်စုံတိုးတက်လာပြီဖြစ်ကြောင်း၊ စစ်ဆင်ရေးကိုမျှော်မှန်း၍ နိုင်ငံ၏ကာကွယ်ရေးစနစ်ကို ပိုမိုထိရောက် မြန်ဆန်စေရေးအတွက် ရေတပ်ဖွဲ့စည်းမှုအား ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ခေတ်မီရေတပ်မတော်ဖြစ်စေရေးအဆင့်မြှင့်တင်ရာတွင် မိမိတို့အနေဖြင့် များစွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

**ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေး**

မိမိတို့ တပ်မတော်သားများသည် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ရာသီဥတုမရွေး တာဝန်ထမ်းဆောင်နေကြရသူများဖြစ်သည့်အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးသည် အထူးအရေးကြီးကြောင်း၊ သာမန်အချိန်သဘောင်္ကပေါ်တွင် တာဝန်ထမ်းဆောင်ချိန်တွင် အလေ့အကျင့်များသည် ပင်လယ်ပြင်တွင် ခရီးသွားတာဝန်ထမ်းဆောင်ရာ၌ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထိုသို့ မိမိ၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး ပုံမှန်လေ့ကျင့်ခန်းများကို လေ့ကျင့်ပေးထားမှသာလျှင် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာအောင်နေထိုင်ပြီး ကြံ့ခိုင်သန်စွမ်းအောင် လေ့ကျင့်ရန် အထူးမှာကြားလိုကြောင်း၊ နောက်တန်းဌာနချုပ်များတွင် တာဝန်ထမ်းဆောင်နေစဉ် ကြံ့ခိုင်မှုမပြည့်ဝခြင်းသည် မသိသာသော်လည်းပင်လယ်ပြင်တာဝန်များကို ထမ်းဆောင်ချိန်တွင် ကျန်းမာရေးသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ၌ အထူးကျန်းမာကြံ့ခိုင်နေရန်လိုအပ်မည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မှုများကို မထိခိုက်စေရန် မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်အောင်နေထိုင်သွားကြရန် မှာကြားလိုကြောင်း။

**ရင်ဆိုင်ကျော်လွှားနိုင်ခဲ့**

ကျန်းမာရေးနှင့်ပတ်သက်၍ တစ်ဆက်တည်းမှာကြားလိုသည်မှာ တစ်ကမ္ဘာလုံး ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့လက်တွဲပြီး ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များတွင် စုပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကို ရင်ဆိုင် ကျော်လွှားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် တပ်မတော်(ရေ) မှ တပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများရှိသွားလာရေးခက်ခဲပြီး ရေလမ်းခရီးကိုသာ အားပြုနေထိုင်နေရသည့်အရပ်ဒေသမှ တိုင်းရင်းသားပြည်သူများအတွက် ကာကွယ်ဆေး၊ ကုသဆေးနှင့် အောက်ဆီဂျင်အပါအဝင် အခြားလိုအပ်သည့် ပစ္စည်းများကို စစ်ရေယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြု ချီးကျူးပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့် ကာလအတွင်း တပ်မတော်၏ဆောင်ရွက်မှုများသည် မြန်မာ့သမိုင်းတွင် မှတ်ကျောက်တင်နိုင်မည့် ဆောင်ရွက်ချက်များပင်ဖြစ်ပြီး တပ်မတော်(ရေ)မှ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင်အပ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်းသွားမည့်ရောဂါမျိုး မဟုတ်သဖြင့် ထပ်မံကြုံတွေ့လာမည့် အခြေအနေများကိုလည်း ရင်ဆိုင်ကူညီနိုင်ရန် အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ထားကြရန် မှာကြားလိုကြောင်း။

**ဂရုပြုရန်လိုအပ်**

တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်မည်ဟူသည့် မွန်မြတ်သောစိတ်ဆန္ဒနှင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါဘဲ ဝင်ရောက်အမှုထမ်းကြသူများဖြစ်ကြောင်း၊ မိမိတို့ထမ်းဆောင်နေ

သည့် တာဝန်အပေါ် ယုံကြည်ချက်၊ ခံယူချက် နက်နက်ရှိုင်းရှိုင်းနှင့် တာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အထက်အောက် အပြန်အလှန် လေးစားမှုနှင့် ရဲဘော်ရဲဘက်စိတ်မွေးမြူပြီး တပ်မတော်သားကောင်းတစ်ယောက် ဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ကြောင်း၊ စစ်သားကောင်းတစ်ယောက် ဖြစ်ရန် စစ်သားစိတ် အပြည့်အဝရှိရန် သတိ၊ အသိတရားများဖြင့် တာဝန်ထမ်းဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်း၏ သွားလာနေထိုင်ပြောဆိုမှု လုံခြုံရေး၊ မိမိတာဝန်ထမ်းဆောင်နေသည့် တပ်၏ လုံခြုံရေး၊ တပ်မတော်၏လုံခြုံရေးတို့ကို သတိပြုရမည်ဖြစ်ပြီး ရှင်သန်ရပ်တည်နေထိုင်နေကြရသည့် နိုင်ငံတော်၏ လုံခြုံရေးကိုပါ တစ်ဦးချင်း အသိစိတ်ဓာတ်များဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော် ထိခိုက်မည့် လုံခြုံရေးကျိုးပေါက်မှုများ မဖြစ်ပေါ်စေရန် ဂရုပြုရန်လိုအပ်မည်ဖြစ်ကြောင်း၊ တို့တာဝန် အရေးသုံးပါသည် အမျိုးသားရေးတာဝန်ဖြစ်သော်လည်း လက်ရှိနိုင်ငံတော်၏ လိုအပ်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ ရေပြင်ပိုင်နက်သည် စတုရန်းမိုင် ပေါင်း ၁၄၀၀၀၀ ကျော်၊ ကမ်းရိုးတန်းရေမိုင် ၁၂၆၀ ကျော် ရှည်လျားသည့်အတွက် အပြောကျယ်လှသည့် ရေပိုင်နက်ကို ကာကွယ်ရန်မှာ စေ့စေ့စပ်စပ်ဖြင့် အသိတရား၊ သတိတရားဖြင့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်ရှိကြွယ်ဝသည့် ရေပေါ်ရေအောက် သယံဇာတ အရင်းအမြစ်များ စောင့်ရှောက် ကာကွယ်ရေး၊ နိုင်ငံ၏ ပင်လယ်ပြင်အခြေပြု စီးပွားရေးလုပ်ငန်းများ (Ocean Based Economy) ဘေးကင်းလုံခြုံရေးနှင့် ကျူးကျော်လာမည့် ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုမှန်သမျှကို တွန်းလှန်ကာကွယ်ရေးသည် တပ်မတော်(ရေ)၏ အဓိက တာဝန်ပင်ဖြစ်ကြောင်း။

**ထမ်းဆောင်နိုင်မည်**

ယနေ့တပ်တော်ဝင်သည့် ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်) ကို လေ့ကျင့်ရေးဆောင်ရွက်ရန် အဓိက ထားသည်ဖြစ်သော်လည်း လိုအပ်ပါက စစ်ဆင်ရေး တာဝန်များကိုလည်း ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်) ကို လေ့ကျင့်ရေးတာဝန်များအပြင် နိုင်ငံ၏ပိုင်နက်ရေပြင် ကာကွယ်ရေးလုပ်ငန်းများတွင်လည်း အကျိုးရှိစွာ အသုံးချသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ မင်းရဲဆိုသည်မှာ အလွန်ရဲရင့်သည့်သူရဲကောင်းဟုအဓိပ္ပါယ်ရကြောင်း၊ ကျော်ထင်ဆိုသည်မှာ ကျော်ကြားထင်ရှားခြင်းဟုအဓိပ္ပါယ်ရကြောင်း၊ ရှေးမြန်မာမင်းများလက်ထက် ရန်အပေါင်းကို ရင်ဆိုင်ချေမှုန်းခဲ့သည့် အလွန်ရဲရင့်ကျော်ကြားထင်ရှားသည့် သူရဲကောင်းများကိုပေးလေ့ရှိသည့် ဘွဲ့အမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိပါးနှောင့်ယှက်လာမည့် မည်သည့်ကျူးကျော်မှုကိုမဆို ရဲရဲရင့်ရင့်ဖြင့်ရင်ဆိုင်ချေမှုန်းနိုင်ရန်ရည်ရွယ်ပြီး အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း။

မြစ်တွင်းအမြန်သွား ကင်းလှည့်ရေယာဉ်များကိုလည်း မြစ်တွင်းသယ်ပို့တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ဘက်စုံသုံးရေယာဉ်အဖြစ် အသုံးပြုနိုင်သည့်အပြင် မြစ်တွင်းစစ်ဆင်ရေးများတွင် လျင်မြန်စွာလှုပ်ရှားနိုင်ပြီး ပစ်အားနှင့် စစ်ကစားနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ကြောင်း၊ ဟန်ချက်ညီရေတပ်တစ်ခု တည်ဆောက်သည့်နေရာတွင် သီးသန့်စီးပွားရေးဇုန်ကာကွယ်နိုင်ရန်၊ ကမ်းရိုးတန်းရေပြင်နှင့် မြစ်တွင်းစစ်ဆင်ရေးများ ဆင်နွှဲနိုင်ရန်အတွက် ဖရီးဂိတ်စစ်ရေယာဉ်ကြီးများ၊ ကော်ဗက်စစ်ရေယာဉ်များအပါအဝင် မြစ်တွင်းအမြန်သွားကင်းလှည့်ရေယာဉ်များကိုပါ အချိုးအစားမျှတစွာ ထမ်းဆောင်ရမည့် တာဝန်နှင့် လိုက်လျောညီထွေရှိအောင် စနစ်တကျ တည်ဆောက်ပေးလျက်ရှိကြောင်း။

**မှတ်တမ်းတင် ဂုဏ်ပြု**

ထိုကဲ့သို့ စစ်ရေယာဉ်များကို တည်ဆောက်နိုင်ရေး၊ တာဝန်ထမ်းဆောင်နိုင်ရေးတို့အတွက် တည်ဆောက်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအားလုံးကို ချီးကျူးမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

## ( ၂၄ - ၁၂ - ၂၀၂၁ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၄ ရက်၊ နံနက်ပိုင်းတွင် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါဒေသရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်တို့က တက္ကသိုလ်၏နောက်ခံသမိုင်းကြောင်း၊ တက္ကသိုလ်၏ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တက္ကသိုလ်ဖွဲ့စည်းပုံ၊ သင်ကြားမှုဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတကာစံနှုန်းနှင့်အညီ လေ့ကျင့် ဆောင်ရွက်နေမှုအခြေအနေများအား၊ လက်တွေ့လေ့ကျင့်ခန်းများ သင်ကြားပေးမှုအခြေအနေများ၊ တက္ကသိုလ်စာကြည့်တိုက်အသစ်တည်ဆောက်နေမှုအခြေအနေများ၊ အပြည်

ပြည်ဆိုင်ရာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်စီမံကိန်းများတွင် တက္ကသိုလ်မှ ပါဝင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုတက္ကသိုလ်သည် နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေပိုင်နက်နယ်နိမိတ်သည် စတုရန်းမိုင် ၁၄၀၀၀၀ ကျော်ရှိပြီး ပင်လယ်ကမ်းရိုးတန်းအရှည်သည် ၁၂၆၀ မိုင်ကျော်ရှိကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ် စသည့်မြစ်များတွင်လည်း ဆိပ်ကမ်းများရှိကြောင်း၊ ပြည်တွင်းပြည်ပရေကြောင်းသွားလာရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေကြောင်းပညာရှင်များ မွေးထုတ်ပေးသည့် အဓိကတက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ တက္ကသိုလ်မှဘွဲ့ရရှိပြီးသူများအား အလုပ်ခန့်အပ်ပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံသားများ၏ စွမ်းရည်ကိုပြသနိုင်သည့်အလုပ်အကိုင်တစ်ခုလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆိပ်ကမ်းများစီမံခန့်ခွဲမှုသည်အရေးကြီးကြောင်း၊ အချို့ဆိပ်ကမ်းများတွင် ဆိပ်ကမ်းစီမံခန့်ခွဲမှုများ အားနည်းသည်ကိုတွေ့ရှိရကြောင်း၊ ဆိပ်ကမ်းများအားနိုင်ငံတကာအဆင့်မီဖြစ်စေရန်တည်ဆောက်နိုင်ရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဆိပ်ကမ်းငယ်များမှအစ အကြီးဆုံး ဆိပ်ကမ်းများအထိ ယခုကျောင်းဆင်းများမှ စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

**အသုံးချဆောင်ရွက်ရန်**

အလားတူ မိမိတို့နိုင်ငံရှိ မြစ်ချောင်းများ၏ ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စနစ်တကျ ထိန်းသိမ်း၍ အကျိုးရှိအောင် အသုံးချဆောင်ရွက်ရန် လိုကြောင်း၊ မြစ်ကမ်းပါးများကိုလည်း စနစ်တကျဖြင့် ပြုပြင်ထိန်းသိမ်းရန်နှင့် မြစ်ချောင်းများ သာယာလှပရေးနှင့် ရေယာဉ်များကောင်းမွန်စွာသွားလာနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပို့ဆောင်ရေးစနစ်တွင် ၄ မျိုး ရှိပြီး မော်တော်ယာဉ်၊ လေယာဉ်၊ ရထား၊ ရေလမ်းကြောင်းဟူ၍ဖြစ်ကြောင်း၊ ရေကြောင်းပို့ဆောင်ရေးသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းအမြောက်အမြားကို သယ်ယူပို့ဆောင်ပေးနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းဟူ၍ရှိပြီး ကောင်းမွန်စွာအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်မှ ထွက်ပေါ်လာသည့် ပညာရှင်များသည် နိုင်ငံတော်အတွက် ကောင်းမွန်စွာ အကျိုးပြုပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရေကြောင်းကူးသန်းမှုတွင် port management သည် အရေးကြီးပြီး နိုင်ငံတကာတွင်ဆောင်ရွက်နေသည့် ခေတ်မီနည်းပညာများဖြင့် စီမံခန့်ခွဲသည့်ပညာရပ်များကို လေ့လာသင်ကြားဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့်ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက်လည်း သာမန်ရေစီးကြောင်းမှတစ်ဆင့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေး ရေကြောင်း

> ယခုသင်တန်းကျောင်းအနေဖြင့် ရှိပြီးသား အောင်မြင်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ထပ်မံတိုးတက်ဖွံ့ဖြိုးစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန်လို၊ ဒီမိုကရေစီနိုင်ငံများတွင် ပုဂ္ဂလိကလုပ်ငန်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အချို့ကဏ္ဍများတွင်နိုင်ငံတော်အစိုးရမှ စီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးလျက်ရှိ၊ ထို့ကြောင့် ယခုတက္ကသိုလ်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်စေရေး အဆောက်အဦများ၊ သင်ထောက်ကူပစ္စည်းများကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်၊ ကျောင်းသားများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီး၍ လူမှုဘဝများဖွံ့ဖြိုး တိုးတက်အောင် အခြေခံမှအစ ဆောင်ရွက်ပေးရန်လိုပြီး သင်တန်းပြီးဆုံးချိန်တွင် မိမိကိုယ်တိုင် ရပ်တည်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်။

ပညာရှင်များနှင့် လျှပ်စစ်ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

**တည်ဆောက်နိုင်ခဲ့**

သင်္ဘောတည်ဆောက်ရေးနှင့်ပတ်သက်၍ ယခင်က ဆင်မလိုက်သင်္ဘောကျင်းမှ မြစ်တွင်းသွားသင်္ဘောများနှင့် ကမ်းရိုးတမ်းသွားသင်္ဘောများ တည်ဆောက်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ ပင်လယ်ပြင်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် သင်္ဘောများ၊ ပင်လယ်ပြင်အတွင်းရှိ သယံဇာတများအား ထုတ်ယူနိုင်သည့် သင်္ဘောများတည်ဆောက်နိုင်ရန် လိုအပ်သကဲ့သို့ ပင်လယ်ပြင် သယံဇာတများကိုလည်း ထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ ယခုတက္ကသိုလ်မှ သင်တန်းဆင်းပြီး သင်္ဘောတည်ဆောက်ရေးနှင့်သက်ဆိုင်သည့် အင်ဂျင်နီယာများအနေဖြင့် မိမိတို့နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ထူးချွန်သည့် သင်္ဘောတည်ဆောက်ရေး ပညာရှင်များ ထွက်ပေါ်လာရေး လက်တွေ့လေ့ကျင့်ခန်းများဖြင့် ထိထိ ရောက်ရောက် အဆင့်မီစွာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံရှိ ရှိပြီးသားသင်္ဘောကျင်းများ၌ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ယခုတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် သင်္ဘောတည်ဆောက်ရေး ပညာရှင်များကဦးဆောင်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သူများအနေဖြင့် ယခုထက်ပိုမိုအရည်အချင်းပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးသွားရန်လိုကြောင်း၊ ထို့ကြောင့်ပညာရပ်များအား ထိထိ ရောက်ရောက် သင်ကြားပေးနိုင်ရန်အတွက် လိုအပ်သည့် ဆရာ၊ ဆရာမများအား ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ မြစ်ချောင်းနှင့်ပင်လယ်ရေပြင်များ သဘာဝအတိုင်း သန့်ရှင်းမှုရှိစေရေးအတွက် ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ရေကြောင်းအပန်းဖြေ သွားရောက်မှုလည်း ပါဝင်ကြောင်း၊ ယခုသင်တန်းကျောင်းအနေဖြင့် ရှိပြီးသားအောင်မြင်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ထပ်မံတိုးတက်ဖွံ့ဖြိုးစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် ပုဂ္ဂလိကလုပ်ငန်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အချို့ကဏ္ဍများတွင် နိုင်ငံတော်အစိုးရမှ စီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုတက္ကသိုလ်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်စေရေး အဆောက်အအုံများ၊ သင်ထောက်ကူပစ္စည်းများကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားများအတွက် ပတ်ဝန်းကျင်ကောင်းများဖန်တီး၍ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်အောင် အခြေခံမှအစ ဆောင်ရွက်ပေးရန်လိုပြီး သင်တန်းပြီးဆုံးချိန်တွင် မိမိကိုယ်တိုင် ရပ်တည်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းဆိုင်ရာများတွင်လည်း ဆရာ၊ ဆရာမများ၏ သင်ကြားပေးမှုများကို ကျောင်းသား၊ ကျောင်းသူများ လွယ်ကူစွာနားလည်သိရှိစေရန်သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ သင်ကြားမှုအထောက်အကူပြုစာအုပ်၊ စာတမ်းများကို အမြဲမပြတ်ဖတ်ရှုနိုင်ရန်နှင့် ခေတ်နှင့်လျော်ညီသည့် ပညာရပ်များကို လေ့လာနိုင်ရေးအတွက်လည်း ဒစ်ဂျစ်တယ်နည်းပညာများအသုံးပြု၍ စာအုပ်၊ စာတမ်းများ ဖတ်ရှုလေ့လာနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း။

**စနစ်တကျလေ့ကျင့်သင်ကြား**

ယခုတက္ကသိုလ်မှ ဘွဲ့ရရှိသူများသည် နိုင်ငံတကာနှင့် ဆက်ဆံရမှုများရှိသဖြင့် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာပြောနိုင်ရန်နှင့် ဖတ်ရှုနိုင်ရန် လိုအပ်သဖြင့် အင်္ဂလိပ်ဘာသာကို တတ်ကျွမ်းစေရန် စနစ်တကျဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ အလားတူ ကွန်ပျူတာပညာရပ်များကိုလည်း ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရန်လိုသကဲ့သို့ ကွန်ပျူတာစနစ်ကိုအသုံးပြု၍ သင်ကြားမှုများကို အဆင့်မီစွာ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တက္ကသိုလ်သင်ကြားရေးများတွင် သာမန်ပညာသင်ကြားရေးသာ မဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများအတွက် အခြားလိုအပ်သည့်နေထိုင်ရေး၊ လုံခြုံရေး၊ စားသောက်ရေးများကိုလည်း ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတကာတွင် မိမိတို့တက္ကသိုလ်များသည် အတုယူဖွယ်ရာတက္ကသိုလ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်

တက္ကသိုလ်အတွင်းရှိ သင်ကြားရေး၊ စီမံရေးတို့အား အရည်အသွေးစိစစ်ခန့်ခွဲရေးရုံး၊ စာကြည့်တိုက်တို့အား ကြည့်ရှုခဲ့ပြီး Full Mission Engine Room Simulator ဌာနတို့တွင် အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများအား ကျွမ်းကျင်စွာမောင်းနှင်နိုင်ရေး၊ အရေးပေါ်အခြေအနေအား ဖြေရှင်းဆောင်ရွက်နိုင်ရေး လေ့ကျင့်ဆောင်ရွက်ပေးမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Simulator များဖြင့် လေ့ကျင့်ပေးရာတွင် ရေယာဉ်ငယ်မှ ပင်လယ်သွားသင်္ဘောကြီးများအထိ အဆင့် ဆင့်အခြေခံမှစ၍ သင်ကြားလေ့ကျင့်ပေးရန် လိုအပ်သည့် အခြေအနေများနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးပြောကြားခဲ့သည်။

■ ■ ■

# အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၆ – ၁၂ – ၂၀၂၁ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာလ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ အားကစားရုံအတွင်းရှိ အစည်းအဝေးခန်းမ၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ က အမျိုးသားအားကစားရုံ(၁)၊ သုဝဏ္ဏသမိုင်းအကျဉ်း၊ အမျိုးသားအားကစားရုံ(၁)၌ ကျင်းပခဲ့သည့်နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများ၊ ပြည်တွင်းအဆင့် အားကစားပြိုင်ပွဲများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများကျင်းပခဲ့မှု အခြေအနေ၊ အမျိုးသားအားကစားပြိုင်ပွဲရုံအား အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေများကို power point များ၊ video clip များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအားကစားရုံကြီးသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဆောက်လုပ်ခဲ့သည့် အဆင့်မြင့်အားကစားရုံတစ်ခုဖြစ်ပြီး ယနေ့ထိတိုင်လည်း အဆင့်မြင့်အားကစားရုံအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ပေးခဲ့ပြီး ယနေ့တိုင် ထိန်းသိမ်းပြုပြင်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးသည့် တရုတ်နိုင်ငံကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ခေတ်မီအားကစားရုံကြီးဖြစ်စေရေး စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံထိန်းသိမ်းနေရမည်ဖြစ်ကြောင်း၊ အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်

**အားကစားမြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်း နှင့် လူငယ်များ၏စိတ်ဓာတ်(Mind Set)ကို ပြုပြင်ပေးခြင်းပင်ဖြစ်သဖြင့် နောင်လာမည့် ဆယ်စုနှစ်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုး တိုးတက်ပြီး မြန်မာ့အားကစား တစ်ခေတ် ဆန်းလာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြစေလို။**

သောကြောင့် အားကစားနှင့်ပတ်သက်ပါက အားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့ နိုင်ငံ၏ အားကစားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်း လျက်ရှိသည်ကိုတွေ့ရှိရပြီး အဆင့်အတန်းတစ်ခုသို့ ရောက်ရှိနိုင်ရေး အခြေခံကျကျ စဉ်းစားဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍတိုးတက်ရေး သည် ချက်ခြင်းဆောင်ရွက်၍မရဘဲ အဆင့်ဆင့်ပြန်လည် ပြင်ဆင်၍ စနစ်တကျလုပ်ဆောင်သွားရမည်ဖြစ်ကာ နောင်လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း ဖွံ့ဖြိုးတိုးတက် လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ “မြန်မာ့ အားကစားကမ္ဘာကိုလွှမ်းရမည်”ဟူသည်မှာ မြန်မာ့အား ကစားလုပ်ဆောင်မှုများသည် ကမ္ဘာတစ်ဝန်းကို လွှမ်းမိုး နေရမည်ဟုမဆိုလိုဘဲ မြန်မာတို့၏ ရိုးရာအားကစား နည်းများကို ကမ္ဘာကသိရှိစေရေး ဆောင်ရွက်ရမည်ဖြစ် ပြီး ရိုးရာအားကစားနည်းများ၏ အဆင့်အတန်းမြှင့်မား ရေး၊ နိုင်ငံတကာအားကစားပွဲများတွင် ထည့်သွင်းယှဉ် ပြိုင်နိုင်ရေးတို့အတွက်လည်း ဆက်လက်လုပ်ဆောင် သွားရမည်ဖြစ်ကြောင်း။

**ဖြည့်ဆည်းပေးရမည်**

အားကစားသည် လူငယ်ကို အခြေခံသည်ဖြစ်သဖြင့် ကျောင်းများ၊ တက္ကသိုလ်များတွင် အားကစားပွဲများ ကျင်းပ ပြုလုပ်ပေးရန်နှင့် စာပေသင်ကြားမှုအချိန်ဇယား တွင် အားကစားနှင့် ကာယလှုပ်ရှားမှုကို အချိန်သတ်မှတ် ထည့်သွင်းဆောင်ရွက်ရန်နှင့် အမှန်တကယ် လုပ်ဆောင် နိုင်စေရေးအတွက်လည်း ဖြည့်ဆည်းပေးရမည်ဖြစ် ကြောင်း၊ အသက်အရွယ်အလိုက်၊ အတန်းအလိုက် အားကစားပွဲများ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသ ကြီးအဆင့် အားကစားပွဲများမှတစ်ဆင့် အရည်အချင်း ရှိသည့် အားကစားသမားများကို စိစစ်ရွေးချယ်ဖော်ထုတ် ပြီး မြေတောင်မြှောက်ပေးရမည်ဖြစ်ကြောင်း။

အားကစားသမားများအတွက် လေ့ကျင့်ရန်နှင့် ပြိုင်ပွဲများပြုလုပ်နိုင်ရန် အဆင့်မီသည့် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ၊ လေ့ကျင့်ရေးအထောက်အကူပြု ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ် ကြောင်း၊ အားကစားသမားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်းကျွမ်းကျင်မှုတို့အတွက်လည်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပြီး အားကစားသမားများ စိစစ်ရွေးချယ်ရာ၌ သက်ဆိုင်ရာ အားကစားတစ်ခုချင်း အလိုက် ပင်ကိုယ်အရည်အသွေးကောင်းမွန်မှုအပြင် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ထွားမှု၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတို့ကိုလည်း ထည့်သွင်းစိစစ်ရွေးချယ်ကြရန် လို ကြောင်း၊ အားကစားကွင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေး လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်အဆင့် အထိ မိုးလုံလေလုံအားကစားကွင်း၊ ရေကူးကန်၊ မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ ပွဲကြည့်စင်တို့ မဖြစ် မနေရှိရမည်ဖြစ်ပြီး အားကစားလုပ်ဆောင်မှုများကို အားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ထိုသို့ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံ့ လက်ရွေးစင်အားကစားသမားများအနေဖြင့်လည်း သတ် မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာမှုရှိ ရန်၊ စိတ်ပါဝင်စားစွာဖြင့် တန်ဖိုးထားဂုဏ်ယူစွာ ယှဉ်ပြိုင် ကစားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့လက်ရွေး စင်အားကစားသမားများ၏ ဘဝအာမခံချက်ရှိစေရေး အတွက်လည်း လုပ်ဆောင်ပေးရမည်ဖြစ်ပြီး ထိုက်သင့်သည့် ချီးမြှင့်ငွေများ၊ ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးရမည်ဖြစ် ကြောင်း၊ အားကစားနှင့်သက်ဆိုင်သည့်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အားကစားကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်သွားရန် လို ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်နိုင်ရေး public sport area များ၊ အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိပြီး အားကစားမှုုးများနှင့် ညှိနှိုင်း၍ နေရာဒေသအလိုက် အားကစားပွဲများကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဒေသအသီးသီးရှိ နိုင်ငံတော်အဆင့်ကစားပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားမြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းနှင့် လူငယ်များ၏စိတ်ဓာတ်(Mind Set)ကို ပြုပြင်ပေးခြင်းပင်ဖြစ်သဖြင့် နောင်လာမည့်ဆယ်စုနှစ်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး မြန်မာ့အားကစား တစ်ခေတ်ဆန်းလာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားရုံအတွင်း ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် သုဝဏ္ဏအားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ သုဝဏ္ဏဘောလုံးအားကစားကွင်းသို့ ရောက်ရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် က သုဝဏ္ဏဘောလုံးအားကစားကွင်း သမိုင်းအကျဉ်းနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ လေ့ကျင့်ရေးကွင်းများ ထပ်မံတည်ဆောက်ထားရှိမှု၊ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ လက်ခံကျင်းပခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘောလုံးအားကစားသည် ကမ္ဘာတွင်ထင်ရှားပြီး ပရိသတ်အများအပြား အားပေးသည့် အားကစားတစ်ခုဖြစ်သည့်အပြင် နိုင်ငံ၏ အားကစားအဆင့်အတန်းကိုလည်း အလွယ်တကူ တွေ့မြင်နိုင်သည်ဖြစ်သဖြင့် အချိန်ယူလေ့ကျင့်ရန် လိုအပ်မည်ဖြစ်ကာ ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေး ငယ်ရွယ်စဉ်ကတည်းကပင် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုသုဝဏ္ဏဘောလုံး အားကစားကွင်းတွင် ဘောလုံးအားကစားတစ်ခုတည်းအတွက်သာမက ပြေးခုန်ပစ်နှင့် အခြားအားကစားနည်းများကိုပါ လေ့ကျင့်ခြင်းနှင့် ပြိုင်ပွဲများယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သဖြင့် အကျိုးရှိစွာဖြင့် လေ့ကျင့်ဆောင်ရွက်ကြစေလိုကြောင်းနှင့် အခြားလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘောလုံးအားကစားကွင်းအတွင်းရှိ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းမအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

■ ■ ■

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၉)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

( ၂၇ - ၁၂ - ၂၀၂၁ )



တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၉) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဒီဇင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါ တပ်မတော်သူနာပြုနှင့် ဆေးဘက် ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန် မြို့တော်ဝန်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက် ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းတပ်ခွဲ များ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် သင်တန်းတပ်ခွဲများက တပ်မတော်

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၉)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား မင်းကိုကိုခန့်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသား ကျော်တိုးနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသား ဟိန်းသက်စိုးတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၆)မှ အကောင်းဆုံး သင်တန်းသူဆုရရှိသူ သင်တန်းသူ သဥ္ဇာထွေး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ အေးအေးမျိုးနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ဇွန်ဖူးငုံ တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် “ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့်အမျိုးသားတပ်မတော်အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်” ဟူသည့်တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာ တက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ လေ့ကျင့်သင်ကြားပေးလျက်ရှိရာတွင် သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာသိပ္ပံဘွဲ့နှင့် သူနာပြု သိပ္ပံဘွဲ့(ပေါင်းကူး) ရရှိသူ စုစုပေါင်း ၅၀၀၀ ကျော်ကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

**သင်ကြားပေးခဲ့ပြီးဖြစ်**

အမိတက္ကသိုလ်မှ စစ်မြေပြင်တွင် ခြေလျင်တပ်စုတစ်စုကို ဦးဆောင်တိုက်ပွဲဝင်နိုင်စေရန် စစ်ပညာရပ်များကို လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆေးပညာရပ်တွင်လည်း စစ်မြေပြင်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာနည်းပညာကျွမ်းကျင်သူပညာရှင်များ ဖြစ်သည်အထိ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့်သင်ကြားပေးသည့် ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်မှ ရရှိလာမည့် အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး “ကျွမ်း ကျင်ကူညီဆေးစစ်သည်” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားမိသားစုဝင်များ၊ တိုင်းရင်းသားပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ် ငန်းများကို အပြည့်အဝဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော် လျှောက်လှမ်းခဲ့သည့် သမိုင်းစဉ်တစ်လျှောက်တွင် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် တပ်မတော်သား သူနာပြုများသည် အထက်မှပေးအပ်သည့် တာဝန်၊ ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန် စစ်ဆင်ရေးပေါင်းများစွာတွင် တပ်မတော်သားသူနာပြုများသည် ဆေးအကာအကွယ်ပေးရေးတာဝန်များကို စွန့်စွန့်စားစားလိုက်ပါ ထမ်းဆောင်ခဲ့ကြပြီး စစ်ဆင်ရေးတာဝန်ကို ရဲစွမ်းသတ္တိအပြည့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသဖြင့် စစ်ဘက်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်များဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူတစ်ဦး၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ကိုးဦးရှိခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင်ကမ္ဘာ့သူနာပြုလောကတွင် အမြင့်ဆုံးဆုဖြစ်သော မြန်မာ့ပထမဆုံး ဖလောရင့် နိုက်တင်ဂေးဆုရှင် ဗိုလ်မှူး ဒေါ်ခင်အုန်းမြသည်လည်း သူနာပြုအတတ်ပညာစွမ်းရည်ဖြင့် တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ထိုသို့စွမ်းရည်ရှိသည့် တပ်မတော်သူနာပြုများ၏ စွမ်းဆောင်မှုများကို စံနမူနာယူပြီး ကောင်းမြတ်သည့် သူနာပြုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို

အခြားနိုင်ငံများနည်းတူ ခံစားရချိန်တွင် တပ်မတော်သားများသည် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ငွေအား၊ လူအား၊ စိတ်ဓာတ်ခွန်အားများဖြင့် ရသမျှ အထောက်အကူပြုပစ္စည်းမျိုးစုံကိုအသုံးပြုပြီး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် တပ်မတော်ဆေးမှူးပါရဂူဆရာဝန်များနှင့်အတူ သူနာပြုတပ်ဖွဲ့ဝင်များသည်လည်း ရှေ့တန်းကျကျ ပါဝင်ထမ်းဆောင်ခဲ့ကြကြောင်း။

**တီထွင်ကြံဆလုပ်ဆောင်**

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် အနောက်တိုင်းဆေးပညာရပ်များကို လေ့လာဆည်းပူးနေသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာရပ်သည်လည်း အများပြည်သူ အားကိုးအားထားရသည့် ပညာရပ်တစ်ခုဖြစ်ခြင်းကြောင့် ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ လုပ်ဆောင်နေရမည်ဖြစ်ကြောင်း။

တိုင်းရင်းဆေးဝါးဖော်စပ်မှု အပိုင်းတွင်လည်း စစ်မှန်ပြီး အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးကုန်ကြမ်းပစ္စည်းများကို ရွေးချယ်အသုံးပြုခြင်းနှင့် ဆေးဝါး အရည်အသွေးကို ထိန်းသိမ်းနိုင်စေရန်အတွက် ဖော်စပ်မှုအဆင့်တိုင်းတွင် အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ "နွယ်မြက် သစ်ပင် ဆေးဖက်ဝင်၏" ဟူသည့် ဆိုရိုးစကားအတိုင်း မိမိတို့နိုင်ငံတွင်လည်း ဆေးဝါးထုတ်လုပ်နိုင်သည့် ဆေးဖက်ဝင် သစ်ပင်မျိုးစုံနှင့် သစ်ဥသစ်ဖုများသည် နိုင်ငံအနှံ့အပြား ပေါက်ရောက်လျက်ရှိခြင်းကြောင့် တာဝန်ကျရာ ဒေသအသီးသီးတွင်ရှိသည့် ဆေးဖက်ဝင်အပင်မျိုးစုံကို မိမိတို့ တတ်ကျွမ်းနားလည်ထားသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး သုတေသနလုပ်ငန်းများကိုကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**ထိရောက်တွင်ကျယ်စွာအသုံးပြုလာ**

ယနေ့ခေတ် နိုင်ငံတကာဆေးပညာနယ်ပယ်တွင် Telemedicine နည်းပညာကို စစ်မြေပြင် ဆေးပညာ (Military Medicine) အဖြစ် ထိရောက်တွင်ကျယ်စွာ အသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ Telemedicine ဆိုသည်မှာ ရုပ်သံဆက်သွယ်မှု နည်းပညာများကို အသုံးပြုပြီး ဝေးကွာသောဒေသများသို့ ဆေးအကာအကွယ်ပေးခြင်းနှင့် ဆေးဘက်ဆိုင်ရာကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်၏ စစ်မြေပြင် ဆေးပညာနယ်ပယ်နှင့် အရိုးရောဂါကုသမှုနယ်ပယ်များတွင်လည်း Telemedicine နည်းပညာကို ခေတ်နှင့်အညီ အသုံးပြုလျက်ရှိသောကြောင့် ပြောင်းလဲတိုးတက်နေသည့် ဆေးဘက်ဆိုင်ရာ နည်းပညာရပ်များကို သိရှိနားလည်ပြီး လက်တွေ့အသုံးချနိုင်သူများ ဖြစ်ရန် စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမည်ပင် ဖြစ်ကြောင်း။

တပ်မတော်သားဘဝကို ခံယူပြီးဖြစ်သည့်အတွက်ကြောင့်လည်း စစ်ဘက်ဥပဒေအပြင်၊ နယ်ဘက်ဆိုင်ရာ ဥပဒေများကိုပါ လေးစားလိုက်နာပြီး သူနာပြုနှင့် ဆေးဘက် ပညာသည်များ ဖြစ်သောကြောင့် ဆေးဘက်ဆိုင်ရာ ကျင့်ထုံးဥပဒေများကိုပါ လိုက်နာရမည့်နည်းတူ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာကိုလည်း သာမန်ထက်ပိုပြီး စောင့်ထိန်းသွားကြရမည်ဖြစ်ကြောင်း၊ စစ်သည်တော်ကောင်းတစ်ဦးဖြစ်လာစေရေး စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဟူသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံ

> "ကျွမ်းကျင်ကူညီဆေးစစ်သည်"ဟူသည့် ကြွေးကြော်သံနှင့်အညီ တပ်မတော်သား မိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သူများဖြစ်စေရေး ကြိုးစားသွားကြရမည်ဖြစ်၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်တီထွင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်၊ ခေတ်မီတပ်မတော်တည်ဆောက်ရာတွင် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပြီး သူနာပြုနှင့် ဆေးဘက်ပညာဆိုင်ရာ အထူးကျွမ်းကျင်သူများဖြစ်လာစေရေး မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို။

အောင် ပြုမူကျင့်ကြံပြီး သူနာပြုများ ခံယူကျင့်သုံးအပ်သည့် အဓိဋ္ဌာန်ပြု ကတိသစ္စာ ၉ ချက်နှင့်အညီ စောင့်ထိန်းလိုက်နာကာ နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ယူအားထားရသည့် သူနာပြုနှင့်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်များဖြစ်စေရေး စောင့်ထိန်းလိုက်နာ ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

**မှတ်ကျောက်တင်နိုင်ခဲ့**

တပ်မတော်၏ သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ပကျူးကျော်သူများနှင့် ဖောက်ပြန်သည့် နိုင်ငံရေးအင်အားစုများသည် တပ်မတော်ကိုဖြိုခွဲရန် အကြိမ်ကြိမ် ကြံစည်ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့ဘဲ တပ်မတော်၏ စည်းလုံးညီညွတ်မှုသာ မှတ်ကျောက်တင်ခံနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိပြီး တပ်မတော်၏အားကို တပ်မတော်အတွင်း၌ပင် အခြေခံတည်ဆောက်သွားရမည် ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်အားလုံးအကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များတူမည်ဆိုပါက စည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုကို စိတ်ဓာတ်ဖြင့်သာ တည်ဆောက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ စိတ်ဓာတ်ကောင်းမွန်စေရေး တစ်ဦးချင်း စည်းကမ်းလိုက်နာစောင့်ထိန်းမှု ကောင်းမွန်ရန် အရေးကြီးကြောင်း၊ လိုက်နာရန် လိုအပ်သည်များကို လိုက်နာပြီး စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကို ထိန်းသိမ်း ဆောင်ရွက်ခြင်းဖြစ်ပြီး မိမိ၏လက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကာ ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန် ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း။

**"ကျွမ်းကျင်ကူညီ ဆေးစစ်သည်"**ဟူသည့် ကြွေးကြော်သံနှင့်အညီ တပ်မတော်သားမိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သူများဖြစ်စေရေး ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်တီထွင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်မီတပ်မတော်တည်ဆောက်ရာတွင် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပြီး သူနာပြုနှင့် ဆေးဘက်ပညာဆိုင်ရာ အထူးကျွမ်းကျင်သူများဖြစ်လာစေရေး မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် သင်တန်းတပ်ခွဲများ၏အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကား ပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းကာလ လေးနှစ်တာကာလတစ်လျှောက်လုံး ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိခဲ့ကြသည့်အတွက် ဝမ်းမြောက်အသိအမှတ်ပြုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ စည်းကမ်းသတ်မှတ်ချက်များအရ မိဘများအနေဖြင့် အခမ်းအနားတက်ရောက်နိုင်ခဲ့ခြင်းမရှိသော်လည်း မိဘများအနေဖြင့် ဂုဏ်ယူဝမ်းမြောက်နေကြမည်ပင်ဖြစ်ကြောင်း၊ မိဘများအနေဖြင့်လည်း သာမန်ဝန်ထမ်းများနှင့် အခြေခံမိသားစုများ ဖြစ်သည်ကိုတွေ့ရှိရပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ အခက်အခဲများကြားမှ ပြုစုပျိုးထောင်ပေးခဲ့ရမည်ကို နားလည်စာနာမိပါကြောင်းနှင့် မိဘများ၏ ကျေးဇူးကို ပြန်ဆပ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း သင်တန်းကာလ လေးနှစ်တာကာလပတ်လုံး စစ်သားကောင်းများဖြစ်လာစေရန်၊ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများဖြစ်လာစေရန် စစ်ပညာ၊ စာပေပညာတို့ကို အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် သင်ကြားပေးခဲ့သည်ဖြစ်သဖြင့် မိမိတို့သင်ယူခဲ့ရသည့် ပညာရပ်များကို အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို စစ်သားကောင်းပီသစွာဖြင့် ထမ်းဆောင်ရန်လိုကြောင်း၊ မိဘများအနေဖြင့် ပြောဆိုဆုံးမနေခြင်း

သည် သားသမီးများ၏ ဘဝကောင်းမွန်ရေးကို လိုလားမှုကြောင့်သာဖြစ်သကဲ့သို့ တပ်မတော်က စည်းကမ်းတင်းကြပ်စွာဖြင့် ထိန်းကျောင်းကြပ်မတ်နေခြင်းမှာလည်း တပ်မတော်သားတိုင်း၏ ဘဝတစ်လျှောက်လုံး စည်းကမ်းစနစ်တကျဖြင့် နေထိုင်ကျင့်ကြံဖြတ်သန်းပြီး လူနေမှုဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် မိဘ၊ တိုင်းပြည်နှင့်တပ်မတော်အတွက် အဖိုးတန်လူသားအရင်းအမြစ်များ နစ်နာမှုမရှိစေရန် ထိန်းသိမ်းနေခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရန်လိုကြောင်း။

တပ်မတော်သားတို့၏ ဘဝနှင့် ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် တာဝန်ထမ်းဆောင်ရန် ရွေးချယ်တက်ရောက်ခဲ့သူများဖြစ်သည့်အတွက် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတွင် စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်သွားရန်နှင့် တတ်မြောက်ထားသည့် ဘာသာရပ်များအလိုက် တပ်မတော်နှင့် ပြည်သူတို့ကို အလုပ်အကျွေးပြုကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထူးချွန်စွာ သင်တန်းဆင်းခဲ့သူများဖြစ်သဖြင့် ဘဝတိုးတက်မှု၊ အောင်မြင်မှုတို့အတွက် အခွင့်အလမ်းများစွာရှိပြီး ပညာများကို ဆက်လက်လေ့လာသင်ယူဆည်းပူး၍ မိမိတို့နယ်ပယ်အလိုက် နာမည်ကောင်းရရှိပြီး ထူးချွန်သူများ၊ ကိုယ်ရည်ကိုယ်သွေးရှိသူများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မိမိစိတ်ကို အလိုမလိုက်ဘဲ သွားသင့်သည့်နေရာကိုသာ သွားရန်၊ ပေါင်းသင့်သည့်သူကိုသာပေါင်းရန်၊ လုပ်သင့်သည့်အလုပ်ကိုသာ လုပ်ရန်နှင့် ပြောသင့်သည်ကိုသာ ပြောရန်ဟူသည့် သင့်လေးသင့်ကို လိုက်နာသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၈ - ၁၂ - ၂၀၂၁ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာလ ၂၈ ရက်၊ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့သို့သွားရောက်၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကိုကိုးကျွန်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်နယ်မှ တာဝန်ရှိသူများက လေဆိပ်တွင် လှိုက်လှဲစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နယ်မြေခံရေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမတွင် ရေတပ်စခန်းမှူးက ဒေသဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကိုကိုးကျွန်းမြို့နေ ဒေသခံပြည်သူများနှင့် ကုန်စည်များအား တပ်မတော်မှရေယာဉ်၊ လေယာဉ်များဖြင့် အပတ်စဉ်၊ လစဉ် အခမဲ့ ပို့ဆောင်ပေးနေမှုအခြေအနေ၊ အုန်းနှင့် အုန်းထွက်ပစ္စည်းလုပ်ငန်း ဆောင်ရွက်

နေမှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်းအောင်နှင့် အဖွဲ့ဝင်များကကြိုဆိုနှုတ်ဆက်ကြပြီး ဆေးရုံအစည်းအဝေးခန်းမတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆေးရုံသမိုင်းအကျဉ်း၊ နှစ်အလိုက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် ဒေသခံများ၏ကျန်းမာရေးကဏ္ဍတိုးတက်လာသည့်အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ၊ ရေ၊ မီး လိုအပ်ချက်များကို ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်မှု၊ ကာကွယ်ဆေးထိုးနှံမှု၊ အသိပညာပေးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် ရောဂါပိုးအတည်ပြုလူနာတစ်ဦးတစ်ယောက်မျှမရှိသည်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေ၊ တပ်မတော်၏ ကျန်းမာရေးကူညီစောင့်ရှောက်မှု၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးမှုတို့ကြောင့် ဒေသခံများ၏ ကျန်းမာရေးတိုးတက်လာမှုအခြေအနေနှင့် ဆေးရုံတွင်လိုအပ်လျက်ရှိသည်များကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသသည် ယခင်က သွားလာရေးနှင့် စားသောက်ရေးတို့တွင် များစွာအခက်အခဲများရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ချိန်မှစ၍ ကိုကိုးကျွန်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမြဲမပြတ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ယခင်ကထက် များစွာတိုးတက်ပြောင်းလဲလာပြီ ဖြစ်သော်လည်း လိုအပ်ချက်များရှိနေဦးမည်ဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေး၊ ကျန်းမာရေးတို့အတွက် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

> **မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရေး စီမံကိန်း (နှစ် – ၃၀) ကို ယခင်ကအတိုင်း ဆက်လက်သင်ကြား ဆောင်ရွက်ပေးလျက်ရှိ၊ ယခင်ဆောင်ရွက်ခဲ့သည့် သင်ရိုးများမှ မိမိတို့နိုင်ငံ၏ လူမှုရေးစနစ်နှင့် မကိုက်ညီသည်များကိုသာ တည်းဖြတ်ဆောင်ရွက်ထားခြင်းဖြစ်၊ မိမိတို့နိုင်ငံ၏ ပညာရေးသည် ၂၀၁၉–၂၀၂၀ ခုနှစ် ပညာသင်နှစ်အထိ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းများ များစွာလျော့နည်းခဲ့ခြင်းကြောင့် ပညာရေးစနစ်အားနည်းခဲ့၊ ပညာသင်ကြားရေး စနစ်ကောင်းမွန်စေရေး ဆရာ၊ ဆရာမများ ပြည့်စုံမှုရှိအောင် ဖြည့်ဆည်းရန်လိုအပ်။**

ကိုကိုးကျွန်းသည် အခြားကျွန်းများနှင့်မတူဘဲ လမ်းပန်းဆက်သွယ်ရေးဝေးကွာမှု အခက်အခဲများ၊ ရာသီဥတုအခက်အခဲများရှိခြင်းကြောင့် တပ်မတော်အနေဖြင့် ဒေသ ဖွံ့ဖြိုးတိုးတက် စေလိုသည့် ရည်ရွယ်ချက်ဖြင့်သာ အစဉ်အဆက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးနေခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် နယ်မြေခံတပ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတို့ အတူတကွ ဝိုင်းဝန်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးနှင့် နေရေး၊ စားရေးတို့တွင် အဆင်ပြေမှု ရှိလာပြီဖြစ်သဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာတွင် များစွာတိုးတက်ကောင်းမွန်လာပြီး ကျန်းမာရေးဆိုင်ရာများတွင်လည်း တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရသဖြင့် ဝမ်းသာပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကို တာဝန်ပေးအပ်ရာတွင် အလှည့်ကျစနစ်ဖြင့် မဟုတ်ဘဲ နှစ်ကာလအပိုင်းအခြားဖြင့် တာဝန်ထမ်းဆောင်စေရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများအနေဖြင့် ဒေသခံလူထု၏

ကျန်းမာရေး အခြေအနေများနှင့် လိုအပ်ချက်များကို အတွင်းကျကျ သိရှိနိုင်မည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကိုလည်း ဖိဖိစီးစီးဖြင့် အပြည့်အဝ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသ၏ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ညီညီညွတ်ညွတ်ဖြင့် အတူတကွဝိုင်းဝန်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းခန်းမ၌ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေမှုအခြေအနေ၊ ဆရာ၊ ဆရာမများလိုအပ်ချက်ရှိမှုနှင့် ခန့်အပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းပေးရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသတွင် လူသားအရင်းအမြစ်များ လုံလောက်စွာရှိစေရေး ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်မှုများကို ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် အဓိကလိုအပ်သည့် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကိုလည်း တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝေးလံခေါင်းပါးသည့်ဒေသတွင် တာဝန်ထမ်းဆောင်ရသည့်သူများ ဖြစ်သဖြင့် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရေး စီမံကိန်း (နှစ် – ၃၀) ကို ယခင်ကအတိုင်း ဆက်လက်သင်ကြားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် သင်ရိုးများမှ မိမိတို့နိုင်ငံ၏ လူမှုရေးစနစ်နှင့် မကိုက်ညီသည်များကိုသာ တည်းဖြတ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပညာရေးသည် ၂၀၁၉–၂၀၂၀ ခုနှစ်ပညာသင်နှစ်အထိ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းများများစွာလျော့နည်းခဲ့ခြင်းကြောင့် ပညာရေးစနစ်အားနည်းခဲ့ကြောင်း၊ ပညာသင်ကြားရေးစနစ် ကောင်းမွန်စေရေးဆရာ၊ ဆရာမများပြည့်စုံမှုရှိအောင် ဖြည့်ဆည်းရန်လိုအပ်ကြောင်း၊ နိုင်ငံတည်ဆောက်မှု State Building၊ Nation Building များဆောင်ရွက်ရာတွင် အခြေခံအားဖြင့်နိုင်ငံအတွင်းပညာတတ်များ အများအပြားပေါ်ထွက်လာရန် မဖြစ်မနေလိုအပ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားရာတွင် အတန်းပညာများအား အမှန်တကယ် တတ်မြောက်ရန် လိုအပ်သကဲ့သို့ အသိပညာများ ရှိစေရန်အတွက်လည်း စာအုပ်စာပေများ ဖတ်ရှုလေ့လာစေရေး တိုက်တွန်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ကျောင်းနေအရွယ်တွင် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး အနိမ့်ဆုံးအဆင့် KG + 9 (အခြေခံပညာအလယ်တန်း) အဆင့်ပြီးမြောက်သည်အထိ သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ ပြည်သူများအားလုံး အတန်းပညာများ ရှိရန်လိုအပ်သဖြင့် ကျောင်းသား၊ ကျောင်းသူများအားလုံး မူလတန်းမှစ၍ တက္ကသိုလ်ပြီးဆုံးသည်အထိ အတတ်နိုင်ဆုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာများတိုးတက်မြင့်မားရေး စာဖတ်ရှိန်မြှင့်တင်ရန်လည်း လိုအပ်ကြောင်း မှာကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်က နိုင်ငံတော်၏ တာဝန်အား ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်အား ပြည်သူများ၏ ဆန္ဒနှင့်အညီ

ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာ၊ ဆရာမများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ ကျွန်းပတ်လမ်းနှင့် နယ်မြေခံတပ် ဌာနချုပ်များကိုလည်းကောင်း၊ ဂျယ်ရီကျွန်းနှင့်ကျွန်းမကြီးအား ကျွန်းဆက်လမ်းဖောက်လုပ်မည့် အခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ အုန်းနှင့်အုန်းထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိကြပြီး အုန်းဆီသန့်စက်ရုံ၊ အလှဆင်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းနှင့် အုန်းဆံကြိုးစက်ရုံတို့အတွင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အုန်းထွက်ပစ္စည်းများအား သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့်ပေါင်းစပ်၍ ယခုထက်ပိုမိုထုတ်လုပ်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်နှင့် ထုတ်ကုန်များအားဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ရောင်းချနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုနှင့် Green House များအတွင်း သီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

■ ■ ■

# ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၂၈ - ၁၂ - ၂၀၂၁ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာလ ၂၈ ရက်၊ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိ ရပ်ဖများအား မြို့တော်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ကိုကိုးကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်း၊ ရပ်မိရပ်ဖများဖြစ်ကြသည့် ဦးအောင်ဇော်၊ ဦးကြည်၊ ဦးမောင်မြင့်၊ ဦးသိန်းထွန်းနှင့် ဦးမောင်သန်းတို့က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသခံလူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် အခြေအနေ၊ ကျန်းမာရေးအတွက် ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်များနှင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ ဖြည့်ဆည်းစေလွှတ်ပေးစေလိုသည့်အခြေအနေ၊ ရေယာဉ်များဆိုက်ကပ်ပါက အဆင်ပြေစေရေးအတွက် ကမ်းထိုးတံတား မွမ်းမံဆောင်ရွက်ပေးစေလိုသည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးစေလိုသည့် အခြေအနေနှင့် ဒေသခံများ စိတ်အပန်းပြေစေရေး ဆောင်ရွက်ပေးစေလိုသည့် အခြေအနေ၊ သောက်ရေသုံးရေအတွက် အဓိကအားထားနေရသည့် ကိုကိုးရေလှောင်တမံ၏ ကြံ့ခိုင်ရေး၊ ရေလုံလောက်မှုရှိစေရေးဆောင်ရွက်ပေးစေလိုသည့်အခြေအနေ၊ ကိုကိုးကျွန်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

ပေးလျက်ရှိသဖြင့် ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက်၍လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ကူညီ ဆောင်ရွက်ပေးစေလိုသည့် အခြေအနေများနှင့်ပတ်သက်၍ တင်ပြကြသည်။

**ရှင်းလင်းပြောကြား**

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးခင်ရီ၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေးတို့က သက်ဆိုင်ရာကဏ္ဍအသီးသီးနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားရာ၌ ကိုကိုးကျွန်းမြို့နယ်၏ သွားဘက်ဆိုင်ရာ ဆရာဝန်လိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးမည့် အခြေအနေ၊ ပညာရေးလိုအပ်ချက်များနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ လူငယ်လူရွယ်များ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ဒေသခံဘွဲ့ရလူငယ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၌ သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်တာဝန်ပေးသွားနိုင်မည့် အခြေအနေ၊ ပို့ဆောင်ဆက်သွယ်ရေး လိုအပ်ချက်များအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ အားကစားနှင့်ပတ်သက်၍ ဘောလုံးအားကစားကွင်း၌ ပွဲကြည့်စင်လိုအပ်ချက် ဖြည့်ဆည်းပေးသွားမည့်အခြေအနေနှင့် အခြားအားကစားနည်းများအတွက်လည်း လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများကို ဖြည့်ဆည်းပေးသွားမည့်အခြေအနေ၊ ပန်းခင်းစီမံချက်ကို နိုင်ငံတော်စီမံချက်အဖြစ် ဆောင်ရွက်၍ အသက်အရွယ်ပြည့်မီသူ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေး အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုပြန်လည် ဆွေးနွေးပြောကြားကြသည်။

**ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အားကစားပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဆက်သွယ်ရေး Sim Card နှင့် ငွေဖြည့်ကတ်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ECG စက်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက်ဝန်ကြီးများမှ တိုက်ရိုက်ဖြေရှင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ အစိုးရတစ်ရပ်၏ စွမ်းဆောင်ရည် ကောင်းမွန်ခြင်းသည် အရည်အချင်းပြည့်ဝသည့်ဝန်ထမ်းများရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် ခန့်အပ်ထားသည့် ဝန်ထမ်းများ အနေဖြင့် အရည်အချင်းများပြည့်ဝရမည် ဖြစ်သဖြင့် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပါက ဝန်ထမ်းခန့်အပ်ခွင့်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်တမ်းများအရ ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်တွင် ကျောင်းစတင် တက်ရောက်သူဦးရေ ၁၁သမ၅ သန်း ရှိပြီး တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိသူဦးရေမှာ ၂၇၀၀၀၀ ကျော်ခန့်သာ ရှိခဲ့သဖြင့် ကျောင်းစတင် တက်ရောက်ခဲ့သူများအနက် ၉၀ ရာခိုင်နှုန်းသည် တက္ကသိုလ်ဝင်တန်းအောက် ပညာအရည်အချင်း၌သာ ရှိမည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရည်မြင့်မားရေးအတွက် ငယ်ရွယ်စဉ်ကတည်းကပင် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုပြီး အမှန်တကယ် တတ်မြောက်အောင်သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။

**ကြိုးစားလုပ်ဆောင်ခဲ့ရ**

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေစဉ်ကာလများအတွင်း ကျန်းမာရေးကုသမှုလုပ်ငန်းများကိုကျန်းမာရေးဝန်ထမ်း၊ ဆေးဝါး၊ အောက်ဆီဂျင်နှင့် အခြားအခက်အခဲမျိုးစုံ၊ အကျပ်အတည်းမျိုးစုံတို့ကြားမှ မရရသည့် နည်းလမ်း

များဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ တက်ညီလက်ညီနှင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ကိုဗစ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့သည့် အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကိုကိုးကျွန်း၌ သွားဘက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း အခက်အခဲများရှိသည်ဟု သိရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေလိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့မှုများရှိခဲ့ကြောင်း၊ သို့သော်လည်း နိုင်ငံဝန်ထမ်းလိုအပ်ချက်များကို ဖြစ်နိုင်သည့် နည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ပညာရေးကို အားပေးမြှင့်တင်**

ဒေသခံများ၏ တင်ပြချက်များတွင်ပါဝင်သည့် ဒေသအတွက် အမှန်တကယ် လိုအပ်ချက်များကို အတတ် နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းမွန်မှုရှိရန်နှင့်ပညာရေးကောင်းမွန်မှုရှိရန် ဖြစ်သဖြင့် ဒေသခံများက မိမိကိုယ်ကိုဂရုစိုက်နေထိုင်ရန်နှင့်ပညာရေးကို အားပေးမြှင့်တင်ကြရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းကို ဖန်တီးကြရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကောင်းအတွက် မိမိယခင် လာရောက်စဉ်ကတည်းကပင် ခြံစည်းရိုးကာရံပေးခြင်းများ၊ လမ်းဖောက်ပေးခြင်းများ၊ သွပ်အမိုးအကာလဲပေးခြင်းများနှင့် သန့်ရှင်းသာယာလှပရေးတို့ကို လုပ်ဆောင်ပေးခဲ့ကြောင်း၊ အမြင်ကောင်းပါက စိတ်ကြည်လင်ပြီး သန့်ရှင်းသပ်ရပ်မှုကို လူတိုင်း နှစ်သက်ကြသည်မှာ လူတို့၏ စိတ်သဘောပင်ဖြစ်ကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ခြင်းသည် သက်ရှည်ကျန်းမာမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ နှစ်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ၆၅ ဒသမ ၅ နှစ်၊ ၂၀၁၇ ခုနှစ်တွင် ၆၇ ဒသမ ၄ နှစ်ရှိခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအနက် သက်တမ်းအနည်းဆုံး နိုင်ငံတစ်ခုဖြစ်နေကြောင်း၊ ကျန်းမာရေးတစ်ခုတည်းသာမက ပညာရေး၊ စီးပွားရေးကောင်းရန်လိုအပ်မည်ဖြစ်ပြီး ပညာတတ်မှသာ အသိအမြင်များဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ အုန်းနှင့်ပတ်သက်သည့် အခြေခံစီးပွားရေးကို ယခုထက်ပိုမိုအောင်မြင်အောင် တိုးမြှင့်လုပ်ဆောင်ရန်လိုကြောင်း၊ အုန်းနှင့် အုန်းထွက်ပစ္စည်းလုပ်ငန်းကို ကိုကိုးကျွန်းမှ ပထမဆုံးလုပ်ဆောင်ခဲ့ခြင်းဖြစ်သဖြင့် စံပြဖြစ်အောင် လုပ်ဆောင်ခြင်းဖြင့် ဒေသ၏ လူနေမှုဘဝကို တိုးတက်မြင့်မားအောင်လုပ်ဆောင်ကြစေလိုကြောင်း၊ နေ့စဉ်သုံးကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ များကို အခြားဒေသများမှ မှာယူစားသုံးနေရသည့် ဒေသဖြစ်ခြင်းကြောင့် ထိုသို့ဝယ်ယူနိုင်ရေး ဝင်ငွေရရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသ၏အဓိကထွက်ကုန်ဖြစ်သည့် အုန်းထွက်ပစ္စည်းလုပ်ငန်းကို အောင်မြင်အောင် လုပ်ဆောင်ကြစေလိုကြောင်း။

**အသုံးမှ အဖြုန်းသို့ မဖြစ်စေရေး**

ရေ၊ မီးရရှိမှုနှင့် ပတ်သက်၍ စနစ်ကျနစွာသုံးစွဲရေး၊ အသုံးမှအဖြုန်းသို့ မဖြစ်စေရေး၊ လမ်းများကောင်းမွန်

> ကျန်းမာရေး ကောင်းမွန်မှုရှိရန်နှင့် ပညာရေးကောင်းမွန်မှုရှိရန်ဖြစ်သဖြင့် ဒေသခံများက မိမိကိုယ်ကို ဂရုစိုက်နေထိုင်ရန်နှင့် ပညာရေးကို အားပေးမြှင့်တင်ကြရမည်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းကို ဖန်တီးကြရမည်ဖြစ်၊ ပတ်ဝန်းကျင်ကောင်းအတွက် မိမိယခင်လာရောက်စဉ်ကတည်းကပင် ခြံစည်းရိုးကာရံပေးခြင်းများ၊ လမ်းဖောက်ပေးခြင်းများ၊ သွပ်အမိုးအကာလဲပေးခြင်းများနှင့် သန့်ရှင်းသာယာလှပရေးတို့ကို လုပ်ဆောင်ပေးခဲ့၊ အမြင်ကောင်းပါက စိတ်ကြည်လင်ပြီး သန့်ရှင်းသပ်ရပ်မှုကို လူတိုင်းနှစ်သက်ကြသည်မှာ လူတို့၏ စိတ်သဘောပင်ဖြစ်၊ ထို့ပြင်ပတ်ဝန်းကျင်သည် သန့်ရှင်းသပ်ရပ်ခြင်းသည် သက်ရှည်ကျန်းမာမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်။

စေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ပတ်သက်၍ တစ်ဦးချင်းအသိစိတ်ဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ နိုင်ငံတော်အဆင့် လုပ်ဆောင်နေသည့် ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သော်လည်း အချက်အလက်များမှန်ကန်မှုရှိရန် အရေးကြီးမည်ဖြစ်ကြောင်း၊ လူဦးရေနည်းပါးသည့် မြို့နယ်ဖြစ်သဖြင့် စနစ်ကျနသည့် အုပ်ချုပ်မှုပုံစံဖြင့် ရှိရမည်ဖြစ်ပြီး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စိတ်ပါဝင်စားစွာ လုပ်ဆောင်ကြစေလိုကြောင်း၊ ကိန်းဂဏန်းအချက်အလက် မှားယွင်းမှုများ မဖြစ်စေရေး၊ မြို့နှင့်ပတ်သက်သည့် မှတ်တမ်းများ၊ သမိုင်းမှတ်တမ်းများကို စနစ်တကျပြုစုဆောင်ရွက်ခြင်းဖြင့် ခေတ်မီပြီး စည်းစနစ်ကျနသည့် မြို့တစ်ခုအဖြစ်ပုံဖော် တည်ဆောက်ကြရန်လိုကြောင်း၊ အချုပ်အားဖြင့် ပြောရမည်ဆိုပါက ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက်ဖြေရှင်း ဖြည့်ဆည်းပေးနိုင်ရေး ဝန်ကြီးများကို တစ်ပါတည်း ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ကျသူများနှင့် နေထိုင်သူများဖြစ်သည့် တပ်မတော်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်းပြီး ဒေသတိုးတက်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

( ၃၀ - ၁၂ - ၂၀၂၁ )





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁)ကို ဒီဇင်ဘာလ ၃၀ ရက်၊ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာ ချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ ဒေါက်တာ ဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် အစိုးရတစ်ရပ်သည် အဓိကအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာများကို ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် အစိုးရအဖွဲ့၏ လုပ်ဆောင်မှုများသည် အရေးကြီးကြောင်း၊ မိမိတို့ တာဝန်ယူချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်အား ပြန်လည်ဖွဲ့စည်းခြင်း၊ မဲစာရင်းများအားပြန်လည်စိစစ်ခြင်း၊ တာဝန်ရှိသူများအား ဖော်ထုတ်အရေးယူခြင်းများကို ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခု အထိအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း တာဝန်ရှိသူများက တက်ကြွစွာဖြင့် ဦးဆောင်ဆောင်ရွက်ခဲ့မှု၊ ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်မှုများနှင့် စည်းကမ်းလိုက်နာပြီး ပူးပေါင်းဆောင်ရွက်မှု၊ အိမ်နီးချင်း

နိုင်ငံများ၏ ကူညီပေးခဲ့မှုများကြောင့် ကိုဗစ် – ၁၉ တတိယလှိုင်းအား အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး ယခုအခါ ကူးစက်မှုနှုန်းများစွာ လျော့နည်းလာပြီဖြစ်သဖြင့် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့် စည်းကမ်းချက်တချို့ကို တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း၍ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း၊ သို့သော် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး(အိုမီခရွန်) ကူးစက်မှု အချို့ရှိခြင်းကြောင့် သတိထားဆောင်ရွက်ရန်လိုကြောင်း၊ ကိုဗစ်–၁၉ ရောဂါကူးစက်မှုများ ဖြစ်ပွားခဲ့ချိန် အတွေ့အကြုံများကြောင့် ယခုအခါ ဆေးရုံများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးအတွက် အောက်ဆီဂျင်နှင့် ကုသဆေးများအပြင် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း။

**ပုံမှန်ပြန်လည် လည်ပတ်လာပြီ**

ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းသွားသည့် နိုင်ငံ၏စီးပွားရေး ပြန်လည်တိုးတက်မှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်သည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဦးစားပေးပြီး အားပေးဆောင်ရွက်ပေးလျက်ရှိသဖြင့် နိုင်ငံစီးပွားရေးအတွက်များစွာ အထောက်အကူပြုကြောင်း၊ အလားတူ စက်ရုံအလုပ်ရုံများအနေဖြင့်လည်း ကိုဗစ် –၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူအကြမ်းဖက်လုပ်ရပ်များကြောင့် စက်ရုံအလုပ်ရုံအချို့ ရပ်နားထားခဲ့ရသော်လည်း ယခုအခါ စက်ရုံအလုပ်ရုံအချို့မှလွဲ၍ စက်ရုံအလုပ်ရုံအားလုံးနီးပါး ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းသွားပြီဖြစ်သဖြင့် ခရီးသွားကဏ္ဍသည်လည်း ပြန်လည်လည်ပတ်လာပြီး အဆိုပါလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများ အားလုံးနီးပါး ပုံမှန်ပြန်လည်လည်ပတ်လာပြီဖြစ်ကြောင်း၊ သို့သော်အချို့သောလုပ်ငန်းများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ကန့်သတ်ချက်များကြောင့် ထိန်းသိမ်းဆောင်ရွက်နေရခြင်းများရှိကြောင်း၊ လုပ်ငန်းများပုံမှန် ပြန်လည် လည်ပတ်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး ပြန်လည်နလန်ထူလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ပိုမိုတင်ပို့နိုင်ခဲ့**

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် အမြဲတမ်းဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါတွင် ညှိနှိုင်းမှုများကြောင့် မကြာမီအချိန်အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အကျိုးကျေးဇူးများ တိုးတက်ရရှိမည်ဟု မျှော်လင့်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် လုပ်ဆောင်ဖွယ်ရာများလုပ်ဆောင်ပြီးပါက ရွေးကောက်ပွဲအသစ် ပြန်လည်ပြုလုပ်၍ အနိုင်ရရှိသည့်ပါတီအား အာဏာပြန်လည်လွှဲပြောင်းပေးရန်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအားလုံး အဆင်ပြေချောမွေ့စေရန် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ်တွင် များစွာမူတည်ပြီး မိမိတို့အစိုးရတစ်ဖွဲ့တည်းအနေဖြင့် ဆောင်ရွက်၍မရကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ ပထမအချက်မှ

> **ဝန်ကြီးဌာနများအလိုက် စက်သုံးဆီများသုံးစွဲရာတွင်လည်း လုပ်ငန်းကိုမထိခိုက်စေဘဲ လျှော့ချ၍ရသည်များကို လျှော့ချဆောင်ရွက်ရန်လို၊ ကုန်သွယ်မှုအရ ရငွေများရရှိအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ထုတ်ကုန်များ ယခုထက် ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်ရန်လို၊ ထို့ကြောင့်ပြည်ပသို့ တင်ပို့သည့်ထုတ်ကုန်များအား အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လို၊ အလားတူ ပြည်တွင်း၌လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ရန်လို။**

စတုတ္ထအချက်အထိ လုပ်ငန်းစဉ်များသည် နောက်ဆုံးလုပ်ငန်းစဉ်ချောမွေ့စွာဖြင့် အောင်မြင်စေရေးအတွက် လမ်းခင်းပေးထားခြင်းဖြစ်သဖြင့် အဆိုပါလုပ်ငန်းစဉ်လေးရပ်အား ထိရောက်အောင် ဆောင်ရွက်မည်ဆိုပါက နောက်ဆုံးလုပ်ငန်းစဉ်အတွက် အဟန့်အတား ဖြစ်စေနိုင်ကြောင်း၊ လက်ရှိအခြေအနေတွင် မိမိတို့အနေဖြင့် မူဝါဒများ ပြောင်းလဲမည် မဟုတ်ကြောင်း။

**ပိုမိုတင်ပို့နိုင်ခဲ့**

ပြီးခဲ့သည့် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာ သုံးလတာကာလအတွင်း ပို့ကုန်များအထိုက်အလျောက် တင်ပို့နိုင်ခဲ့ပြီး ထိုသို့တင်ပို့ရာတွင် လယ်ယာထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ သွင်းကုန်များနှင့် ပတ်သက်၍လည်း စားအုန်းဆီများနှင့် စက်သုံးဆီများတင်သွင်းမှုကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာနများ အလိုက် စက်သုံးဆီများသုံးစွဲရာတွင်လည်း လုပ်ငန်းကို မထိခိုက်စေဘဲ လျှော့ချ၍ရသည်များကို လျှော့ချဆောင်ရွက်ရန်လိုကြောင်း၊ ကုန်သွယ်မှုအရ ရငွေများရရှိအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ထုတ်ကုန်များ ယခုထက် ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ပြည်ပသို့ တင်ပို့သည့်ထုတ်ကုန်များအား အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အလားတူပြည်တွင်း၌လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ GDP ကို ကုန်သွယ်မှု လုပ်ငန်းတစ်ခုတည်းဖြင့် တွက်ချက်၍မရသော်လည်း ကုန်သွယ်မှုပမာဏ များပြားလာခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်အောင် အထောက်အကူပြုနိုင်ကြောင်း၊ စားသောက်ကုန်နှင့် သုံးကုန်များထက် အခြားကုန်ထုတ်လုပ်မှုကို ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝန်ကြီးဌာနများအလိုက် အချက်အလက်များ သိမ်းဆည်းထားရှိရန် လိုအပ်မှုနှင့် ပတ်သက်၍ပြောကြားရာ၌ "ကျွန်တော်တို့တိုင်းပြည်မှာ တစ်ချက်ဘာလဲဆိုတော့ မနေ့ကစီးပွားရေးကော်မတီမှာလည်း ကျွန်တော်ပြောပါတယ်။ Data နဲ့ပတ်သက်တဲ့ အားနည်းချက် ကျွန်တော်တို့မှာရှိတယ်။ ကျွန်တော်တို့အစိုးရတင် မဟုတ်ပါဘူး။ ဟိုအရင် အစိုးရအဆက်ဆက်လဲ ဒီလိုပါပဲ။ Data နဲ့ ပတ်သက်တဲ့ အားနည်းချက်ရှိတယ်။ မှတ်တမ်းမှတ်ရာမရှိကြဘူး။ ကျွန်တော်တို့ သူများရဲ့ကျွန်ဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ မှတ်တမ်းတွေ ဖျက်ဆီးခံရတဲ့အတွက်ကြောင့်ပါပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ သမိုင်းမှတ်တမ်းတွေမရှိဘူး။ အထောက်အထားတွေ တချို့ရှာရ တော်တော်ခက်ပါတယ်။ တချို့အချက်အလက်တွေက အင်္ဂလိပ်ကနေ ရေးသားထုတ်ဝေခဲ့တဲ့ အချက်အလက်တွေ အပေါ်မူတည်ပြီး ကျွန်တော်တို့ ပြန်ကြည့်ရတာရှိပါတယ်။ ကျွန်တော်တို့ဆီက ထုတ်ပြန်တဲ့အချက်အလက်တွေမှာ တချို့ပေပေါ်မှာ ရေးတဲ့ဟာတွေ။ ပေနဲ့တင်တာကြတော့လည်း ဆေးကျမ်းတွေကပိုများတယ်။ ကျန်တဲ့ဟာတွေ ရှိသလားဆိုတော့ မရှိဘူးတော့မဟုတ်ဘူး ရှိတော့ရှိတယ်။ သို့သော် ဆေးကျမ်းတွေက ပိုများပါတယ်။ အကြောင်းတစ်ခုခုသိချင်လို့ ကျွန်တော်တို့လိုက်ရှာပြီဆိုရင် တော်တော်ခက်ခက်ခဲခဲရှာရတယ်။ Data တွေ။ ဒါကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနတွေအနေနဲ့ အချက်အလက်တွေကို သေချာလေးဆောင်ရွက်ပေးထားဖို့၊ မှတ်ထားပေးဖို့ လိုပါတယ်။ ပိုဆိုးတာကတော့ ကျွန်တော်တို့က ရန်ကုန်ကနေ နေပြည်တော်ကို ရုံးတွေပြောင်းတဲ့အခါမှာ အချက်အလက်တချို့ကို မလိုပါဘူးကွာ ဆိုပြီး ထားပစ်ခဲ့တယ်။ အဲဒီလိုနဲ့ ကျွန်တော်တို့က ဖြစ်လာခဲ့တယ်။ အဲဒီတော့ဒီမှာ ကြည့်လို့ရှိရင် တချို့သောအချက်အလက်တွေ ဒီမှာမရှိဘူး။ တချို့က ရန်ကုန်မှာရှိနေတယ်။ ဥပမာ အမျိုးသားစာကြည့်တိုက်ဆိုရင် တချို့စာရွက်စာတမ်းက ရန်ကုန်မှာရှိတယ်။ ဒီမှာမရှိဘူး။ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ရန်ကုန်မှာတချို့ပစ္စည်းတွေရှိတယ်။ တချို့ပစ္စည်းတွေက ဒီမှာရှိတယ်။ မနေ့တစ်နေ့ကပဲ ပြင်ဦးလွင်ကို သွားတော့ ပြင်ဦးလွင်ဘူတာမှာရှိတဲ့ အခန်းတစ်ခန်းကို ကျွန်တော်က ငါ့ပြစမ်းပါဆိုပြီးပြောတော့ ပထမတော့ အဲဒီအခန်းကို ပိတ်ထားတယ်။ ဖွင့်ပြစမ်းပါဆိုပြီး ဖွင့်ကြည့်တော့အထဲမှာ ဟိုရှေးခေတ်ကဓာတ်ပုံတွေ သွားတွေ့တယ်။ မီးရထားစက်ခေါင်း ပုံတွေ၊ ဘူတာပုံတွေ သွားတွေ့တယ်။ သိပ်တန်ဖိုးရှိတယ်။ တော်တော်တန်ဖိုးရှိတဲ့ပုံတွေ သွားတွေ့တယ်။ မှတ်တမ်းမှတ်ရာ ထားသိုမှုနဲ့

ပတ်သက်ပြီးတန်ဖိုးကို တချို့နားမလည်ဘူး။ ငါတို့ ဘယ်လိုပြောင်းလဲလာသလဲ။ ဘယ်လိုပြောင်းလဲလာသလဲဆိုတာကို သိဖို့လိုပါတယ်။ ငါတို့ဝန်ကြီးဌာနတွေ၊ ငါတို့ရဲ့လုပ်ဆောင် ချက်တွေ ဘယ်လိုပြောင်းလဲလာသလဲ။ ငါ့တို့ နိုင်ငံရေး၊ စီးပွားရေး ဘယ်လိုပြောင်းလဲလာသလဲ။ ငါတို့ရဲ့ စီးပွားရေး ပုံစံတွေ ဘယ်လိုပြောင်းလဲလာသလဲ။ ဥပမာအားဖြင့် စိုက်ပျိုးရေးဆိုရင် စပါးနဲ့ ပတ်သက်ပြီး ဘယ်လိုပြောင်းလဲသွားသလဲ။ ပဲနဲ့ပတ်သက်ပြီး ဘယ်လိုပြောင်းလဲသွားသလဲ။ ဆီနဲ့ပတ်သက်ပြီး ဘယ်လိုပြောင်းလဲသွားသလဲ။ ရာဘာစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဘယ်လိုပြောင်းလဲသွားသလဲ။ ရာဘာထုတ်ကုန်ပစ္စည်း ဘယ်လိုပြောင်းလဲသွားသလဲ စသည်ဖြင့် ဒီလိုမျိုးကစပြီး ကျွန်တော်တို့တိုင်းပြည်က မှတ်တမ်းမှတ်ရာရှိဖို့လိုတယ်။ ဒီခေတ်က ပိုပြီးလွယ်ပါတယ်။ ဒီခေတ်က ကျွန်တော်တို့လက်လှမ်းမီတယ်။ လွန်ခဲ့တဲ့ ၁၀ စုနှစ်နှစ်ခု၊ သုံးခုလောက်အထိ လှမ်းပြီး Data ပြန်ကောက်လို့ရတယ်။ ဒါတွေက လုပ်ထားပြီးရင်နောင် ၁၀ နှစ်၊ ၁၅ နှစ်ကျရင် နှစ်ပေါင်း ၅၀ ဖြစ်လာမယ်။ ကျွန်တော်တို့က လွန်ခဲ့တဲ့ နှစ် ၃၀ က Data ကို ပြန်ကောက်နိုင်လို့ရှိရင် နောင်အနှစ် ၂၀ ကျရင် အဲဒီ Data သည် နှစ် ၅၀ ကြာတဲ့ Data ဖြစ်သွားမယ်။ အဲဒီ နှစ် ၅၀ အချိန်မှာနောက် Data ကောက်တဲ့သူတွေ ကောက်တဲ့အခါ နှစ် ၅၀ Data ကို ရတယ်ဆိုပြီး သူတို့မှာက ပိုတန်ဖိုးရှိတယ်။ ကျွန်တော်တို့ အရှေ့က အဲဒီလို Data တွေ ထိန်းသိမ်းနိုင်မှုမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ တော်တော်ခက်ခက်ခဲခဲ လုပ်ရတာရှိတယ်။ ဒါလေးတွေကို ဝန်ကြီးဌာနတွေအနေနဲ့ ဒီအားနည်းချက်ကိုပြင်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်" ဟု ပြောကြားသည်။

**ပထမဦးစားပေးဆောင်ရွက်လျက်ရှိ**

ထို့နောက် မိမိတို့အစိုးရသည် အချိန်ကာလတို တစ်ခုအတွင်းသာ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်သည့် အစိုးရအဖွဲ့ဖြစ်သဖြင့် ရေရှည်လုပ်ငန်းများထက် လတ်တလော အကောင်အထည်ဖော် ဆောင်ရွက်၍ ရသည်များကိုသာ ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အားကစားကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် ကာလတိုအတွင်း ဆောင်ရွက်၍ရသည်များကို ပထမဦးစားပေး ဆောင်ရွက်လျက်ရှိပြီးပညာရေးကဏ္ဍနှင့်ပတ်သက်၍လည်း နိုင်ငံတော်၏ အမျိုးသားပညာရေးစီမံကိန်း (နှစ် – ၃၀) အတိုင်းသာ ဆောင်ရွက်လျက်ရှိကာ ယခင်ဆောင်ရွက်ခဲ့သည့် သင်ရိုးများမှ မိမိတို့နိုင်ငံ၏ လူမှုရေးစနစ်နှင့် မကိုက်ညီသည်များကိုသာ တည်းဖြတ်ဆောင်ရွက်ခြင်းများသာ ရှိကြောင်း၊ ဌာနဆိုင်ရာအဆောက်အဦများ တည်ဆောက်ရာတွင်လည်း အကုန်အကျသက်သာပြီး လက်တွေ့ဆောင်ရွက်နိုင်သည့် အဆောက်အဦများကို ပုံစံတူသာ တည်ဆောက်ကြရန်လိုကြောင်း၊ အလားတူ တက္ကသိုလ်များ၊ စာသင်ဆောင်များ၊ ခန်းမများနှင့် အားကစားခန်းမများ တည်ဆောက်ရာတွင်လည်း ရေရှည်အတွက် စဉ်းစားတွက်ချက်၍ စနစ်တကျဖြင့် တည်ဆောက်ကြရန်အတွက် တာဝန်ရှိသူများက ကြပ်မတ်ကွပ်ကဲကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**အခွန်အခများ ပြည့်ပြည့်ဝဝရရှိနိုင်ရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းပြည်၏အခွန်အကောက်နှင့် ပတ်သက်၍ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် စီးပွားရေးယန္တရားများတုံ့ဆိုင်းခဲ့ရပြီး အထွေထွေဝင်ငွေများ လျော့နည်းမှုရှိခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရသင့်ရထိုက်သည့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိနိုင်ရေး ဆောင် ရွက်ကြရန်လိုအပ်ကြောင်း၊ အခွန်အခလျှော့ပေါ့ပေးနိုင်ရေးကိစ္စရပ်များ တင်ပြကြရာတွင်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့်၊ လျှော့ပေါ့သင့် လျှော့ပေါ့ထိုက်သည့် အခြေအနေများရှိမှသာ သုံးသပ်တင်ပြ ဆောင်ရွက်ကြစေလိုကြောင်း။

ပြည်ပကုန်သွယ်မှုတွင် ပိုငွေပြသော်လည်း နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရာတွင် လိုငွေပြနေကြောင်း၊ ယင်းမှာ အခွန်အကောက်များ လျာထားချက်ပြည့်မီစွာမရရှိခြင်း၊ မြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားကွာဟချက် ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ အနေဖြင့် နိုင်ငံခြားသုံးငွေနှင့်ပတ်သက်၍ တတ်နိုင်

သမ္မ ဖြိုးဖြဲ့ရေးတာကြရန်နှင့် နိုင်ငံခြားငွေပိုမိုရရှိစေရေး နည်းလမ်းများ ရှာဖွေဆောင်ရွက် သွားကြရန်လိုကြောင်း၊ ပြည်ပသို့ ပို့ကုန်များတင်ပို့ရာတွင် ကုန်ကြမ်းတင်ပို့ ရောင်းချခြင်းထက် တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ အဖြစ် ထုတ်လုပ်တင်ပို့ ရောင်းချသွားကြရန်လိုကြောင်း၊ တိုင်းပြည်၏ သယံဇာတပစ္စည်းများအား ထိထိရောက် ရောက်အသုံးချ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး နည်းလမ်းရှာဖွေ ဆောင်ရွက်သွား ကြရန်လိုကြောင်း။

ကုန်သွယ်ရောင်းဝယ်မှုများ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံသုံး ယွမ်ငွေနှင့် မြန်မာကျပ်ငွေ တိုက်ရိုက် လဲလှယ်သုံးစွဲနိုင်ရန် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ နှင့်လည်း နှစ်နိုင်ငံသုံးငွေကြေးများ တိုက်ရိုက်လဲလှယ် သုံးစွဲနိုင်ရန်အတွက် သဘောတူညီမှုများရရှိထားပြီး ဖြစ်ပြီး ဆက်လက်ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်မျှော်တွေးပြီး ဆောင်ရွက်ကြ ရန်လိုကြောင်း။

**ထိုးနှံ့ပြီးစီး**

ကိုဗစ်ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်၍ ဒီဇင်ဘာလတွင် နိုင်ငံလူဦးရေ၏ ၁၈နှစ်နှင့်အထက် ၅၀ ရာခိုင်နှုန်း ထိုးနှံ့ပြီးစီးရန်လျာထားပြီး ကျန်းမာရေးဝန်ကြီး ဌာန၏ တင်ပြချက်အရ ၁၈ နှစ်နှင့်အထက် ၅၁ ရာခိုင်နှုန်း ကျော်နှင့် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူ ၈၇ ရာခိုင်နှုန်းကျော် ထိုးနှံ့ပြီးစီးပြီဟုသိရကြောင်း၊ ကိုဗစ် ကာကွယ်ဆေးထိုးပြီးသော်လည်း ကိုဗစ်စည်းမျဉ်းစည်း ကမ်းများကို ဆက်လက်လိုက်နာသွားကြရန်နှင့် တစ်နိုင်ငံ လုံး၏ အမျိုးသားရေးနှင့် ဆိုင်သော အမျိုးသားအကျိုး စီးပွားဖြစ်သည့်အတွက် တာဝန်ရှိသူများကလည်း ကြပ်ကြပ် မတ်မတ် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဝန်ကြီးဌာနပိုင် မြေနေရာများတွင် ကျူးကျော်နေထိုင် ခြင်းများ မရှိစေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုအပ်သလို ကြိုတင်ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဥပဒေအတိုင်း ဆောင်ရွက်၍ရသည်များ ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း၊ မူဝါဒပိုင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအလိုက် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြား ချက်များ ရှိပြီးဖြစ်ကြောင်း၊ အဓိကမှာ နိုင်ငံ၏ အကျိုး စီးပွားကို ဦးတည်ဖော်ဆောင်ရန် လိုအပ်ကြောင်း။

**အကောင်းဆုံးလုပ်ဆောင်**

၂၀၂၂ ခုနှစ်သည် စိန်ရတုပြည်ထောင်စုနေ့၊ ၂၀၂၃ ခုနှစ်သည် စိန်ရတုလွတ်လပ်ရေးနေ့တို့နှင့် တိုက်ဆိုင် နေကြောင်း၊ တိုင်းသူပြည်သားများအနေဖြင့် မိမိတို့ နိုင်ငံအတွက် နိုင်ငံချစ်စိတ်၊ ဇာတိမာန်တို့ဖြင့် ဂုဏ်ယူ နေစေရန် အကောင်းဆုံး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပိုမိုအလေးပေး ဆောင်ရွက်သွားကြရန်နှင့် စိန်ရတုအခမ်း အနားများ ဖြစ်မြောက်ရေးအတွက် အကောင်းဆုံး ပံ့ပိုး ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁၀- ၁၂ - ၂၀၂၁ )

ယနေ့သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) ထုတ်ပြန်ခဲ့သည့် (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခါသမယ ဖြစ်ပါသည်။ ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့တွင် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ပြုလုပ်ကျင်းပလေ့ရှိသည့်အားလျော်စွာ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာအသိုက်အဝန်းနှင့်အတူ ဤအထိမ်းအမှတ်အခါသမယကို ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ပြီး ဧပြီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါသည်။ လွတ်လပ်ရေးရပြီး များမကြာမီ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ပြုလုပ်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ထောက်ခံမဲပေးခဲ့ပါသည်။

**သတ်မှတ်ခဲ့ခြင်းဖြစ်**

မဲခွဲဆုံးဖြတ်မှုရလဒ်အရ ကုလသမဂ္ဂအထွေထွေညီလာခံက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့ပြီး အဆိုပါ ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

လူ့အခွင့်အရေးသည် လူသားအားလုံးရပိုင်ခွင့်ရှိသည့် ပယ်ဖျက်၍မရသော မွေးရာပါအခွင့်အရေး ဖြစ်သော်လည်း မိမိတို့၏ အခွင့်အရေးများကို ရရှိခံစားရာတွင် သူတစ်ပါး၏ အခွင့်အရေးများကို လေးစားတန်ဖိုးထားပြီး ထိခိုက်နစ်နာဆုံးရှုံးမှုမရှိရလေအောင် ကျင့်သုံးခြင်းမှာလည်း လူ့အခွင့်အရေး၏ အရေးပါသော အနှစ်သာရတစ်ရပ် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အဓိက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights – ICESCR)၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child– CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination Against Women – CEDAW)နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities – CRPD) တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များနှင့် ဆက်စပ်သည့်နောက်ဆက်တွဲ သဘောတူစာချုပ်အချို့ကိုလည်း ပါဝင်ချုပ်ဆိုခဲ့ပါသည်။

**ပြဋ္ဌာန်းကျင့်သုံးလျက်ရှိ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ပြဋ္ဌာန်းထားသကဲ့သို့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များပါ အခွင့်အရေးများကို ရရှိခံစားနိုင်

ရေးအတွက် ပြည်တွင်း ဥပဒေများကိုလည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိပါသည်။

(၇၃)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Equality – Reducing inequalities, advancing human rights" ဖြစ်ပြီး မြန်မာမှုပြုပါက "တန်းတူညီမျှဖို့ မညီမျှတာလျှော့ချကာ လူ့အခွင့်အရေးကိုမြှင့်တင်ကြ" ဖြစ်ပါသည်။ "လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်" ဟူသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁)ပါ ဖော်ပြချက်နှင့်လည်း ဆက်နွှယ်လျက်ရှိပါသည်။ တန်းတူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေးတို့သည် လူ့အခွင့်အရေး၏ အခြေခံအကျဆုံးသော အနှစ်သာရများလည်းဖြစ်သည့်အတွက် ကဏ္ဍအသီးသီးတွင် မညီမျှမှုများနှင့် ခွဲခြားဆက်ဆံမှုများ မရှိစေရေး ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူပြည်သားများ၏ လူ့အခွင့်အရေးများ တန်းတူခံစားရရှိနိုင်ရေးနှင့် မညီမျှမှုများ လျှော့ကျစေရေးတို့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အပါအဝင် အခြားသက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ချိတ်ဆက်ပူးပေါင်း၍ အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။

## ရှေ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်

အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း လက်ရှိကာလသည် လူသားများ၏ အခြေခံအကျဆုံး အခွင့်အရေးတစ်ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်ကို အဓိကခြိမ်းခြောက် အန္တရာယ်ပြုလျက်ရှိသည့် ကိုဗစ်–၁၉ ကပ်ရောဂါကို တစ်ကမ္ဘာလုံးက ရင်ဆိုင်ကြုံတွေ့နေကြရသည့်ကာလဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြည်သူများကပ်ရောဂါဘေးမှ ကင်းလွတ်စေရေးအတွက် သက်ဆိုင်ရာနိုင်ငံအစိုးရများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ချိတ်ဆက်ထိတွေ့၍ ရောဂါကာကွယ်ဆေးထိုးနှံပေးရေးအစီအစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း မည်သူကိုမျှ ခွဲခြားချန်လှပ်ခြင်းမရှိဘဲ ပြည်သူအားလုံး တန်းတူညီမျှ ကာကွယ်ဆေးထိုးနှံခွင့်ရရှိရေးအတွက် အဓိကဦးစားပေး အစီအစဉ်တစ်ရပ်အနေဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် ပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးလုပ်ငန်းများအား အမြန်ဆုံးကုစားနိုင်ရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်လည်း ရှေ့လုပ်ငန်းစဉ် တစ်ရပ်အဖြစ် ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

**အဓိကကျ**

ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခွင့်အရေးများကို အပြည့်အဝခံစားရရှိပြီး ယင်းတို့၏ လူမှုဘဝမြင့်မားလာစေရေးနှင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးမှာ အဓိကကျပါသည်။

သို့ပါ၍ နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များကို အလေးထားအကောင်အထည်ဖော်လျက်ရှိပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို သာတူညီမျှ ရရှိခံစားနိုင်ရေးအတွက် မျှော်မှန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးအခြေအနေများ ဟန်ချက်ညီညီ မြင့်မားလာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် တန်းတူညီမျှမှုရှိရေး အားလုံးပါဝင်နိုင်ရေးနှင့် ခွဲခြားဆက်ဆံမှုမရှိရေး စသည့်လူ့အခွင့်အရေး အခြေပြုနည်းလမ်းများကို လေးစားလိုက်နာ ကျင့်သုံးဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းပါသည်။

■ ■ ■

# (၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၁၅ - ၁၂ - ၂၀၂၂ )

**ချစ်ကြည်လေးစားအပ်ပါသော ရခိုင်တိုင်းရင်းသား မိတ ပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား -**

ယနေ့ကျရောက်သော (၄၇) နှစ်မြောက် ရခိုင်ပြည်နယ် နေ့တွင် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားသွေးချင်း ညီအစ်ကို မောင်နှမများနှင့် နိုင်ငံ တစ်ဝန်းလုံးရှိ မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းကောင်းကျိုး မင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန် ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ရခိုင်တိုင်းရင်းသားတို့အတွက် အရေးပါသော နေ့ရက်များစွာမှ ထူးထူးခြားခြား ရှိသော နေ့တစ်နေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရလက်ထက်က ရေးဆွဲအတည်ပြုခဲ့ သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရခိုင်ပြည်နယ်နေ့ အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ၁၉၇၅ ခုနှစ်မှ စတင်၍ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၇) နှစ်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည် ရခိုင်ရိုးမ တောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်အကြား ကမ်း မြောင်ဒေသတွင် တည်ရှိပါသည်။ ရခိုင်ပြည်နယ်သည် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည် နှင့်အညီ အဖိုးတန်မြစ်၊ ချောင်း၊ အင်းအိုင်များ၊ ကျွန်းများ နှင့် ပြည့်နှက်လျက်ရှိပြီး တိုင်းပြည်အတွက် အဖိုးတန် သဘာဝထွက်ကုန်များကို ဖန်တီးပေးနေသောဒေသတစ် ခုလည်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည် သဘာဝပထဝီ အနေအထားအရ သဘာဝသယံဇာတတို့ ပေါကြွယ်ဝ သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ရှေးရခိုင်လူမျိုးတို့၏ ရှည်လျား သော သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှု အမွေအနှစ် များ ပေါများသော ဒေသလည်းဖြစ်ပါသည်။ ရခိုင်စာပေ သည် ဓညဝတီခေတ်ကပင် စတင်ထွန်းကားခဲ့ကြောင်း သမိုင်းဆိုင်ရာအထောက်အထားများအရ တွေ့ရှိရသည့် အတွက် စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးစံများစသည်တို့ တွင် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်များ ပေါများလှသည့် ပြည်နယ်ဒေသတစ်ခုပင် ဖြစ် ပါသည်။ ရှေးရခိုင်ဘုရင်များလက်ထက်မှသည် ယနေ့ အချိန်အထိ ရဟန်းစာဆို၊ လူစာဆိုများသာမက ရခိုင် လူမျိုးပညာရှိများ၊ ပညာရှင်များ များစွာပေါ်ပေါက်ခဲ့ပြီး နိုင်ငံ့အကျိုးထမ်းဆောင်ခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့မြင် ရပါသည်။

ရခိုင်ပြည်နယ်သည် သဘာဝပထဝီအနေအထား အရ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အခြားဒေသများ နှင့် နှိုင်းစာလျှင် ဖွံ့ဖြိုးမှုနောက်ကျ ကျန်နေခဲ့ရပါသည်။ ခေတ်အဆက်ဆက် အစိုးရလက်ထက်တွင် ဆောင်ရွက် ခဲ့သော်လည်း တပ်မတော်အစိုးရလက်ထက်တွင် ရခိုင် ပြည်နယ်ကို အခြားဒေသများထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျမကျန်ရစ်နေစေရန် လမ်းပန်းဆက်သွယ်ရေး အထူးအလေးထားဆောင်ရွက်ခဲ့သည့်အတွက်ပြည်ထောင်စု ဖွားတိုင်းရင်းသားသွေးချင်းဒေသများသို့ အချိန်မနှေးဘဲ ကူးလူးဆက်ဆံသွားနိုင်သဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအား ပို၍ပို၍ တိုးပွားစေခဲ့ပါသည်။

ရခိုင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး တိုး တက်လာမှုနှင့်အတူ အခြားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး တို့သည်လည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိပါသည်။ ထို့

အပြင် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိနေပါသည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရခိုင်လူမျိုးတို့၏ ဒေသဆိုင်ရာထုတ်ကုန်များအား ပြည်တွင်း၊ ပြည်ပပျံ့နှံ့စေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသခံတစ်ဦးချင်း၏ ဝင်ငွေလည်းတိုးပွားလာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့အား ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ရခိုင်ပြည်နယ် ပြည်သူလူထု၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် ရခိုင်ပြည်နယ်၏ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့သည် များစွာတိုးတက်ဖြစ်ထွန်းလာခဲ့ပါသည်။ မိမိတို့နိုင်ငံတွင် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ရှိသဖြင့် စီးပွားရေးမြှင့်တင်မှုများဆောင်ရွက်ချိန်တွင် ကျေးလက်နှင့် မြို့ပြကွာခြားချက်များ အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရန် လိုအပ်သည့်အတွက် ရခိုင်ပြည်နယ်ဒေသ၏ ကျေးလက်နေပြည်သူများဘဝတိုးတက်အောင် စဉ်းစားဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ ရခိုင် ပြည်နယ်သည် ရေရှည်အကျိုးစီးပွားများဖြစ်ထွန်းမည်ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကိုနိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုများအတွက် ရရှိလာသည့် ကိုဗစ်-၁၉ကာကွယ်ဆေးအား အချိန်မီပို့ဆောင်၍ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ မည်သည့်သွေးချင်းတိုင်းရင်းသားလူမျိုးမဆို အရှိန်အဟုန်မပျက် ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

တိုင်းပြည်၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေးပဋိပက္ခများကိုအခြေခံသည့် ရိုက်ခတ်မှုကြောင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား နိုင်ငံရေးဝါဒမတူညီမှု၊ အယူအဆမတူညီမှုများနှင့်သံသယများကို တိုးပွားစေပြီး လက်နက်ကိုင်ပဋိပက္ခများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုပဋိပက္ခများကိုဖြေရှင်းနေရခြင်းကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို၊ တရားမျှတမှုအပြည့်ကျင့်သုံးပြီးဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရန် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားများအားလုံး အေးအတူ၊ ပူအမျှအတူတကွယှဉ်တွဲနေထိုင်ရင်း အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ပေးကြရမည် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်ဒေသသည် မြတ်ဗုဒ္ဓ၏သာသနာထွန်းလင်းတောက်ပရာဒေသဖြစ်ခဲ့ပြီး မြောက်ဦးဒေသကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်မြို့တော်အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဂုဏ်ယူဝံ့ကြွားဖွယ်ရာအမွေအနှစ်များ၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီးအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် ရခိုင်ဒေသအတွင်းရှိပြည်သူလူထုသာမက နိုင်ငံသားတိုင်းအားလုံး တာဝန်ရှိပါသည်။ ထိုတာဝန်ကို တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ရင်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏ အကျိုးတို့ကို ထာဝစဉ်သယ်ပိုးနိုင်ပါစေကြောင်း တိုက်တွန်းနှိုးဆော်လျက် (၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကိုဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

■ ■ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက် သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-970-1-0